www.burmeseclassic.com



မောင်ဂိုမာရီ
၏
ကမ္ဘာကျော်

# အယ်လ်အာလာမိန်းတိုက်ပွဲ

ဗိုလ်မှူးကြီးကိုလေး(အငြိမ်းစား)

www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ်
၁၉၉၈ ခုနှစ်
စက်တင်ဘာလ

ဒုတိယအကြိမ်
၂၀၀၁ ခုနှစ်
ဇွန်လ

အုပ်ရေ(၃၀၀၀)အုပ်

စာမူခွင့်ပြုချက်အမှတ် ၁၃/၂၀၀၁(၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၉/၂၀၀၁(၅)

အဖုံးပုံနှိပ်
ရွှေဆောင်ပုံနှိပ်တိုက်

အတွင်းစုံနှိပ်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန
ဦးစိုးဝင်း(ဒုတိယဌာနမှူး)
မြို့တော်ပုံနှိပ်တိုက်တွင်ပုံနှိပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွါးရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွါးရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွါးရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွါးရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွါးရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com



## " လေ့လာသူတစ်ဦး၏ တင်ပြချက် "

ကျွန်တော်သည် စစ်စာပေများကို လေ့လာနေသူ တပ်မတော်သားဟောင်း တစ်ဦး ဖြစ်ပါသည်။ အားလပ်ချိန်များတွင် စစ်စာပေများကိုမပြတ် လေ့လာ ဖတ်ရှုပါ၏။ ထို့ကြောင့် မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်းမှ တိုက်ပွဲကြီး၊ တိုက်ပွဲငယ် အတော်များများကို လေ့လာခဲ့ပြီး ဖြစ်ပါသည်။ ယခု စာရှုသူတို့ လက်ဝယ် ရောက်ရှိနေသည့် ဗိုလ်မှူးကြီးကိုလေး (အငြိမ်းစား) ရေးသားသည့် ကမ္ဘာကျော် ကယ်လ်အာလာမိန်း တိုက်ပွဲကိုလည်း လေ့လာခဲ့ပြီး ဖြစ်ပါ၏။

ဤနေရာတွင် ဗိုလ်မှူးကြီးကိုလေး(အငြိမ်းစား)နှင့် စပ်လျဉ်း၍ အနည်းငယ် တင်ပြလိုပါသည်။ ကျွန်တော်သည် စာရေးသူ ဗိုလ်မှူးကြီးကိုလေး (အငြိမ်းစား)အား လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခေတ်ခန့် ၁၉၈၀ ဝန်းကျင်လောက်က စတင်သိကျွမ်း ခဲ့ပါသည်။ ထိုစဉ်က စာရေးသူအား စည်းကမ်းကောင်းသော တပ်မတော်သား တစ်ဦး၊ စွယ်စုံရအားကစားသမားတစ်ဦးနှင့် ဂီတအနုပညာကို ဝါသနာထုံသူ တစ်ဦး အဖြစ်သာ သိထားခဲ့ပါသည်။ ယခု ၁၉၉၈ ခု၊ ဤစာအုပ်ရေးသားပြုစုပြီးချိန်တွင် ပြန်တွေ့ကြရာဝယ် ဗိုလ်မှူးကြီးကိုလေး (အငြိမ်းစား)သည် ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီ၊ ဥက္ကဋ္ဌ(မြို့တော်ဝန်)အဖြစ် တာဝန်ထမ်းဆောင်လျက် ရှိနေ သည်ကို တွေ့ရပါ၏။

စစ်သားဆိုသည်မှာ အထက်ကပေးအပ်သည့် အမိန့်နှင့်တာဝန်ကို ကျေပွန် စွာ ထမ်းဆောင်နိုင်သည်ဆိုလျှင် အတော်ပင် လုံလောက်ပေပြီ။ မြို့တော်ဝန် တာဝန် ဆိုတာ ထိုသို့ မဟုတ်ပါ။ လူဦးရေ ၅ သန်းကျော်နေပြီဖြစ်သော ရန်ကုန်မြို့ကြီး၏ စည်ပင်သာယာကိစ္စအဝဝကို ဖြည့်ဆည်းပေးနေရသူ ဖြစ်ပါ၏။ မြို့တော်သူ မြို့တော်သားများ၏ မွေးဖွားသည်မှ သေဆုံးသည်အထိ ကိစ္စအဝဝကို ဆောင်ရွက် ပေးနေရသူလည်း ဖြစ်၏။ ထို့ကြောင့် အထွေထွေအရပ်ရပ်သော ဗဟိုရကိစ္စများ များလှပေ၏။ နေ့စဉ်လာရောက် တွေ့ဆုံနေကြသည့် မြို့တော်သူ မြို့တော်သားများ

www.burmeseclassic.com

www.burmeseclassic.com



၏ လိုအပ်ချက်များကို ဖြေရှင်းပေးနေရရုံသာမက နိုင်ငံတော် အကြီးအကဲများ၏ လမ်းညွှန်ချက်များကိုလည်း အဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိနေပါသည်။ ထို့ကဲ့သို့ အလုပ်များအပြင် အားကစားပြိုင်ပွဲကြီးများ၊ အလှူ အတန်းများ၊ နိုင်ငံတော် အခမ်းအနားများကိုလည်း မပျက်မကွက် တက်ရောက် ရလေ့ရှိပါသည်။

ဤမျှတာဝန်များ များပြားနေသည့်ကြားမှ တပ်မတော်အား သံယောဇဉ် ကြီးမားစွာဖြင့် စစ်စာအုပ်တစ်အုပ် ရေးထုတ်လိုက်သည် ဆိုသောအခါ အံ့သြ သွားပါ၏။ အထက်တွင် ဖော်ပြခဲ့သည့် စာအုပ်မှာ ဒုတိယကမ္ဘာစစ်ကြီး အာဖရိကတိုက် မြောက်ပိုင်း စစ်မျက်နှာတွင် ဂျာမန်ဗိုလ်ချုပ်ကြီးရွန်းမဲလ်နှင့် ဗြိတိသျှ ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီတို့ တိုက်ခိုက်ခဲ့သည့် အယ်လ်အာလာမိန်းတိုက်ပွဲပင် ဖြစ်ပါသည်။ ဤမျှ အလုပ်များ များပြားနေသည့်ကြားမှ စာပေအနုပညာဝါသနာပါ၍ စာအုပ် တစ်အုပ် ရေးထုတ်လိုက်သည်ဆိုသောအခါ အံ့သြစွာဖြင့် -

" မြို့တော်ဝန်ကြီး ဒါလောက်အလုပ်များနေတာတောင် စာရေးနိုင် သေးတယ်နော် "

ဟု ကျွန်တော်က မေးသောအခါ မြို့တော်ဝန်ကြီးက ပြုံးလျက် -

" ရေးထားတာက ကြာပါပြီဗျာ၊ ဟို- ကျွန်တော် စစ်ဦးစီးတက္ကသိုလ် တက်တုန်းက ရေးထားတာ၊ အဲဒီတုန်းက နှစ်အုပ်တောင် ရေးဖြစ်တယ်၊ အခု စာအုပ် ရယ် အစွရေးနိုင်ငံကာကွယ်ရေးစံနစ်ဆိုတာရှယ် အဲဒါ ဟိုတစ်လောက စာအုပ်ဟောင်း ရှင်းတုန်းက ဒီ အယ်လ်အာလာမိန်းတိုက်ပွဲ စာအုပ်ကို ပြန်တွေ့တယ်၊ ပြန်ဖတ် ကြည့်ရင်း တပ်မတော်သားတွေနဲ့ စစ်စာပေစိတ်ဝင်စားတဲ့လူတွေ လေ့လာဖို့ အတွက် စာအုပ်ထုတ်ချင်တာနဲ့ လိုတွာလေးတွေဖြည့်ပြီး ပြန်ရေးထုတ်လိုက်တာ နည်းနည်းတော့ အချိန်ယူ ရတာပေါ့လေ "

ဟု ပြောပါသည်။

ထိုအခါမှ စာရေးသူ၏စေတနာကို နားလည်သဘောပေါက်မိပါသည်။ ဗိုလ်မှူးကြီးကိုလေး (အငြိမ်းစား)သည် အရာရှိငယ်ဘဝက ပူးပေါင်းစစ်ဆင်ရေး

www.burmeseclassic.com

www.burmeseclassic.com



မလထီးသင်တန်းကျောင်းတွင် အချိန်အတန်ကြာအောင် တာဝန်ထမ်းဆောင်ခဲ့ဘူးပါသည်။ ထိုတပ်မှာပင် စစ်စာပေများကို အချိန်အတော်ကြာအောင် လေ့လာနိုင်ခဲ့သည်ဆို၏။ ယခုစာအုပ်ပါ တိုက်ပွဲဝင်ဗိုလ်ချုပ်ကြီးများ၏ ဇာတိချက်ကြွေ အင်္ဂလန်၊ ဂျာမနီ၊ အီတလီတို့ကိုလည်း ရောက်ခဲ့ဘူး၏။ ထို့ကြောင့် စာရေးသူ၏ စစ်အမြင်စစ်အတွေးနှင့် သုံးသပ်ချက်များမှာ တကယ့်အဖြေမှန်နှင့် တဆက်တစပ်တည်း ရှိ၏။ ဤစာအုပ်တွင် မောင်ဂိုမာရီ၏ တိုက်ပွဲကွပ်ကဲမှုအပေါ် အခြေခံသည်ဆိုသော်လည်း ရွှန်းမဲလ်၏ အားသာချက်နှင့် စွမ်းဆောင်ချက်များကိုလည်း ဖော်ထုတ် တင်ပြထားသည်ကို တွေ့ရပါသည်။ ထို့အပြင် လေ့လာသူများ မှတ်ရှုရာတွင် အလွယ်တကူ သဘောပေါက်စေသောငှာ ဒုတိယကမ္ဘာစစ်သမိုင်းမှ စ၍ အာဖရိကတိုက် စစ်မျက်နှာပြင်သို့ ဦးစွာပထမခေါ်ဆောင်သွား၏။ ထို့နောက် တိုက်ပွဲဝင်ဗိုလ်ချုပ်ကြီးများ၏ ကိုယ်ရည်ကိုယ်သွေးနှင့် ကိုယ်ရေး အတ္ထုပ္ပတ္တိ အား တင်ပြထား၏။ တိုက်ပွဲဝင်ဗိုလ်ချုပ်ကြီးနှစ်ဦးလုံးမှာ စိတ်ဝင်စားစရာ အပြည့်ရှိ၏။ လေးစားလောက်ဖွယ်ရာ အရည်အချင်းများရှိ၏။ အံ့ဩလောက်ဖွယ်ရာ စွမ်းရည်များ ရှိ၏။ ဤသည်တို့ကို ဖော်ပြထား၏။

ထို့နောက် အယ်လ်အာလာမိန်းတိုက်ပွဲအကျဉ်းကို ဆက်လက် ဖော်ပြ၏။ ပို့မှတဖန်တိုက်ပွဲစဉ် အသေးစိတ်ကိုဖော်ပြ၏။ နိဂုံးချုပ်တွင် မောင်ဂိုမာရီ၏ ကွပ်ကဲမှုအား လေ့လာသုံးသပ်၏။ သင်ခန်းစာများ ဖော်ထုတ်၏။ တကယ်ဆိုရပါက နှစ်တိုက်ချီ စစ်ကဏ္ဍကြီးလေးရပ်တွင် သူ့ဟာနှင့်သူ ဥပဒေသများရှိ၏။ ခံစစ်၏ ဥပဒေသက **မြေလုံးပြန်ဒုပတ်ပစ်ပေါင်း ပြောင်းထိုး** တိုက်စစ်၏ဥပဒေသက **ရှေ့ဆိုင်ဗ တိုက်တပ်ဟုန် ကြီးရန်ပြန် ပစ်လေထောက်** ဟူ၍ဖြစ်၏။ တိုက်စစ်တွင် Hasty attack ခေါ် ရုပ်ချည်းတိုက်စစ်နှင့် Deliberate attack ခေါ် ကြိုတင် စီမံတိုက်စစ်ဟူ၍ရှိ၏။ မောင်ဂိုမာရီ၏တိုက်စစ်မှာ အစစအရာရာပြည့်စုံစွာ စီမံထားသော ကြိုတင်တိုက်စစ်ဖြစ်၏။ ထိုတိုက်စစ်စီမံချက်မှာ ရေပက် မဝင်အောင် ပြည့်စုံလှ၏။ ထို့ကြောင့် ရက်သတ္တနှစ်ပတ်ကြာ အယ်လ် အာလာမိန်းတိုက်ပွဲကြီးတွင် သဲကန္တာရမြေခွေးကြီး Desert Fox ဟု နာမည်ကျော်ကြားနေသည့် ဂျာမန်စစ်သူကြီး

www.burmeseclassic.com

www.burmeseclassic.com



ရွှန်းမဲလ်သည် အကြီးအကျယ် အရေးနိမ့်ရလေတော့သည်။ ထိုအချိန်မှစ၍ အာဖရိကတိုက် စစ်မျက်နှာ၏ သမိုင်းအလှည့်အပြောင်းသည်လည်း ပေါ်ပေါက်လာ၏။

ဤသည်ကို စာရေးသူမှ သုံးသပ်တင်ပြထား၏။ အောင်ပွဲရရေးအတွက် စေ့စပ်သေချာမှုသည် အထူးအရေးကြီးလှပေ၏။ စာရေးသူက မောင်ဂိုမာရီ၏ စေ့စပ်သေချာမှုကို အထူးအလေးအနက်ထားကာ အတုယူပုံလည်း ရ၏။ အဘယ့်ကြောင့်ဆိုသော် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လက်အောက်ရှိ ရုံးအသီးသီးတွင် " **ကျွန်ုပ်သည် အမြဲတမ်းစေ့စပ် သေချာပါမည်** " ဟူသော ဆိုင်းဘုတ်ငယ်များကို မြို့တော်ဝန်၏ဓါတ်ပုံနှင့် အတူတွဲလျက် တွေ့မြင်ရနေရသောကြောင့် ဖြစ်ပါ၏။ ဤနေရာတွင် ကျွန်တော်ငယ်စဉ်က ဖတ်ရှုခဲ့ရသော **For want of a nail, the battle is lost.** ဆိုသည့် ၁၈ ရာစုနှစ်က ပေါ်ပေါက်ခဲ့သော ပရပ်ရှားဘုရင်ကြီး မဟာဖရက်ဒရစ်၏စကားကို ပြန်သတိရမိပါသည်။ ဘာမဟုတ်သည့် သံကလေးတစ်ချောင်းလိုယုံမျှနှင့် တိုက်ပွဲကြီးတစ်ပွဲလုံး ရှုံးနိမ့်သွားခဲ့ရသည့် သာဓက ရှိခဲ့ဘူးသည်ဆို၏။ မြန်မာတို့တွင်လည်း ပျားတစ်စက်ကြောင့် ပြည်ပျက်ရသည်ဆိုသော စကားရှိ၏။ ထို့ကြောင့် မည်သည့်အသေးအဖွဲကိုမျှ လစ်လျူမရှုဘဲ စေ့စပ်သေချာရန် လိုအပ်လှပါ၏။

မည်သို့ဆိုစေ ဤအယ်လ်အာလာမိန်းတိုက်ပွဲဆိုသော ဗိုလ်မှူးကြီး ကိုလေး (အငြိမ်းစား) ရေးသားသည့်စာအုပ်မှာ တပ်မတော်သားများရော၊ ဗဟုသုတ ရှာမှီးနေကြသည့် ပြင်ပမှစာပေဝါသနာရှင်များပါ ဖတ်ရှုသင့်သည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

လေ့လာသူတစ်ဦး

မနရာ - ရန်ကုန်မြို့
ရက်စွဲ - ၁၉၉၈ ခု ဩဂုတ်လ ၃ ရက်

www.burmeseclassic.com

www.burmeseclassic.com



## စာရေးသူ၏ အမှာ

ကျွန်ုပ်တို့၏ အမိပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်သို့ ရောက်ရှိရန်အတွက် ကြိုးပမ်းချီတက်နေချိန် ဖြစ်ပေသည်။ ထိုသို့ ချီတက်ရာတွင် မိမိနိုင်ငံထူထောင်ရေးအတွက် မည်သည့်နိုင်ငံများ၏လွှမ်းမိုးမှုကိုမှ မခံဘဲ မိမိနိုင်ငံအတွက် သင့်လျော်သည့် မူဝါဒကို မိမိအစီအစဉ်ဖြင့် ချမှတ်ကျင့်သုံးလျက်ရှိပါသည်။ ထိုသို့ ကျင့်သုံးကာ မိမိအိမ်နီးနားချင်းနိုင်ငံများနှင့် ရင်းနှီးစွာဆက်ဆံလျက် ရှိပါသည်။ မိမိတိုင်းပြည်မှ မှန်ကန်သောစိတ်ထားဖြင့် ရိုးသားစွာ ဆက်ဆံသော်လည်း အချို့သောနိုင်ငံများသည် မိမိတိုင်းပြည်အပေါ် မိတ်ဆွေကောင်း မပီသဘဲ မိမိတိုင်းပြည်၏ ပျက်စီးရာ ပျက်စီးကြောင်းကို နည်းအမျိုးမျိုးဖြင့် ကူညီအားပေးလျက် ရှိပါ၏။ ကျွန်ုပ်တို့နိုင်ငံသည် ဖွံ့ဖြိုးဆဲအဆင့်သာ ရှိပါသေးသည်။ စီးပွါးရေး၊ စစ်ရေး အစရှိသည်တို့ကို ခိုင်မာတောင့်တင်းသည့် အဆင့်သို့ ရောက်ရှိအောင် ကြိုးစားနေချိန်လည်း ဖြစ်၏။ ယနေ့တိုင်းပြည်ကို ထူထောင်နေသည်မှာလည်း တပ်မတော်ကို အမာခံ ကျောရိုးသဖွယ် အခြေခံ၍ ထူထောင်နေခြင်းဖြစ်ပါသည်။

တပ်မတော်သားများသည် ယခုအချိန်အခါတွင် နိုင်ငံတော် ထူထောင်ရေးအတွက် စစ်ရေးသာမဟုတ်ဘဲ နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးအစရှိသည့် နိုင်ငံတော်ထူထောင်ရေးနှင့် ပတ်သက်သည့် အရေးအရာအားလုံးကိုလည်း တာဝန်ယူလုပ်ဆောင်လျက် ရှိကြပါသည်။ အထူးသဖြင့် တပ်မတော်အရာရှိများသည် ပိုမို၍အရေးပါသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရသည့်အတွက် အဖက်ဖက်မှ အရည်အချင်းပြည့်စုံသည့် စစ်ခေါင်းဆောင်ကောင်းများဖြစ်ရန် လိုအပ်သကဲ့သို့ နိုင်ငံရေးခေါင်းဆောင်ကောင်းများဖြစ်ရန်လည်း ကြိုးစားလေ့လာကြရန် အထူး

www.burmeseclassic.com



လိုအပ်ပါသည်။ ထိုကဲ့သို့ အဖက်ဖက်မှ အရည်အချင်းပြည့်စုံသည့် စစ်ခေါင်းဆောင်ကောင်းများဖြစ်ရန်အတွက် အထွေထွေဗဟုသုတနှင့် ပြည့်ဝရန် မိမိကိုယ်မိမိ အစဉ်ပြုစုပျိုးထောင်ပြီး လေ့လာကြိုးစားကြရန် များစွာလိုအပ်လှ၏။ အထူးသဖြင့် အရည်အချင်းပြည့်ဝသော စစ်ခေါင်းဆောင်များဖြစ်ရန်အတွက် စစ်သမိုင်းများနှင့် စစ်သမိုင်းများတွင် စစ်ပွဲကြီးများကို ကွပ်ကဲခဲ့ကြသည့် စစ်ခေါင်းဆောင်ကြီးများ၏ကွပ်ကဲပုံ၊ ခေါင်းဆောင်ပုံများကို လေ့လာခြင်းဖြင့် အရည်အချင်းပြည့်ဝရန် ကြိုးစားလေ့လာသင့်ပါသည်။

စစ်ပွဲသည် ဉာဏ်ရည်ပြိုင်ပွဲများသာ ဖြစ်ပါသည်။ တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်ကြရာတွင် ယန္တယားအမျိုးအမျိုးတပ်ဆင်ထားသော လက်နက်ကိုင်တပ်မတော်ကြီးများကို အသုံးပြုကြသော်လည်း စင်စစ်အားဖြင့် တပ်မတော်သားများမှာ စစ်လက်စစ်ခြေမျှသာ ဖြစ်ပါသည်။ ခြေလက်အင်္ဂါတို့သည် ဦးဏှောက်၏ဆွဲဆောင်ရာသို့ ယိမ်းယိုင်လိုက်ပါခြင်းသာ ဖြစ်ပါသည်။ ထိုဦးဏှောက်နှင့်တူသောသူများမှာ အခြားမဟုတ်၊ စစ်ပွဲကြီးများတိုက်ခိုက်ရာတွင် ဦးစီးဦးဆောင်ပြုလုပ်သော စစ်ခေါင်းဆောင်ကြီးများ၊ စစ်ဗိုလ်ချုပ်ကြီးများဖြစ်ကြပါသည်။ စစ်တို့မည်သည်မှာ အင်အားနည်းသည်များသည်မှာ ပမာနမဟုတ်ဘဲ ထိုစစ်သည်တော်များကို အုပ်ချုပ်ကွပ်ကဲသော ခေါင်းဆောင်၏ ကြံရည်ဖန်ရည် ဇွဲသတ္တိနှင့် ကွပ်ကဲခေါင်းဆောင်မှု အပေါ်တွင်သာ မူတည်ပါသည်။ အရှုံးအနိုင်ကို ဆုံးဖြတ်ပါသည်။

လူ၏ခန္ဓာကိုယ်ဖွဲ့စည်းပုံတွင်လည်း ဦးဏှောက်၊ ကိုယ်လက်၊ ဝမ်းဗိုက်၊ ခြေထောက်အစရှိသဖြင့် အစိတ်အပိုင်းများအားလုံးသည် အရေးကြီးကြသည်သာ ဖြစ်ပါသည်။ ထိုကဲ့သို့ပင် တပ်ဖွဲ့စည်းပုံတွင်လည်း အရာရှိ၊ အရာခံ၊ အကြပ်တပ်သားဟူ၍ ပါဝင်ကြရာ အားလုံးပင် အရေးကြီးကြပါသည်။ သူ့နေရာနှင့်သူ တန်ဘိုးရှိ အသုံးဝင်ကြပါသည်။ လူ၏ ကိုယ်ခန္ဓာ အစိတ်အပိုင်းအားလုံးသည် အရေးကြီးသည်မှန်သော်လည်း အားလုံးသော အစိတ်

www.burmeseclassic.com

www.burmeseclassic.com



အပိုင်းများအား ထိန်းချုပ်ထားသော ဦးကျောက်သည် အရေးအကြီးဆုံးဖြစ်ပါသည်။ ဦးကျောက်မကောင်းလျှင် မည်သည့်နည်းနှင့်မျှ မှန်ကန်ကောင်းမွန်အကျိုးရှိသော အလုပ်များကို လုပ်နိုင်မည် မဟုတ်ပါ။ ထိုနည်းစွာ တပ်မတော်တွင်လည်း အဆင့်အတန်းအားလုံးသည် သူ့နေရာနှင့် သူ အရေးကြီးသည်မှန်သော်လည်း ဦးကျောက်နှင့်တူသော အရာရှိများသည် ပို၍ အရေးကြီးပါသည်။ အရာရှိများ၊ ခေါင်းဆောင်များအနေဖြင့် အရည်အချင်း မပြည့်ဝဘဲ မှန်ကန်သောခေါင်းဆောင်သည့် ကွပ်ကဲမှုများကို မပေးနိုင်ပါက ထိုစစ်တပ်သည် အောင်မြင်မှုမရရှိနိုင်ဘဲ ပြိုကွဲပျက်စီးရမည်မှာ အမှန်ပင်ဖြစ်ပါသည်။

တပ်မတော်တစ်ခုလုံး၏ စစ်ဦးကျောက်သည် စစ်သေနာပတိ သာလျှင်ဖြစ်ရာ သူ၏ဉာဏ်ကစားသမျှ စစ်လက်စစ်ခြေတည်းဟူသော စစ်သည် ဗိုလ်ခြေအပေါင်းက လိုက်ပါလှုပ်ရှားရခြင်းဖြစ်လေသည်။ တစ်ဖက်နှင့်တစ်ဖက် ဦးစီးဦးကိုင်ပြုသည့် စစ်သေနာပတိတို့သည် သူ့ထက်ငါ အနိုင်ရအောင် ဉာဏ်ရည်ပြိုင်ကြရင်း ဉာဏ်ရည်သာသူက လူသူအင်အား၊ လက်နက်ပစ္စည်းခြင်းတူလျှင် အောင်ပွဲရစမြဲဖြစ်၏။ ကျွန်ုပ်တို့ မြန်မာ့တိုက်ပွဲတွင် ဘုရင့်နောင်သည် ပြည်တိုက်ပွဲတွင် ၄င်းထက် အင်အား(၃)ဆမျှသာသော ပြည်ဘုရင်၏ရေတပ်(လှေတပ်)ကို အောင်မြင်စွာ တိုက်ခိုက်နိုင်ခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့တပ်မတော်အရာရှိများအနေဖြင့် မြန်မာ့သမိုင်းနှင့် ကမ္ဘာ့သမိုင်းတွင် ထင်ပေါ်ခဲ့သောစစ်ပွဲကြီးများတွင် ခေါင်းဆောင်မှုများကို လေ့လာ၍ မိမိကိုယ်တိုင်ကျင့်သုံးလိုက်နာနိုင်ရန် အထူးကြိုးစားအပ်ပါသည်။

ကွပ်ကဲမှုသည် ရာထူးတာဝန်အရ တရားဝင် မိမိလက်အောက်တပ်ဖွဲ့၊ တပ်ဖွဲ့ဝင်တို့အား ဦးစီးကွပ်ကဲမှုပြုရသော်လည်း ခေါင်းဆောင်မှုအရည်အချင်းများ အင်္ဂါရပ်များနှင့်အညီ ကျင့်သုံးနိုင်ပါက ပြဿနာများအနည်းဆုံးဖြင့် ရည်မှန်းချက် တာဝန်များကို ကျေပွန်အောင်မြင်စွာ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်နိုင်မည်မှာ သမိုင်းဖြစ်ရပ်များတွင် ထင်ရှားစွာ တွေ့ရှိနိုင်ပါသည်။ ကွပ်ကဲမှုဟူသည် ယေဘူယျအားဖြင့် တပ်မတော်ရှိတပ်ဖွဲ့ဝင်များ၊ တပ်ကွပ်ကဲသူများနှင့် အဓိကအကျုံးဝင်လျက် ရှိနေပေသည်။ တပ်တစ်တပ်သည် စစ်မြေပြင်၌ စစ်ဆင်ရေးတာဝန်တစ်ရပ် ဆောင်ရွက်ရချိန်တွင် ထိုတပ်ဖွဲ့အောင်ပွဲရရှိနိုင်ရေးသည် ထိုတပ်၏တိုက်ခိုက်မှုစွမ်းရည် ပြည့်စုံမြင့်မားနေရေးပင် ဖြစ်သလို ထိုတိုက်ခိုက်မှုစွမ်းရည်ပြည့်စုံမြင့်မားရုံဖြင့် မပြီးသေးဘဲ ဦးဏှောက်နှင့်တူသည့် အရည်အချင်းရှိသူများမှ ကွပ်ကဲနိုင်ရန်လည်း အရေးကြီးလှပေသည်။

ထို့ကြောင့် ကွပ်ကဲခေါင်းဆောင်မှုသည် မည်မျှအရေးကြီးသည်ကို ထပ်မံရှင်းလင်းပြရန် လိုအပ်မည်မထင်ပါ။ သို့ပါ၍ စစ်သမိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် စစ်ပွဲကြီးမြောက်မြားများစွာမှ ဒုတိယကမ္ဘာစစ်အတွင်း အာဖရိကမြောက်ပိုင်း အယ်လ်အာလာမိန်းမြို့ကလေးအနီးတွင် မဟာမိတ်တပ်များနှင့် ဝန်ရိုးတန်းနိုင်ငံတပ်များ တိုက်ခိုက်ခဲ့ကြသည့် စစ်ပွဲတွင် နှစ်ဘက်စစ်ခေါင်းဆောင်များသည် မည်ကဲ့သို့အုပ်ချုပ်တိုက်ခိုက်ခဲ့ကြသည်ကို လေ့လာနိုင်ရန် တင်ပြလိုက်ရခြင်းဖြစ်ပါသည်။ အယ်လ်အာလာမိန်းတိုက်ပွဲသည် စစ်သမိုင်းတစ်လျှောက်၌ မော်ကွန်းတင်ထားရမည့် ဂန္ထဝင်တိုက်ပွဲတစ်ခုပင် ဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်ကြီးတွင် ဗြိတိသျှစစ်သူကြီး မောင်ဂိုမာရီ တိုက်ခိုက်အောင်ပွဲခံခဲ့သည့် တိုက်ပွဲများအနက် ပထမဆုံးနှင့်အရေးကြီးဆုံး တိုက်ပွဲဖြစ်သဖြင့် စစ်သမိုင်းလေ့လာသူတိုင်းသေချာစွာ လေ့လာထိုက်သော တိုက်ပွဲတစ်ခုပင် ဖြစ်ပါသည်။

ဤအယ်လ်အာလာမိန်းတိုက်ပွဲတွင် ကွပ်ကဲဦးစီးခဲ့ကြသော စစ်သူကြီးနှစ်ဦးစလုံးမှာ ဒုတိယကမ္ဘာစစ်အတွင်းက အလွန်ကျော်ကြားသော အလွန်အရည်အချင်းပြည့်ဝသော စစ်သူကြီးနှစ်ဦးဖြစ်ကြသဖြင့် ထိုစစ်သူကြီးနှစ်ဦး၏ ဉာဏ်ရည်ပြိုင်ပွဲကို လေ့လာ၍ အတုယူထိုက်ပါသည်။ တစ်ဖက်မှ ဝန်ရိုးတန်း

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတပ်ဖွဲ့များကို ကွပ်ကဲအုပ်ချုပ်သူမှာ အလွန်ရဲစွမ်းသတ္တိနှင့် ပြည့်စုံ၍ တိုက်ရည်ခိုက်ရည် ကွပ်ကဲမှုစွမ်းရည်ပြည့်ဝသည့် ဂျာမန်စစ်သူကြီးရွန်းမဲလ် (FIELD MARSHAL ROMMEL) ဖြစ်ပြီး မဟာမိတ်တပ်များကို ဦးစီး ကွပ်ကဲခေါင်းဆောင်သူမှာ စည်းစံနစ်အလွန်ကြီး၍ အလွန်စေ့စပ်သေချာသော ဗြိတိသျှစစ်သူကြီးမောင်ဂိုမာရီ (FIELD MARSHAL MONTGO-MERY) ပင် ဖြစ်ပါသည်။ ၎င်းတို့နှစ်ဦးစလုံးသည် ဒုတိယကမ္ဘာစစ် အတွင်းက ကျော်ကြားခဲ့သည့်စစ်သူကြီးများအနက် ထိပ်ဆုံးမှာရှိသော ဘက်စုံ အရည်အချင်းပြည့်ဝသည့် စစ်သူကြီးအကျော်အမော်များ တကယ့်စစ်သား ကောင်းများဖြစ်ကြပါသည်။ နှစ်ဦးစလုံးသည် ကိုယ်ကျိုးမဖက်၊ ရိုးသားစွာဖြင့် စစ်သားပီပီ မိမိနိုင်ငံတာဝန်ကို ထမ်းရွက် ကြသော ပုဂ္ဂိုလ်များဖြစ်ပါသည်။

သို့ပါ၍ ဤမျှကျော်ကြားခဲ့သော စစ်ခေါင်းဆောင်ကြီးများကွပ်ကဲ၍ တိုက်ခိုက်ခဲ့သော အယ်လ်အာလာမိန်းတိုက်ပွဲ ကွပ်ကဲခေါင်းဆောင်ပုံများကို လေ့လာသူ တပ်မတော်သားများ ဗဟုသုတတိုးပွါးရန် ရည်ရွယ်၍ ယခုကဲ့သို့ လေ့လာတင်ပြခြင်းဖြစ်ပါသည်။ လေ့လာသူများဗဟုသုတပွါးများ၍ အကျိုး ဖြစ်ထွန်းပါက ဝမ်းမြောက်ကြေနပ်ကြောင်း တင်ပြအပ်ပါသည်။

ဗိုလ်မှူးကြီးကိုလေး (အငြိမ်စား)

နေရာ - ရန်ကုန်မြို့
ရက်စွဲ - ၁၉၉၈ ခု၊ ဩဂုတ်လ ၂ ရက်

www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ


| အပုဒ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၂၅ |


## အပိုင်း (၁)

## ဒုတိယကမ္ဘာစစ်ကြီးနှင့် အာဖရိကစစ်မျက်နှာ

## အခန်း (၁)


| | | |
|---|---|---|
| ၂။ | ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွါးလာခြင်း | ၂၉ |
| | (က) ဂျာမနီပြည်တွင် ဟစ်တလာအာဏာရလာခြင်း | ၃၂ |
| | (ခ) ဟစ်တလာနှင့် မူဆိုလိုနီ | ၃၄ |
| | (ဂ) ဝါဒရေးရာစစ်ပွဲများ ဖြစ်ပွါးလာခြင်း | ၃၆ |
| | (ဃ) ဂျာမနီ၏သဘောထား | ၃၇ |
| | (င) ဂျပန်၏ကျူးကျော်မှုများ | ၃၈ |
| | (စ) အီတလီ၏ကျူးကျော်မှုများ | ၃၈ |
| | (ဆ) ဂျာမနီ၏ကျူးကျော်မှုများ | ၃၉ |
| | (ဇ) စပိန်တွင် ဖရန်ကိုအာဏာရလာခြင်း | ၃၉ |
| | (ဈ) ဝန်ကြီးတန်းနိုင်ငံများ စာချုပ်ချုပ်ဆိုခြင်း | ၄၀ |
| | (ည) မဟာမိတ်တို့၏လိုက်လျောမှုများ | ၄၁ |
| | (ဋ) ဒုတိယကမ္ဘာစစ်ကြီးဖြစ်ရသည့် ဂျာမနီ၏ကျူးကျော်မှုများ | ၄၂ |


www.burmeseclassic.com

www.burmeseclassic.com




၃။ **အာဖရိကစစ်မျက်နှာ**

(က) အီတလီနိုင်ငံ၏ကြံရွယ်ချက်များ ၄၅

(ခ) အီတလီက စတင်တိုက်ခိုက်ခြင်း ၄၆

(ဂ) အီတလီ၏ရည်မှန်းချက် ၄၆

(ဃ) ဂျာမနီနိုင်ငံ၏ရည်ရွယ်ချက်များ ၄၇

(င) ဟစ်တလာက ရုရှား၏ကြံရွယ်ချက်များကို စိတ်မချပုံ ၄၈

(စ) ရက်ဒါး၏အကြံဉာဏ် ၄၈

(ဆ) ဂိုအာရင်း၏အကြံဉာဏ် ၄၉

(ဇ) ဟစ်တလာ၏သဘောထား ၄၉

(ဈ) ဟစ်တလာအရေးယူပုံ ၅၀

(ည) ဂျာမန်တို့ အမြင်မကျယ်ပုံ ၅၁

(ဋ) ဗိုလ်ချုပ်ရွှန်းမဲလ်ကို စေလွှတ်ခြင်း ၅၁

၄။ **ဗြိတိသျှတို့အတွက် အရေးကြီးသည့်မြောက်အာဖရိက**

(က) အီတလီ၏ ဘေးအန္တရာယ် ၅၃

(ခ) အရှေ့နှင့် ဆက်သွယ်ရာလမ်းကြောင်း ၅၄

(ဂ) မာတ်ဆီထောက်ပံ့ရေး ၅၄

(ဃ) တောင်ပိုင်းဥရောပကိုတိုက်ခိုက်ရန် ခြေကုတ်စခန်း ၅၆

၅။ **တိုက်ပွဲဝင်ဗိုလ်ချုပ်ကြီးများ** ၅၇

(က) ဂျာမန်ဗိုလ်ချုပ်ကြီးရွှန်းမဲလ် ၅၉

(ခ) ဗြိတိသျှဗိုလ်ချုပ်ကြီးမောင်ဂိုမာရီ ၈၁


## အခန်း (၂)


၆။ **အယ်လ်အာလာမိန်းတိုက်ပွဲဖြစ်စဉ်အကျဉ်း** ၉၉


www.burmeseclassic.com

www.burmeseclassic.com



(က) မြောက်အာဖရိက စစ်မျက်နှာ ၉၉
(ခ) ရွှန်းမဲလ်၏ထိုးစစ် ၁၀၇
(ဂ) မဟာမိတ်တို့၏ အယ်လ်အာလာမိန်းထိုးစစ်စီမံချက် ၁၁၄
(ဃ) ထိုးစစ်စပြီ ၁၂၁
(င) ရွှန်းမဲလ်ဆုတ်ခွါရပြီ ၁၂၉

## အပိုင်း (၂)

## အယ်လ်အာလာမိန်းတိုက်ပွဲ အသေးစိတ်ဖော်ပြချက်များ

### အခန်း (၁)

### တိုက်ပွဲမဖြစ်ပွါးမှီ ယေဘုယျအခြေအနေ

(က) မောင်ဂိုမာရီ အမှတ်(၈)တပ်တော်မှူးဖြစ်လာခြင်း ၁၃၇
(ခ) မောင်ဂိုမာရီမရောက်မီအယ်လ်အာလာမိန်းဒေသအခြေအနေ ၁၄၄
(ဂ) မောင်ဂိုမာရီ၏ အယ်လ်အာလာမိန်းခံစစ်မူဝါဒအသစ် ၁၄၅
(ဃ) ခံစစ်ပြင်ဆင်မှုများ ၁၄၇
(င) ဝန်ရိုးတန်းတပ်များ၏ စစ်အင်္ဂါစဉ် ၁၄၇
(စ) မဟာမိတ်တပ်များ၏ စစ်အင်္ဂါစဉ် ၁၄၉
(ဆ) တိုက်ပွဲအတွက် ပြင်ဆင်ခြင်း ၁၅၀
(ဇ) မောင်ဂိုမာရီ၏လှည့်စားမှု ၁၅၃
(ဈ) အလမ်ဟာဖါတိုက်ပွဲ ၁၅၅
(ည) အယ်လ်အာလာမိန်းတိုက်ပွဲမဖြစ်ပွါးမီ တပ်များအနေအထား ၁၅၇
(ဋ) မောင်ဂိုမာရီ၏ ပြင်ဆင်မှုများ ၁၅၉

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

၈။ တိုက်ပွဲဖြစ်ပွါးပုံအဆင့်ဆင့်
(က) တိုက်ပွဲအတွက် အမိန့်များ ၁၆၁
(ခ) မောင်ဂိုမာရီ၏ လှည့်စားမှုစီမံချက် ၁၆၅
(ဂ) မဟာမိတ်နှင့် ဝန်ရိုးတန်းတပ်များ အင်အားနှိုင်းယှဉ်ချက် ၁၆၇
(ဃ) ဖောက်ဝင်ခြင်း (THE BREAK- IN) ၁၆၉
(င) ထွေးလုံးတိုက်ခိုက်ခြင်း (THE DOG FIGHT) ၁၇၄
(စ) ဖောက်ထွက်ခြင်း (THE BREAK- OUT) ၁၇၉
(ဆ) တိုက်ပွဲပြီးဆုံးခြင်းနှင့် လိုက်စစ်ဆင်ရန် ပြင်ဆင်ခြင်း ၁၈၄
(ဇ) အယ်လ်အာလာမိန်းတိုက်ပွဲဖြစ်ပွါးပြီး အခြေအနေ ၁၈၅

## အခန်း(၃)

၉။ မောင်ဂိုမာရီ၏ကွပ်ကဲမှုအပေါ် လေ့လာသုံးသပ်ခြင်း
(က) မောင်ဂိုမာရီ၏ကွပ်ကဲမှုစနစ် ၁၈၇
(ခ) တိုက်ပွဲအတွင်း ကွပ်ကဲပုံ ၁၈၉
(ဂ) ကွပ်ကဲမှုအား လေ့လာသုံးသပ်ချက် ၁၉၃
(ဃ) သင်ခန်းစာ ဇွဖော်ထုတ်ချက်များ ၁၉၈

## အခန်း(၄)

၁၀။ နိဂုံး ၂၀၃
၁၁။ မှီငြမ်းကိုးကားသည့် စာအုပ်များစာရင်း ၂၀၆

www.burmeseclassic.com

www.burmeseclassic.com



## ပုံမာတိကာ


၁။ ဒုတိယကမ္ဘာစစ်အတွင်းက ဘင်ဂါဇီ၊ တိုဘရွတ်ဒေသမြေပုံ ၂၈

၂။ ဒုတိယကမ္ဘာစစ်အတွင်းက ထရီပိုလီနယ်မြေဒေသမြေပုံ ၃၀

၃။ ဟစ်တလာနှင့် ၎င်း၏ဗိုလ်ချုပ်ကြီးများ ၃၂

၄။ အာဖရိက ဂျုလိုစစ်မြေပြင် ၃၅

၅။ ရွန်းမဲလ်နှင့် အီတလီတပ်မှူးကြီးများ ၄၄

၆။ အာဖရိကစစ်မျက်နှာ ၄၅

၇။ ဂျာမန်စစ်သူကြီးရွန်းမဲလ် ၅၂

၈။ ဗြိတိသျှတို့၏ အာဖရိကတပ်မှူးကြီး ဗိုလ်ချုပ်ကြီးဝေဘယ်လ် ၅၈

၉။ AFRICA CORPS တပ်မှူးကြီး စစ်သူကြီးရွန်းမဲလ် ၆၀

၁၀။ သင်္ဘောကြီးပေါ်မှ သံချပ်ကာတင့်ကားများ ချယူမှုကို စစ်ဆေးနေသော ရွန်းမဲလ် ၆၂

၁၁။ အရာရှိငယ်ဘဝက ရွန်းမဲလ် ၆၅

၁၂။ တပ်ရင်းမှူးဘဝက ရွန်းမဲလ် ၆၉

၁၃။ ဗိုလ်ချုပ်ကြီးရွန်းမဲလ် ၇၀

၁၄။ ရွန်းမဲလ်နှင့် ၎င်း၏တပ်မှူးကြီးကက်ဆရင်း ၇၃

၁၅။ ထရီပိုလီတွင် ဂျာမန်တပ်များစစ်ရေးပြနေပုံ ၇၄

၁၆။ ရွန်းမဲလ်နှင့် သူ၏ဦးစီးအရာရှိ ဘေရာလိန် ၇၅

၁၇။ ဈာပနအခမ်းအနားတွင် မြင်တွေ့ရသည့် ရွန်းမဲလ်၏ဆုတံဆိပ်များ ၇၆

၁၈။ မှူးရွန်းစတက်ဦးဆောင်သော ဈာပနကော်မတီမှ ရွန်းမဲလ်၏ဈာပန အခမ်းအနားကျင်းပနေပုံ ၇၇

၁၉။ ရွန်းမဲလ်၏ဇနီး ဖရောရွန်းမဲလ် ၇၈

၂၀။ ရွန်းမဲလ်၏ဈာပနအခမ်းအနားသို့ တက်ရောက်နေသော ဇနီးနှင့်သား ၇၉


www.burmeseclassic.com

www.burmeseclassic.com



၂၁။ ရွှန်းမဲလ်ကို အနိုင်တိုက်ခဲ့သော မောင်ဂိုမာရီ ၈၀
၂၂။ အမှတ်(၈) တပ်တော်မှူး မောင်ဂိုမာရီ ၈၃
၂၃။ မောင်ဂိုမာရီ၏တဲအတွင်းတွင် အမြဲချိတ်ဆွဲထားလေ့ရှိသော ဂျာမန်စစ်သူကြီးရွှန်းမဲလ်၏ပုံတူ ၈၅
၂၄။ ရွှန်းမဲလ်နှင့် မောင်ဂိုမာရီတို့ပထမအကြိမ် အားစမ်းသည့်အလမ်ဟာဖါ တိုက်ပွဲမြေပုံ ၈၈
၂၅။ မောင်ဂိုမာရီနှင့် ဗြိတိသျှနန်းရင်းဝန်ချာချီ ၉၀
၂၆။ မောင်ဂိုမာရီနှင့် အမေရိကန်တပ်ပေါင်းစု ဗိုလ်ချုပ်ကြီးအိုင်စင်ဟောင်ဝါ ၉၂
၂၇။ အာဖရိကစစ်မြေပြင်တွင် အင်္ဂလိပ်အမြောက်တပ်ဖွဲ့ဝင်များ တိုက်ပွဲဝင်နေပုံ ၉၃
၂၈။ မြင်းစီးဝါသနာပါသည့် မောင်ဂိုမာရီ ၉၄
၂၉။ အိမ်မွေးခွေးငယ်လေးများနှင့် စစ်မြေပြင်တွင် အပန်းဖြေနေသော မောင်ဂိုမာရီ ၉၆
၃၀။ မောင်ဂိုမာရီ၏ဇနီးဘက်တီနှင့် သားဒေးဗစ် ၉၇
၃၁။ တိုက်ပွဲဝင်နေသည့် ဗြိတိသျှစစ်သည်တော်များ ၁၀၀
၃၂။ ၁၉၄၁ ခုနှစ်မှ ၁၉၄၃ ခုနှစ်အထိ မဟာမိတ်တပ်များနှင့် ဝန်ရိုးတန်းတပ်များတိုက်ပွဲဖြစ်ပွါးခဲ့သည့် မြောက်အာဖရိကဒေသ ၁၀၁
၃၃။ ရွှန်းမဲလ်အားအရေးနိမ့်ခဲ့ရသဖြင့် မောင်ဂိုမာရီနှင့် တာဝန်လဲခဲ့ရသူ ဗိုလ်ချုပ်အောချင်လက် ၁၀၂
၃၄။ မဟာမိတ်ချေမှုန်းရေးတပ်ဖွဲ့တစ်ဖွဲ့ချီတက်နေပုံ ၁၀၄
၃၅။ ဗိုလ်ချုပ်အလက်ဇန္ဒားအိန္ဒိယတပ်များကို စစ်ဆေးနေပုံ ၁၀၅
၃၆။ သဲကန္တာရအတွင်း အောင်ပွဲခံလျက်ရှိသော ရွှန်းမဲလ်နှင့်သူ၏အရာရှိကြီးများ ၁၀၆
၃၇။ မီးလောင်နေသည့် အမှတ်(၄)ဂျာမန်ပန်ဇာတင့်ကားတစ်စီး ၁၀၉

www.burmeseclassic.com

www.burmeseclassic.com



၃၈။ မဟာမိတ်တို့၏ အယ်လ်အာလာမိန်းထိုးစစ်စီမံချက် ၁၁၄
၃၉။ အော်ပရေးရှင်း Light Foot ခေါ် အယ်လ်အာလာမိန်းတိုက်ပွဲအစ ၁၁၅
၄၀။ တပ်တော်စု B တပ်တော်စုမှူးစပီဒါလ် ၁၁၆
၄၁။ တိုက်ပွဲဝင်မည့် အိန္ဒိယတပ်ဖွဲ့ဝင်များ ၁၁၇
၄၂။ မဟာမိတ်တပ်သားများသဲကန္တာရအတွင်း မီးရထားလမ်းဖောက်လုပ်
နေစဉ် ၁၁၇
၄၃။ အယ်လ်အာလာမိန်းတိုက်ပွဲကာလက ဘင်ဂါဇီမြို့ရှုခင်း ၁၁၈
၄၄။ ထိုးစစ်စပြီ ၁၂၀
၄၅။ တိုက်ပွဲဝင်မည့် မဟာမိတ်ယာဉ်တန်းတစ်စုချီတက်နေပုံ ၁၂၀
၄၆။ မဟာမိတ်တို့၏ အာဖရိကသဲကန္တာရအတွင်း စစ်မြေပြင်တစ်နေရာ ၁၂၀
၄၇။ ကင်းလှည့်နေသည့် ဗြိတိသျှအပေါ့စားသံချပ်ကာကားများ ၁၂၂
၄၈။ ဘင်ဂါဇီမြို့တွင်းသို့ မဟာမိတ်တပ်သားများဝင်ရောက်လာပုံ ၁၂၃
၄၉။ တိုက်ပွဲအတွင်းက ဘင်ဂါဇီမြို့ ၁၂၄
၅၀။ ဂျာမန်တပ်မှူးဂျင်နရယ်ဗွန်သိုမာကို လက်ရဖမ်းဆီးရမိလာခဲ့စဉ် ၁၃၂
၅၁။ မောင်ဂိုမာရီ ၁၂၈
၅၂။ ရွှန်းမဲလ်ဆုတ်ခွါရပြီ ၁၂၉
၅၃။ စစ်သူကြီး ဗွန်ကလု ၁၃၁
၅၄။ အယ်လ်အာလာမိန်းမတိုင်မီ တပ်တည်များ (မြေပုံ) ၁၃၈
၅၅။ အမှတ်(၈) တပ်တော်မှူးဖြစ်ခါစက မောင်ဂိုမာရီမှ အရာရှိတစ်ဦးချင်းစီ
နှင့် တွေ့ဆုံနေပုံ ၁၃၉
၅၆။ တိုက်ပွဲဝင်မည့်မဟာမိတ်တပ်များ၏အယ်လ်အာလာမိန်းတပ်တည်(မြေပုံ) ၁၄
၅၇။ သဲကန္တာရအတွင်းမှ တိုက်ပွဲဝင်အိန္ဒိယတပ်သားများ ၁၅၀
၅၈။ တိုက်ပွဲကို စောင့်ကြည့်နေသည့် အမှတ်(၄)အိန္ဒိယတပ်မ ၁၅၁
၅၉။ သဲကန္တာရအတွင်းမှ တိုက်ပွဲဝင်အိန္ဒိယတပ်သားများ ၁၅၂

www.burmeseclassic.com

www.burmeseclassic.com



၆၀။ မဟာမိတ်နှင့် ဝန်ရိုးတန်းတပ်များ၏ အလမ်ဟာဖါတိုက်ပွဲအတွင်းက
တပ်တည်များ (မြေပုံ) ၁၅၄
၆၁။ မဟာမိတ်မိုင်းရှင်းတပ်သားများ ၁၆၀
၆၂။ အယ်လ်အာလာမိန်းတိုက်ပွဲဒုတိယအဆင့် (မြေပုံ) ၁၆၂
၆၃။ အယ်လ်အာလာမိန်းတိုက်ပွဲတွင် မဟာမိတ်တပ်များဖောက်ဝင်၍ ချွေစစ်
ဆင်နေပုံ (မြေပုံ) ၁၇၀
၆၄။ တိုက်ပွဲဝင်ဗြိတိသျှတင့်ကားများ ၁၇၂
၆၅။ သဲကန္တာရအတွင်း ရှေ့သို့ချီတက်နေသည့် တိုက်ပွဲဝင်ဗြိတိသျှတပ်သား
များ ၁၇၄
၆၆။ အယ်လ်အာလာမိန်းတိုက်ပွဲတွင် မဟာမိတ်တပ်များဖောက်ထွက်ခြင်း ၁၇၈
၆၇။ ထိုးစစ်ဆင်နွှဲနေသော မဟာမိတ်တင့်ကားများ ၁၈၂
၆၈။ အယ်လ်အာလာမိန်းစစ်မြေပြင်မြင်ကွင်း ၁၈၆
၆၉။ ဗြိတိသျှတပ်မတော်သားများထံ လက်နက်ချနေသည့် ဂျာမန်၊ ပန်ဇာ
တင့်ကားတစ်စီး ၁၉၀
၇၀။ အယ်လ်အာလာမိန်းတိုက်ပွဲကြီးအား အနိုင်တိုက်ပြီးနောက် တွေ့ရသည့်
မောင်ဂိုမာရီ ၂၀၂

www.burmeseclassic.com

www.burmeseclassic.com



# ကမ္ဘာကျော် အယ်လ်အာလာမိန်းတိုက်ပွဲ

## နိဒါန်း

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဂျာမန်တပ်များနှင့် မဟာမိတ်တပ်များသည် မြောက်အာဖရိကစစ်မျက်နှာတွင် အပြင်းအထန်တိုက်ခိုက် ခဲ့ကြလေသည်။ ထိုတိုက်ပွဲများအနက် ၁၉၄၂ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့မှ နိုဝင်ဘာလ ၄ ရက်နေ့တိုင် ရက်တိုတို အတွင်း လူပေါင်း သောင်းချီ၍ သေကျေပျက်စီးခဲ့ရသည့် အယ်လ်အာလာမိန်း (EL ALAMEIN) တိုက်ပွဲကြီးသည်ကား အထင်ရှားဆုံးတိုက်ပွဲကြီးပင် ဖြစ်၏။

ထိုတိုက်ပွဲကြီးကို ဂျာမန်တို့ဘက်မှ ဖီးမာရှယ်အာဝင်ရွန်းမဲလ် (FIELD MARSHAL ERWIN ROMMEL) ဦးစီးကွပ်ကဲ၍ မဟာမိတ်ဗြိတိသျှတို့ဘက်မှ ဖီးမာရှယ်ဘားနတ်လောမောင်ဂိုမာရီ (FIELD MARSHAL BERNARD LAW MONTGOMERY)က ကွပ်ကဲခဲ့သည်။ ထိုဗိုလ်ချုပ်ကြီးနှစ်ဦးလုံးသည် ဒုတိယကမ္ဘာစစ်သမိုင်းတွင် သူ့နည်းသူ့ဟန်နှင့် ထင်ရှား ကျော်ကြားသူများဖြစ်ကြသည်။ ရွန်းမဲလ်က ၁၈၉၁ ခုနှစ်တွင် မွေး၍ မောင်ဂိုမာရီက ၁၈၈၇ ခုနှစ်တွင် မွေးသည်။ အသက်အရွယ်ချင်း သိပ်မကွာခြားလှ။ ရွန်းမဲလ်က ကျောင်းဆရာသားဖြစ်၍ မောင်ဂိုမာရီက တရားဟောဆရာသားဖြစ်သည်။ ငယ်ရွယ်စဉ်က နှစ်ဦးစလုံး ချို့တဲ့ကြသူများဖြစ်သည်။ ရိုးသားစွာနေထိုင်၍ ပင်ကိုယ်အားဖြင့် စိတ်သဘောထားနူးညံ့သိမ်မွေ့သူများဖြစ်ကြ၏။ အသက် ၂၀ ခန့်တွင် တပ်မတော်သို့ဝင်ရောက်ကြသည်။ ဘဝတစ်လျှောက်လုံး စစ်မှုထမ်းခြင်းဖြင့်သာ အဆုံးသတ်သွားကြသူများ ဖြစ်၏။ ရွန်းမဲလ်က ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျ၍

www.burmeseclassic.com



မောင်ဂိုမာရီက အသက်ကြီးမှ အိမ်ထောင်ကျသည်။ သို့ရာတွင် နှစ်ဦးစလုံးတွင် သားတစ်ဦးစီသာ ရှိသည်။ ၎င်းတို့ သေဆုံးပြီးသောအခါတွင် ၎င်းတို့သားများသာ ကျန်ခဲ့သည်။ နှစ်ဦးစလုံး ကိုယ်ကျင့် တရားကောင်း၍ တကယ့်လူကြီးလူကောင်းများ ဖြစ်ကြသည်။ စစ်သားစစ်စစ်ဖြစ်၍ နိုင်ငံရေးကို ကောင်းစွာနားလည်ပုံမရ။ ထို့ကြောင့် ရွန်းမဲလ်က သက်တန်းမစေ့မှီ သေဆုံးခဲ့ရပြီး မောင်ဂိုမာရီက စစ်သားဘဝနှင့်ပင် အငြိမ်းစားယူခဲ့ရ၏။

စစ်စွမ်းရည်ခြင်းယှဉ်ပါက ဗြိုင်ဖက်ဗိုလ်ချုပ်ကြီး နှစ်ဦးစလုံးသည် သူ့နည်းသူ့ဟန်နှင့် အရည်အချင်းရှိသူများ ဖြစ်၏။ ရွန်းမဲလ်က လုပ်ရဲကိုင်ရဲစွန့်စားရဲသည်။ လျင်မြန်စွာ သုံးသပ်နိုင်စွမ်းရှိသည်။ သဲကန္တာရ စစ်ထိုးခြင်းတွင် ကျွမ်းကျင်သည်။ အငိုက်ဖမ်းတတ်သည်။ လှည့်စားတတ်သည်။ လျင်မြန်စွာ လှုပ်ရှားစစ်ကစားတတ်သည်။ ထို့ကြောင့် **DESERT FOX** သဲကန္တာရမြေခွေးကြီးဟု ကျော်ကြားသည်။ ရွန်းမဲလ်အသံကြားလျှင် ဗြိတိသျှ တပ်သားတို့ ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ခဲ့ကြသည်။ ရွန်းမဲလ်ကို ကိုယ်ပျောက်ဆရာဟု ယူဆခဲ့ကြသည်အထိ ဖြစ်ခဲ့ကြသည်။

မောင်ဂိုမာရီသည်ကား အလွန်သတိကြီးသူဖြစ်၏။ အလွန်စေ့စပ်သေချာ၍ နည်းဗျူဟာသာမက မဟာဗျူဟာကိုပါ ပိုင်နိုင်သူဖြစ်သည်။ အရာရာကို ကြိုတင်မျှော်တွေး၍ အသေချာလေ့လာပြင်ဆင်သူဖြစ်သည်။ နာမည်ကျော် ရွန်းမဲလ်နှင့်ရင်ဆိုင်ရာတွင် " ဒါဆိုရင် ရွန်းမဲလ် ဘာလုပ်မလဲ " ဟု ပြဿနာတစ်ရပ်ကြုံတိုင်း ရွန်းမဲလ်ကဲ့သို့ စဉ်းစားလေ့ရှိသူဖြစ်သည်။ ရွန်းမဲလ်၏အလေ့အထအား သေချာစွာလေ့လာပြီး ဖြစ်ပေါ်လာနိုင်သည့် အလားအလာကို တွက်ချက်၍ စီစဉ်နိုင်သူဖြစ်သည်။ ၎င်း၏ရှေ့တန်းရုံးတွင် ရွန်းမဲလ်ပုံအား ချိတ်ဆွဲထားပြီး အစဉ်စဉ်းစားကြံဆ လုပ်ဆောင်လေ့ရှိသည်။ **Logistic** ခေါ် အုပ်ချုပ်ထောက်ပံ့မှုကို အထူးအလေးထားသူဖြစ်သည်။ **Collecting of information** ခေါ် သတင်းစုဆောင်းခြင်းကိုလည်း ဂရုပြု

www.burmeseclassic.com

www.burmeseclassic.com



သည်။ လှည့်စားခြင်း **Deception** နှင့် ဖုံးကွယ်ခြင်း **Cover and Concealment** များကိုလည်း သတိကြီးစွာနှင့် ဆောင်ရွက် တတ်သည်။


ထို့ကြောင့် အယ်လ်အာလာမိန်းမတိုင်မီ အလမ်ဟာဖါတိုက်ပွဲတွင် အသေအချာခံစစ်ဆင်ထားသော မောင်ဂိုမာရီ၏ အလမ်ဟာဖါတောင်ကြော သို့ အုပ်ချုပ်ထောက်ပံ့မှုမပြည့်စုံသော ရွှန်းမဲလ်၏တပ်များက စွန့်စား၍ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ သဲကန္တာရထဲတွင် အကြိမ်ကြိမ် အလီလီအောင်ပွဲ ခံနေသော ရွှန်းမဲလ်သည် ပထမဆုံးအကြိမ်စတင်၍ အရေးနိမ့်ခဲ့ရလေတော့ သည်။ အလမ်ဟာဖါတွင် အောင်နိုင်ပြီးနောက် မောင်ဂိုမာရီသည် အသေ အချာစစ်ပြင်၍ ရွှန်းမဲလ်အား အယ်လ်အာလာမိန်းတွင် အထွေထွေ ထိုးစစ် ကြီး ဆင်နွှဲခဲ့သည်။ အဖက်ဖက်မှပြည့်စုံစွာ ပြင်ဆင်ထားသော မောင်ဂိုမာရီ၏ ထိုးစစ်သည် အယ်လ်အာလာမိန်းတွင် လုံးဝအောင်နိုင်ခဲ့ လေသည်။ ဤတွင် သဲကန္တာရမြေခွေးကြီး ရွှန်းမဲလ်၏အောင်ပွဲများ နိဂုံးကမ္ပတ် အဆုံးသတ် သွားလေတော့၏။ မြောက်အာဖရိကစစ်မျက်နှာတွင် မဟာမိတ်တို့ စစ်ရှုံး နေရာမှ စစ်နိုင်သွားအောင် သမိုင်းအလှည့်အပြောင်းကို မောင်ဂိုမာရီက အယ်လ်အာလာမိန်းတိုက်ပွဲဖြင့် ဖော်ဆောင်ခဲ့လေသည်။

ဤဂန္ထဝင်မြောက်သမိုင်းအလှည့်အပြောင်းဖြစ်စေသည့် ကမ္ဘာကျော် အယ်လ်အာလာမိန်းတိုက်ပွဲကြီးအား ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွါးလာသည်မှစ၍ နိဂါန်းချိကာ အောက်ပါအတိုင်း ဆက်လက်ဖော်ပြအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com






ဒုတိယကမ္ဘာစစ်အတွင်းက ဘင်ဂါဇီတိုဘရွတ်ဒေသ

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)
# ဒုတိယကမ္ဘာစစ်ကြီးနှင့် အာဖရိကစစ်မျက်နှာ

## အခန်း(၁)
## ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားလာခြင်း

ကမ္ဘာ့သမိုင်းတစ်လျှောက်တွင် စစ်ပွဲပေါင်းများစွာ ဖြစ်ပွားခဲ့သည်။ ထိုစစ်ပွဲများအတွင်း တိုက်ပွဲကြီးပေါင်း အမြောက်အမြားကို တိုက်ခိုက်ခဲ့ကြသည်။ ထိုတိုက်ပွဲကြီးများအနက် အချို့မှာ စစ်မဟာဗျူဟာနှင့် စစ်နည်းဗျူဟာအရ အလွန်ပြောင်မြောက်သော တိုက်ပွဲကြီးများဖြစ်သဖြင့် ယနေ့တိုင် သုံးသပ်လေ့လာ နေကြရဆဲ ဖြစ်သည်။


စစ်ပွဲဟူသည် တစ်ဖက်နှင့်တစ်ဖက် လက်ရုံးရည်နှလုံးရည် ယှဉ်ပြိုင်ကြခြင်း ဖြစ်သည်။ စစ်ပွဲကြီးတစ်ပွဲ ပြီးဆုံးသည့်အခါတိုင်း စစ်သူရဲကောင်းများ ပေါ်ထွက်ကြစမြဲဖြစ်၏။

ကမ္ဘာ့သမိုင်းတွင် အကြီးကျယ်ဆုံးသော ဒုတိယကမ္ဘာစစ်ကြီး (၁၉၃၉-၁၉၄၅)ဖြစ်ပွားသောအခါ နိုင်ငံသားတိုင်းပင် အမိနိုင်ငံအတွက် ရရာလက်နက်စွဲကိုင်၍ တိုက်ပွဲဝင်ခဲ့ကြရ၏။ အမိနိုင်ငံအတွက် အသက်၊ သွေး၊ ချွေး

www.burmeseclassic.com

www.burmeseclassic.com






ဒုတိယကမ္ဘာစစ်အတွင်းက ထရီပိုလီနယ်မြေဒေသ

www.burmeseclassic.com

www.burmeseclassic.com



စတေးခဲ့ကြရသည်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားမှုကြောင့် မိဘမဲ့ ကလေးများ၊ အိုးမဲ့အိမ်မဲ့ ဒုက္ခသည်များပေါ်ပေါက်ခဲ့သလို သမိုင်းတွင်ရစ်မည့် စစ်သူရဲကောင်းများလည်း ပေါ်ထွန်းလာခဲ့သည်။ ထိုကမ္ဘာ့သမိုင်းဝင် စစ်ပွဲကြီးများကို တစ်ခုစီပေါင်းစပ်လိုက်ခြင်းဖြင့် ဒုတိယကမ္ဘာစစ်ကြီး၏ စစ်မြေပြင်ရုပ်ပုံလွှာသည် ပိုမိုပီပြင်အသက်ဝင်လာလေသည်။ စစ်သူရဲကောင်းတို့၏ ဘဝဖြစ်စဉ်သည် စစ်သမိုင်းနှင့်ခွဲခြား၍မရဘဲ တစ်ဆက်တစ်စပ်တည်း ဖြစ်နေလေ့ရှိသည်။

ဒုတိယကမ္ဘာစစ်ကြီး၏ သမိုင်းဖြစ်စဉ်ကို လေ့လာသောအခါတွင် စစ်မျက်နှာအလိုက်၊ နိုင်ငံအလိုက်၊ ဒေသအလိုက်ဖြစ်ပွါးခဲ့သော သမိုင်းဝင်တိုက်ပွဲကြီးများ ရှိသည်ကိုတွေ့ရ၏။ ထိုတိုက်ပွဲကြီးများထဲမှ အကြီးအကျယ်ဆုံး၊ အကျော်ကြားဆုံးတိုက်ပွဲကြီးတစ်ခုဖြစ်သော " အယ်လ်အာလာမိန်းတိုက်ပွဲ " **Battle of El Alamein** သည် စစ်ခေါင်းဆောင် ဗိုလ်ချုပ်ကြီးများ၏ စွမ်းရည်လုပ်ရည် ကိုင်ရည်ကို လေ့လာရန် အကောင်းဆုံးသော တိုက်ပွဲကြီးဖြစ်ပေသည်။

**Battle of El Alamein** တိုက်ပွဲကို လေ့လာမည်ဆိုပါက ဒုတိယကမ္ဘာစစ်၏ သမိုင်းဖြစ်စဉ်ကိုပါ ပြန်လည် ဖော်ပြရပေမည်။

ဒုတိယကမ္ဘာစစ်ကြီးသည် ၁၉၃၀ -နှစ်များကာလတွင် ဥရောပတိုက်၊ ဂျာမနီပြည်၌ ဟစ်တလာ ပေါ်ထွန်းလာခြင်း၊ အီတလီပြည်တွင် မူဆိုလိုနီ အာဏာရလာခြင်း၊ အာရှတိုက် ဂျပန်နိုင်ငံတွင် စစ်လိုလားသူများ အုပ်စိုးလာခြင်းစသည်တို့ပေါ်တွင် အခြေခံပြီးပေါ်ပေါက်ခဲ့သည်ဟု ဆိုရပေမည်။ ကိုဝင်ရိုးတန်းနိုင်ငံများသည် ' မဟာမိတ်ဖွဲ့စည်း၍ ၎င်းတို့မကျေနပ်ခဲ့ကြသည်များကို စစ်ပွဲဆင်နွှဲခြင်းဖြင့် ဖြေရှင်းကြလေတော့သည်။

ထိုဖြစ်စဉ်များကို လေ့လာရာတွင် အောက်ပါအတိုင်း တွေ့ရှိရပေသည်။

www.burmeseclassic.com

www.burmeseclassic.com





ဟစ်တလာနှင့် ၎င်း၏ဗိုလ်ချုပ်ကြီးများ

## ဂျာမနီပြည်တွင် ဟစ်တလာအာဏာရလာခြင်း

ဟစ်တလာသည်၊ ဩစတြီးယားနိုင်ငံသားဖြစ်၍ ပထမကမ္ဘာစစ်ကြီးအတွင်း၌ တပ်ကြပ်အဖြစ် ပါဝင်အမှုထမ်းခဲ့သည်။ ၎င်းသည် ၁၉၂၃ ခုနှစ်တွင် ဘာဗားရီးယန်းအစိုးရကို ဖြုတ်ချရန် ကြိုးစားသော လူဒင်ဒေါ့ဖ် ခေါင်းဆောင်သည့်အဖွဲ့၌ ပါဝင်လှုပ်ရှားခြင်းကြောင့် ထောင်ကျခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထောင်ကျနေစဉ် ဟစ်တလာသည် **မိုင်းကမ့်ဖ် MEIN KAMPF** ခေါ် **ကျွန်ုပ်၏ ကြိုးပမ်းချက်များ** ဟူသောစာအုပ်ကို ရေးသားခဲ့သည်။ တစ်နှစ်ခန့်ထောင်ကျပြီးနောက် ထောင်မှ လွတ်လာသောအခါ နာဇီပါတီ (အမျိုးသားဆိုရှယ်လစ်ပါတီ) နှင့် အဆက်ရကာ ထိုပါတီတွင် ခေါင်းဆောင်ဖြစ်လာခဲ့၏။

ဟစ်တလာက **တတိယ ဂျာမန်နိုင်ငံကြီး** အဖြစ် ပြန်လည်တည်ဆောက်ရန်ဟူသော ကြွေးကြော်ချက်ဖြင့် ဟောပြောစည်းရုံးလေသည်။ ၎င်း၏ **တတိယ ဂျာမန်နိုင်ငံကြီး**တွင် ဩစထရီးယား၊ ချက်ကိုစလို ဗားကီးယားနှင့် ပိုလန်တို့ကို ပါဝင်စေရမည်ဟု ဆို၏။ ထို့ပြင် နယ်သာလန် ပြည်ကိုပင် အနာဂတ် ဂျာမန်နိုင်ငံတွင်း၌ ပါဝင်စေရမည်ဟု ဆိုသည်။

ဟစ်တလာသည် ဂျာမန်လူမျိုးတို့၏ ဂုဏ်သိက္ခာကို ဖော်ထုတ်လာသည်။ ပထမကမ္ဘာစစ်ကြီးတွင် ဂျာမန်စစ်တပ်သည် မရှုံးခဲ့ကြောင်း၊ စစ်ရှုံးရခြင်းမှာ ပြည်တွင်းပုန်ကန်မှုကြောင့်သာလျှင် ဖြစ်ကြောင်း စသည်ဖြင့် အမျိုးသားစိတ်ကို လှုံ့ဆော်လာ၏။ ပထမကမ္ဘာစစ်ဖြစ်ပွားခြင်းကို ဂျာမန်တို့အပေါ်၌ မဟာမိတ်တို့၏သမိုင်းဆရာတို့က အပြစ်ဖို့ခြင်းမှာ မတရားဟု ကြေညာသည်။ ထို့ပြင် **ဗယ်ဆိုင်း** စာချုပ်သည် ဂျာမနီပြည်အား အထူးနစ်နာစေသဖြင့် ထိုစာချုပ်ကို ဖျက်သိမ်းပစ်မည်ဟု ဟစ်တလာက နိုင်ငံသားများအား ကတိပြုလေသည်။ အမျိုးသားရေးနှင့်ပတ်သက်၍လည်း ဂျူးလူမျိုးများသည် နိုင်ငံခြားသားများဖြစ်၍ **တတိယဂျာမန်နိုင်ငံ**တွင် ပါဝင်ခွင့် မရှိစေရဟူ၍လည်း အတိအလင်း ငြင်းပယ်ဆန့်ကျင်လေသည်။

ထိုအချိန်တွင် ဂျာမန်အစိုးရမှာလည်း စစ်ဒဏ်ပိနေသော ဂျာမနီပြည်၏အခြေအနေကို တိုးတက်အောင် မဆောင်ရွက်နိုင်ခဲ့ဖြစ်နေ၏။ ဟစ်တလာ က စက်မှုကုန်ထုတ်လုပ်ငန်းပိုင်ရှင်များအား ၎င်းသာ အာဏာရလျှင် လုပ်ငန်းအစိုးရထက် ပိုမိုတိုးတက် အားပေးမည်၊ နိုင်ငံတွင်းဆူပူမှုများကိုလည်း

www.burmeseclassic.com



နှိမ်နင်းပေးမည်ဟု ကတိပြု၏။ တဖက်မှ အလုပ်သမားနှင့် ဆင်းရဲသားများကိုလည်း အလုပ်အကိုင်ရရှိရေး၊ စီးပွါးရေးတိုးတက်လာရေးအတွက် ဟစ်တလာက ဆောင်ရွက်ပေးမည်ဟု သိမ်းသွင်းစည်းရုံးလေသည်။

ဤနည်းဖြင့် ဟစ်တလာ၏နာဇီပါတီသည် ရှေ့တန်းသို့ ထွက်လာနိုင်ခဲ့လေသည်။ ၁၉၃၃ ခုနှစ်တွင် သမ္မတဟင်ဒင်ဘာ့ခ်က ဟစ်တလာအား **ချန်ဆယ်လာ** ခေါ် အစိုးရအဖွဲ့၏ အကြီးအကဲရာထူးကို အပ်နှင်းလိုက်သည်။ ရွေးကောက်ပွဲကိုလည်း အသစ်ပြန်လည်ကျင်းပရာ ဟစ်တလာ၏ နာဇီပါတီနှင့် ၎င်း၏ မဟာမိတ်အဖွဲ့များမှပင် အမတ်အများဆုံးအရွေးခံရပြီး ဟစ်တလာ အား အာဏာရှင်အဖြစ် တင်မြှောက်၍ အာဏာကုန် အပ်နှင်းလိုက်ကြသည်။

ဟစ်တလာ၏ အာဏာရှင်စနစ်အောက်တွင် အတိုက်အခံ နိုင်ငံရေးပါတီအားလုံးကို ဖျက်သိမ်းလိုက်ပြီး ၁၉၃၃ ခုနှစ် ဇူလိုင်လတွင် နာဇီပါတီ တစ်ခုတည်းသာလျှင် တရားဝင်ပါတီဖြစ်ကြောင်း ကြေညာလိုက်လေသည်။ ဂျူးလူမျိုး စီးပွါးရေးကုန်သည်များနှင့် ပညာရှင်များ၏သဖိတ်မှောက်မှုကြောင့် ဂျူးလူမျိုးအများအပြားကို နာဇီအစိုးရက ဖမ်းဆီးသတ်ဖြတ်လေသည်။

ဟစ်တလာ၏ နာဇီအစိုးရသည် ဘာသာရေး၌လည်း ပရိုတက်စတင့်နှင့် ကက်သိုလစ်ဂိုဏ်းများကို ဆန့်ကျင်သော ရှေးဟောင်းရုပ်ထုကိုးကွယ်ရေးမျိုးကို အားပေးအားမြှောက်ပြုလာ၏။ တက္ကသိုလ်များ၌လည်း ၁၉၃၅ ခုနှစ်မှ စ၍ စစ်ပညာကို မသင်မနေရ ပြဋ္ဌာန်းလိုက်လေသည်။

## ဟစ်တလာနှင့် မူဆိုလိုနီ

၁၉၃၃ ခုနှစ်တွင် ဂျာမနီသည် လက်နက်ဖျက်သိမ်းရေး အစည်းအဝေးမှ၎င်း၊ ကမ္ဘာ့နိုင်ငံပေါင်းချုပ်အသင်းကြီးမှ၎င်း နုတ်ထွက်လိုက်လေသည်။ ၁၉၃၄ ခုနှစ်တွင် ပိုလန်နှင့် စာချုပ်လိုက်သည်။ ဗင်းနစ်မြို့တွင် ဟစ်တလာသည်


www.burmeseclassic.com

www.burmeseclassic.com



မူဆိုလိုနီနှင့် တွေ့ဆုံဆွေးနွေးပြီး အာဏာရှင်နိုင်ငံနှစ်ခုတို့၏ မဟာမိတ်ဖွဲ့စည်းရေးကို လမ်းစထွင်ခဲ့၏။

၁၉၃၄ ခုနှစ်ဇွန်လတွင် ဟစ်တလာသည် ၎င်း၏ နာဇီပါတီကိုပင် ပြန်လည် စိစစ်၍ ဖွဲ့စည်းပြီး ပါတီဝင် ၇၄ ဦးကို ၎င်းအား လုပ်ကြံမှု၌ ပါဝင်သည်ဟူသော စွပ်စွဲချက်ဖြင့် သေဒဏ်ပေးလိုက်လေသည်။ ဟစ်တလာ၏ ဩဇာအာဏာသည် များစွာကြီးမားလာခဲ့လေသည်။



အာဖရိက ဂျိုလိုစစ်မြေပြင်

www.burmeseclassic.com

www.burmeseclassic.com



အများတစ်ခုကို လူထုကြားမှာ ထပ်ခါထပ်ခါပြောပေးရင် ကြော်ငြာပေးရင် ကြာရင် လူထုက အမှန်လို့ထင်သွားကြတယ်။

ဟစ်တလာ

ဝါဒရေးရာစစ်ပွဲများ ဖြစ်ပွါးလာခြင်း

ကမ္ဘာ့နိုင်ငံငယ်အများအပြား၌ အာဏာရှင်စနစ်များ ပေါ်ပေါက်လာပြီး အီတလီ၊ ဂျာမနီနိုင်ငံတို့၌ ဖက်စစ်နှင့်နာဇီစနစ်များ ထွန်းကားနေစဉ်တွင် တစ်ဖက်၌လည်း တတိယ ကမ္ဘာ့ကွန်မြူနစ်အဖွဲ့ချုပ်အနေဖြင့် ၎င်း၏ ဩဇာ ညောင်းရန် ကွန်မြူနစ်ဝါဒ သဘောတရားများကို အပြိုင်ဖြန့်ဖြူးလျက် ရှိ၏။

ကမ္ဘာ့ကွန်မြူနစ် အဖွဲ့ချုပ်မှ ကမ္ဘာ့နိုင်ငံအသီးသီး၌ရှိ ကွန်မြူနစ်ပါတီများ၏ အင်အားကြီးထွားလာရေး၊ ဆိုရှယ်လစ်နှင့် အလုပ်သမားလှုပ်ရှားမှုများတွင် ခေါင်းဆောင်မှုရရှိရေးနှင့် ဖြစ်ပေါ်နေသော အခြေအနေများကို အခြေပြု၍ ကမ္ဘာနှင့်အဝန်း တော်လှန်မှုများဖြစ်ပေါ်ရေးကို ရည်သန်ကာ လုပ်ငန်းစဉ်များ ချမှတ် ညွှန်ကြားလျက် ရှိနေလေသည်။

ကမ္ဘာအရပ်ရပ်တွင် ဒီမိုကရေစီ နိုင်ငံများ၊ ဖက်ဆစ်နာဇီဝါဒ ဩဇာခံ အာဏာရှင်နိုင်ငံများနှင့် ကွန်မြူနစ်နိုင်ငံဟူ၍ အသီးသီးပေါ်ပေါက်လာပြီး ဝါဒရေးအရ တစ်ဖက်နှင့်တစ်ဖက် အပြိုင်အဆိုင် တိုက်ပွဲဆင်လာကြပြီ ဖြစ်၏။ လက်နက်ချင်း ယှဉ်ပြိုင်၍ မတိုက်ခိုက်ကြသေးသော်လည်း ဝါဒရေးရာ စစ်ပွဲကား စတင်ဖြစ်ပွားနေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



## ဂျာမနီ၏ သဘောထား

နာဇီ ဂျာမနီနှင့် ဖက်ဆစ် အီတလီပြည်တို့သည် အာဏာရှင်စနစ်၏ လက်အောက်တွင် စက်မှုလုပ်ငန်းများ တိုးတက်လာကြ၏။ ခေတ်သစ်စက်မှု နိုင်ငံတစ်ခုအဖြစ် တည်ရှိနိုင်ရေးသည် ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင် ကုန်ကြမ်း များ ရရှိရေးနှင့် ဈေးကွက်များကို ပါဝင်အသုံးပြုရေးတို့တို့အပေါ်၌ အမှီပြု နေသည်။ ဤအချက်များကို ဂျာမနီရော အီတလီကပါ အလိုရှိကြ၏။

ပထမကမ္ဘာစစ်ကြီးအပြီးတွင် ပြဋ္ဌာန်းခဲ့သော သမ္မတဝီလဆင်၏ ၁၄ ချက်မူ၌ ထိုကဲ့သို့ ကုန်ကြမ်းရရှိရေးနှင့် ကမ္ဘာ့ဈေးကွက်များကို အသုံးပြုနိုင်ခွင့် ရရှိရေးမှာ နိုင်ငံတိုင်း လူမျိုးတိုင်းတို့အတွက် အကျိုးဝင်ပေသည်။ သို့ရာတွင် လက်တွေ့၌ အရင်းရှင်ကုန်ထုတ်လုပ်ငန်းများအနေဖြင့် တိုးတက်လာသော ဖက်ဆစ်အီတလီနှင့် နာဇီဂျာမနီတို့သည် အင်္ဂလိပ်၊ ပြင်သစ်၊ အမေရိကန် စသော ပြည်များကဲ့သို့ ကိုလိုနီပိုင်နယ်များ မရှိသဖြင့် " **လက်မဲ့နိုင်ငံ** " များ ဖြစ်နေကြရ၏။

" **လက်မဲ့နိုင်ငံ** " များ ဖြစ်သဖြင့် ကုန်ကြမ်းများကို လွယ်လင့်တကူ မရရှိခြင်း၊ ဈေးကွက်များ၌ ၎င်းတို့ထက် အလျင်ဦးနေသော " **လက်ရှိနိုင်ငံ** " များ တင်ကြိုလက်ဝါးကြီးအုပ်ထားခြင်း စသည်တို့ကြောင့် သာမန်အားဖြင့် ဆိပ်ကမ်းအခွန် စည်းကြပ်မှုကို ဖယ်ရှားခြင်း၊ လွတ်လပ်စွာ ဖောက်ကားနိုင်ခွင့် ရှိခြင်းဆိုရုံမျှနှင့် တက်ကြွလာသော အရင်းရှင်နိုင်ငံအသစ်တို့အဖို့ များစွာ ထူးခြားခြင်း မရှိချေ။ သို့ဖြစ်၍ " **လက်မဲ့နိုင်ငံ** " များဖြစ်ကြသော ဂျာမနီ၊ အီတလီနိုင်ငံများအနေဖြင့် ကိုလိုနီနယ်မြေများကို သိမ်းပိုက်နိုင်ခွင့်ရှိရမည်။ သို့မှသာ မိမိတို့အတွက် လုံလောက်သော စီးပွါးရေးအာမခံချက်ကို ရရှိလိမ့်မည်ဟု ယုံကြည်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



## ဂျပန်၏ ကျူးကျော်မှုများ

ဂျပန်သည် တရုတ်ပြည်၏ လက်အောက်ခံ မန်ချူးရီးယားနိုင်ငံအား ကျူးကျော်၍ သိမ်းပိုက်ခဲ့သည်။ ဂျပန်သည်လည်း ဥရောပတိုက်ရှိ ဂျာမနီနှင့် အီတလီတို့နည်းတူ စစ်အစိုးအရ၏ လက်အောက် ရောက်မှ တရှိန်တိုး တိုးတက်လာသော အရင်းရှင်နိုင်ငံအသစ်ဖြစ်ရာ ကိုလိုနီများကို တပ်မက်ခြင်း ကြီးစွာဖြင့် ဆာလောင်မွတ်သိပ်၍ နေလေသည်။ ဂျပန်၏ကျူးကျော်မှုကို တရုတ်ပြည်က ကမ္ဘာ့နိုင်ငံပေါင်းချုပ်အသင်းကြီးသို့ ပန်ကြားခဲ့၏။ သို့ရာတွင် ကမ္ဘာ့နိုင်ငံပေါင်းချုပ်အသင်းက မန်ချူးရီးယားပြည်အား တရုတ်ပြည်က ပိုင်ဆိုင်သော သီးခြားလွတ်လပ်သည့်နိုင်ငံအဖြစ် ထားရှိပြီး ဂျပန်က ကွပ်ကဲ အုပ်ချုပ်ရန်သာ အလွန်ပျော့ညံ့စွာဖြင့် ဖြန်ဖြေပေးခဲ့သည်။ သို့သော် ဂျပန်က လက်မခံချေ။ ထိုမျှမက ၁၉၃၃ ခုနှစ် မတ်လတွင် ဂျပန်သည် ကမ္ဘာ့နိုင်ငံ ပေါင်းချုပ်အသင်းမှပင် နှုတ်ထွက်သွား လေသည်။

## အီတလီ၏ ကျူးကျော်မှုများ

ကမ္ဘာ့နိုင်ငံပေါင်းချုပ်အသင်းသည် အမည်မျှသာရှိပြီး လက်တွေ့၌ သြဇာကျဆင်းနေသည်။ ဤအဖြစ်ကို ပြင်သစ်က ရိပ်မိလာ၏။ ရန်သူဖြစ်သော ဂျာမနီသည် အတင့်ရဲစွာဖြင့် စစ်ရေးစာချုပ်များကို ဆန့်ကျင်ကာ စစ်ကို ပြင်ဆင်နေသဖြင့် ပြင်သစ်သည် ဂျာမနီကို လန့်လာလေသည်။ ဤတွင် ပြင်သစ်သည် အီတလီအား အီတလီပြည်နှင့် အာဖရိကအရှေ့ပိုင်းဒေသတို့ရှိ ၎င်း၏ပိုင်နက်အချို့ကို ခွဲဝေပေးလိုက်သည်။

ပြင်သစ်က အီတလီပြည်အား အာဖရိက အရှေ့ပိုင်းရှိ ၎င်း၏ ပိုင်နက် ဖြစ်သော **အီရီထရီးယားပြည်နယ် ERITREA** ခွဲဝေပေးမှုကို အကြောင်းပြု၍

www.burmeseclassic.com

www.burmeseclassic.com



နယ်နိမိတ်ချင်းကပ်နေသော **အီသီအိုပီးယားပြည်** နှင့် နယ်နိမိတ်အရေးအခင်း ပေါ်ပေါက်လာလေသည်။

ဤအချက်ကို အခွင့်အရေးယူပြီး မူဆိုလိုနီသည် အာဖရိကတိုက်တွင် အီတလီ၏ပိုင်နက်ကို ချဲ့ထွင်ရန် အီသီအိုပီးယားပြည်ကို ကျူးကျော်ဝင်ရောက်၍ တိုက်ခိုက်၏။ အီသီအိုပီးယားဘုရင် **ဆေလာဆီယေ** SELASSIE က အီတလီ၏ ကျူးကျော်မှုကို ကမ္ဘာ့နိုင်ငံပေါင်းချုပ်အသင်းသို့ တိုင်တန်းပန်ကြား၏။

ကမ္ဘာ့နိုင်ငံပေါင်းချုပ် အသင်းက ၁၉၃၅ ခုနှစ်တွင် **စီးပွါးရေးဥပဒေ** တစ်ရပ်ကို ပြဋ္ဌာန်း၍ အီတလီအား ကန့်ကွက်ခဲ့သည်။ သို့ရာတွင် အီတလီက လုံးဝဂရုမပြုပဲ မိမိ၏စစ်တပ်များနှင့် ဆက်လက်တိုက်ခိုက်ကာ ၁၉၃၆ ခုနှစ် မေလတွင် အီသီအိုပီးယားပြည်တစ်ခုလုံးကို သိမ်းပိုက်လိုက်လေသည်။

## ဂျာမနီ၏ ကျူးကျော်မှုများ

အီတလီပြည်က အီသီအိုပီးယားပြည်ကို သိမ်းပိုက်လိုက်သည့်အခါ ဟစ်တလာကလည်း အခွင့်ကောင်းယူ၍ **ဗာဆိုင်း** နှင့် **လိုကာနို** စာချုပ်များကို ဖောက်ဖျက်ကာ ပြင်သစ်လက်ထဲမှ ရိုင်းလင်းနယ်ကို သိမ်းပိုက်လိုက်တော့၏။

## စပိန်တွင် ဖရန်ကိုအာဏာရလာခြင်း

၁၉၃၁ ခုနှစ် ဧပြီလတွင် စပိန်ပြည်၌ ဧကရာဇ်ဘုရင်၏အစိုးရ ပြုတ်ကျကာ ကွန်မြူနစ်အစိုးရ တက်လာ၍ သမ္မတနိုင်ငံအဖြစ် ထူထောင်လိုက်ကြသည်။ စပိန်ပြည်သည် လွန်ခဲ့သော နှစ်ပေါင်းများစွာ ကတည်းကပင်

www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေးအာဏာပိုင်တို့၏ ချယ်လှယ်သွေးစုတ်ခြင်းကို ခံခဲ့ရ၏။ စပိန်ပြည်သားများသည် လွန်စွာဆင်းရဲနွမ်းပါးကြ၏။ တမျိုးသားလုံးလိုလို ပညာရေးအောက်တန်းကျ၍ အသိဉာဏ်နုံချာကြ၏။ စပိန်ပြည်အနေဖြင့် အလွန်အမင်းအောက်ကျနောက်ကျဖြစ်ရခြင်းအတွက် တာဝန်အရှိဆုံးသော ပင်မတရားခံမှာ စပိန်ကက်သိုလစ်ဘာသာရေးအာဏာပိုင်တို့ပင် ဖြစ်ကြလေသည်။

ထို့ကြောင့်ပင် ကွန်မြူနစ်တို့က ဘုရင့်အစိုးရကိုဖြုတ်ချပြီး ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်အများအပြားကို ဖမ်းဆီးသတ်ဖြတ်ခဲ့ကြသည်။ အခွင့်ထူးခံမှူးမျိုးမတ်နွယ်များပိုင်ဆိုင်သော မြေယာများနှင့် ဘာသာရေးအဖွဲ့ပိုင် မြေယာများကို ကွန်မြူနစ်များက သိမ်းယူ၍ ဆင်းရဲသားများအား ဝေငှပေးခဲ့၏။ စက်မှုလုပ်ငန်းများကိုလည်း လက်ဝါးကြီးအုပ် အရင်းရှင်တို့ထံမှ သိမ်းပိုက်လိုက်ကြသည်။

တက်ရောက်လာသော အစိုးရသစ်အား အစပထမပိုင်းတွင် လူထုကဝမ်းသာအားရ ထောက်ခံခဲ့ကြ၏။ သို့သော်လည်း အစိုးရသစ်သည် တဖြည်းဖြည်းနှင့် အလွန်ကြမ်းကြုတ် ရက်စက်လာသည်။ နောက်ပိုင်းတွင် ထိုရက်စက် ကြမ်းကြုတ်မှုများကြောင့် ပြည်သူလူထုက အစိုးရကို ကြောက်ရွံ့လာခဲ့ကြ၏။

ထိုအခိုက် ၁၉၃၀ ခုနှစ်တွင် ဘုရင့်အစိုးရကို ပုန်ကန်မှုဖြစ်သော်လည်း နောက်တွင် လွတ်ငြိမ်းခွင့်ရရှိပြီး မော်ရိုကို၌ ရောက်ရှိ အမှုထမ်းနေသည့် စစ်ဗိုလ်ချုပ် **ဂျင်နရယ် ဖရန်ဆီစကို ဖရန်ကို** GENERAL FRANCISCO FRANCO ဦးဆောင်သည့် ဘုရင်အစိုးရကို လိုလားသောအဖွဲ့က ထကြွပုန်ကန်သဖြင့် ပြည်တွင်းစစ်ဖြစ်ပွါးလေသည်။ ဖရန်ကိုသည် ဘာသာရေးကိုကာကွယ်ရန်ဟူသော ကြွေးကြော်သံဖြင့် ပြည်တွင်းစစ်ကို ဆင်နွဲ၏။ **ဖရန်ကို**အား ဘာသာရေးသူရဲကောင်းကြီးအဖြစ် လူအများက အသိအမှတ်ပြုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖရန်ကိုနှင့် အစိုးရသစ်တို့၏ ပြည်တွင်းစစ်ပွဲ အရေးအခင်းတွင် ဂျာမနီနှင့် အီတလီတို့က ဖရန်ကို၏အစိုးရကို အသိအမှတ်ပြုကာ လက်နက်ပစ္စည်းကရိယာများဖြင့် ထောက်ပံ့ ကူညီကြ၏။ အင်္ဂလိပ်နှင့် ပြင်သစ်တို့က စပိန်၏ ပြည်တွင်းရေးတွင် အခြားနိုင်ငံများ ပါဝင်ခြင်းမပြုရန် ဆွေးနွေးညှိနှိုင်းကြ၏။

ရုရှားသည် ပထမပိုင်းတွင် စပိန်သမ္မတအစိုးရသစ်အား လက်နက်ပစ္စည်းအကူအညီပေးခဲ့သော်လည်း နောက်ပိုင်းတွင် မပေးတော့ချေ။ စပိန်အစိုးရသစ်က ရက်စက်ကြမ်းကြုတ်သည့်ထက်ပင် ဘာသာရေးကို ကာကွယ်ရန် အဆိုပြု၍ အစိုးရသစ်ကို ပုန်ကန်တိုက်ခိုက်သော ဖရန်ကို၏ ဂိုဏ်းသားတို့က ပိုမိုဆိုးဝါး ရက်စက်ကြမ်းကြုတ်ကြသည်။

နောက်ပိုင်းတွင် ဖရန်ကို၏ဂိုဏ်းကပင် အောင်ပွဲရရှိပြီး စပိန်ပြည်၌ ဖက်ဆစ်အာဏာရှင်စနစ်ကို ထူထောင်လိုက်ကြလေသည်။

## ဝင်ရိုးတန်းနိုင်ငံများ စာချုပ်ချုပ်ဆိုကြခြင်း

ဂျာမနီ၊ အီတလီနှင့် ဂျပန်တို့သည် နှစ်တိုးစီမံကိန်းချ၍ အရင်းရှင်စနစ်ကို အာဏာရှင်နည်းဖြင့် ထူထောင်လာခဲ့ကြရာ ခေတ်မီ တိုးတက်သော နိုင်ငံသစ်များ ဖြစ်လာကြ၏။ အင်အားရှိသော နိုင်ငံသစ်များဖြစ်လာကြ၏။ အင်အားရှိသောနိုင်ငံများအဖြစ်သို့လည်း ရောက်လာကြ၏။

၁၉၃၆ ခုနှစ် နိုဝင်ဘာလတွင် ဖက်ဆစ်အာဏာရှင်တို့သည် မူလကရှိပြီးဖြစ်သော ဂျာမနီနှင့်အီတလီတို့၏ မဟာမိတ်စာချုပ်ကို တိုးချဲ့ကာ ဂျပန်အား ထပ်မံပါဝင်စေခဲ့သည်။ ထိုစာချုပ်ကို **ရောမ- ဘာလင်- တိုကျို** Rome- Berlin- Tokyo Axis **ဝင်ရိုးတန်းစာချုပ်** ဟု ခေါ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



## မဟာမိတ်တို့၏ လိုက်လျောမှုများ

အနောက်ဥရောပ ဒီမိုကရေစီနိုင်ငံတို့အနေဖြင့် ကမ္ဘာစစ်တစ်ခါ ထပ်မံဖြစ်ပွါးလာမည့် အရေးကို မလိုလားကြချေ။ သို့ဖြစ်၍ ဂျာမနီ၏ ပြန်လည်လက်နက်တပ်ဆင်မှုကို လိုအပ်သည်ထက် လျှော့ပေါ့၍ တွက်ဆပြီး ဂျာမနီ၏လိုလားချက်များကို လိုက်လျောစေ့စပ်ပါက ရရှိနိုင်လိမ့်မည်ဟု မျှော်လင့်နေကြသည်။

မိမိတို့သည် မဟာမိတ်တို့၏ တစ်ဖက်သတ် အနိုင်ကျင့်ချုပ်ဆိုသော ဗယ်ဆိုင်းစာချုပ်အရ မတရားလက်လွှတ်ခဲ့ရသည့် နယ်မြေများကို ပြန်လည်၍ သိမ်းပိုက်ခြင်းသာ ဖြစ်သည်ဟူ၍ ဟစ်တလာက ကြေညာချက်ထုတ်သောအခါ ဟစ်တလာ၏ကျူးကျော်မှုသည် ထိုမျှနှင့်ပင် ပြီးသွားလိမ့်မည်ဟု မဟာမိတ်တို့ အနေဖြင့် မှတ်ထင်ခဲ့ကြ၏။ အီတလီက အာဖရိကတိုက်၌ ဝင်ရောက် သိမ်းပိုက်မှုနှင့်ပတ်သက်၍လည်း တစ်စုံတစ်ရာဝင်ရောက်စွက်ဖက်ခြင်း မပြုပဲ နေလိုက်၏။ ဟစ်တလာနှင့်မူဆိုလီနီတို့၏ အကြံကြီးချက်ကို အနောက်ဥရောပ ဒီမိုကရေစီနိုင်ငံများက ကောင်းစွာမရိပ်မိကြသေးချေ။ အီတလီနှင့်ဂျာမနီတို့၏ ကျူးကျော်မှုမှာ အကန့်အသတ်ရှိသည်ဟု သူတို့က မှတ်ထင်ခဲ့ကြသည်။

## ဒုတိယကမ္ဘာစစ်ကြီးဖြစ်ရသည့် ဂျာမနီ၏ကျူးကျော်မှုများ

မဟာမိတ်နိုင်ငံများဖက်မှ အလျှော့ပေး၍ လျှော့လျှော့ရှုလာသည့်အခါ ဂျာမနီသည် ပို၍ လက်ရဲဇက်ရဲဖြစ်လာပြီး ၁၉၃၈ ခုနှစ် မတ်လတွင် ဩစတြီးယားကို တိုက်ခိုက် သိမ်းပိုက်လိုက်ပြန်၏။

ထို့ပြင် ဟစ်တလာသည် ချက်ကိုဆလိုဗားကီးယားပြည်ကို တိုက်ခိုက်၍ ဆူဒေတန် Sudeten ပြည်နယ်အား ဂျာမနီ၏ ပိုင်နက်အဖြစ် သိမ်းသွင်းရန်

www.burmeseclassic.com

www.burmeseclassic.com



ကြီးထွားလာသောအခါ ဖက်ဆစ်နိုင်ငံမဟုတ်သော တိုင်းပြည်များသည် တုန်လှုပ်ခြောက်ခြားလာကြ၏။ ထိုအခါတွင် ဗြိတိသျှနိုင်ငံမှ နန်းရင်းဝန် မျိုဘာလိန် Chamberlain နှင့်ပြင်သစ်ပြည်ဝန်ကြီးချုပ် **ဒလာဒီယေး** Daladier တို့သည် ၁၉၃၈ ခုနှစ် စက်တင်ဘာလ၌ မြူးနစ်မြို့တွင် ဟစ်တလာနှင့် မူဆိုလိုနီတို့အား တွေ့ဆုံဆွေးနွေးကြ၏။

ထိုဆွေးနွေးပွဲတွင် အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် များစွာသော အလျှော့ပေးလိုက်လျောချက်များဖြင့် ဂျာမနီအား စေ့စပ်ကြသည်။ ချက်ကိုဆလိုဗားကီးယားပြည်ရှိ ဆူဒေတန်နယ်ကိုသာလျှင် ယူ၍ ကျန်ရှိသော ချက်ကိုဆလိုဗားကီးယားပြည်၏ လွတ်လပ်မှုကို အသိအမှတ်ပြုရန် တောင်းဆိုကြ၏။ ထို့ပြင် အင်္ဂလိပ်နှင့်ပြင်သစ်တို့က ချက်ကိုဆလိုဗားကီးယားပြည်ကို နိုင်ငံပေါင်းစုံအသင်းဝင်အဖြစ်မှ ထုတ်ပယ်ရန်လည်း သဘောတူခဲ့ကြသည်။

ဂျာမနီအား ဤမျှအလျှော့ပေး၍ လိုက်လျောစေ့စပ်ခဲ့ကြသော အင်္ဂလိပ်နှင့်ပြင်သစ်တို့သည် ၎င်းတို့၏ မျက်မှောက်၌ပင် တစ်နေ့တစ်ခြား ကြီးထွားလာသော ဂျာမန်တို့၏ စစ်မက်အင်အားကို သိမြင်လာကြသည်နှင့် အမျှ မိမိတို့၏နိုင်ငံများ၌ လုံခြုံရေးနှင့် စစ်မက်အင်အားချို့တဲ့မှုကို အချိန်မီ ပြန်လည်ပြုပြင်ရန် အထူးလိုအပ်လာပြီဖြစ်ကြောင်း အသိတရားရရှိ လာကြတော့သည်။ ထိုအချိန်မှစ၍ စစ်လက်နက်တပ်ဆင်ရေးကို အကန့်အသတ်ဖြင့် ပြန်လည်လုပ်ဆောင်လာခဲ့ကြသည်။

အင်္ဂလိပ်နှင့်ပြင်သစ်တို့၏ လိုက်လျောချက်အရ ဂျာမန်တို့သည် ဆူဒေတန်ပြည်နယ်ကိုသာလျှင် သိမ်းသွင်းရမည့်အစား ၁၉၃၉ ခုနှစ် မတ်လတွင် ချက်ကိုဆလိုဗားကီးယားတစ်ပြည်လုံးကို တိုက်ခိုက်သိမ်းပိုက် လိုက်၏။

ထိုအချိန်တွင် အမေရိကန်သမ္မတ ရုစဘဲ့သည် ဟစ်တလာထံသို့ ဂျာမနီ၏ကြံရွယ်ချက်များကို လှမ်း၍ မေးမြန်းလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟစ်တလာက မိမိအနေဖြင့် ထပ်မံ၍ ကျူးကျော်လိုမှုများ မရှိတော့ကြောင်းကို ပြန်ကြားလိုက်သည်။ သို့ရာတွင် ဂျာမနီသည် ၁၉၃၉ ခုနှစ် ဩဂုတ်လထဲတွင် ပိုလန်နိုင်ငံကို ရုရှားနှင့်ခွဲဝေယူရန် နှစ်ဦး နှစ်ဖက် စစ်မဖြစ်ရေးစာချုပ်ကို ချုပ်ဆိုလိုက်သည်။ ထိုစာချုပ်ချုပ်ဆိုပြီး မကြာမီ စက်တင်ဘာလ ၁ ရက်နေ့တွင် ဂျာမနီသည် ပိုလန်ပြည်ကို ဝင်ရောက် တိုက်ခိုက်သောအခါ တကမ္ဘာလုံးတုန်လှုပ်သွားတော့သည်။

ဒုတိယကမ္ဘာစစ်၏ ကြောက်မက်ဖွယ်ရာ ရှုခင်းသည် ကမ္ဘာ့ဇာတ်ခုံ တွင် တစ်စခန်းဖွင့်တော့မည်ဖြစ်၏။

ဂျာမနီက ပိုလန်ပြည်သို့ ချီတက်တိုက်ခိုက်၍ ၂ ရက်အကြာတွင် ပြင်သစ်နှင့်အင်္ဂလန်နိုင်ငံတို့က ဂျာမနီအား အတိအလင်းစစ်ကြေညာလိုက် လေသည်။ ဥရောပတွင် ဤနည်းဖြင့် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွါး လေတော့သည်။




ရွှန်းမဲလ်နှင့် အီတလီတပ်မှူးကြီးများ

www.burmeseclassic.com

www.burmeseclassic.com





အာဖရိက စစ်မျက်နှာ

## အီတလီနိုင်ငံ၏ ကြံရွယ်ချက်များ

ဒုတိယကမ္ဘာ့စစ်ကြီးပထမပိုင်းတွင် ဂျာမန်တပ်သားများသည် ဥရောပတစ်ခွင်တွင် အောင်ပွဲများဆက်တိုက် ခံယူလျက် ရှိနေ၏။ ထိုအချိန်တွင် ပြင်သစ်ပြည်စစ်ရှုံးတော့မည်မှာ သေချာသောအခါ အီတလီတို့စစ်ထဲသို့ ဂျာမနီဘက်မှ ဝင်ရောက်လာလေသည်။ မူဆိုလိုနီသည် အမြဲတစေ ရောမအင်ပါယာကဲ့သို့ အင်ပါယာမျိုး တည်ဆောက်ရန် ကြံစည်လာခဲ့၏။ ယခုအချိန်တွင် အင်္ဂလိပ်တို့သည် မိမိကျွန်းကာကွယ်ရေးကို သေရေးရှင်ရေး

www.burmeseclassic.com

www.burmeseclassic.com



အစွမ်းကုန်တိုက်ခိုက်နေရချိန်တွင် ၎င်း၏မြေထဲပင်လယ်နှင့် အာဖရိကတိုက်မှ ကိုလိုနီများကို အလွယ်တကူနှင့် ရနိုင်မည်ဟု မူဆိုလိုနီက တွက်ဆခဲ့၏။ ဟစ်တလာနှင့်ဆက်ဆံရာတွင် ဂုဏ်ရှိရန်နှင့် မြေထဲပင်လယ်တွင် ခြယ်လှယ်လွှမ်းမိုး၍ အီတလီနိုင်ငံ ကမ္ဘာ့အလယ်တွင် သိက္ခာတက်ရေးအတွက် မူဆိုလိုနီက အာဖရိကမှ အင်္ဂလိပ်ပိုင် ကိုလိုနီများကို တိုက်ခိုက်လိုခြင်း ဖြစ်ပါသည်။

## အီတလီက စတင်တိုက်ခိုက်ခြင်း

တူးနစ်ဆီးယားတွင် ပြင်သစ်တပ်များ ပြောပလောက်အောင် မရှိတော့ဘဲ မြေထဲပင်လယ်နေရာတကာမှာပင် အင်္ဂလိပ်တပ်ခိုင်ခိုင်မာမာဟူ၍ လည်း မရှိတော့ပေ။ ထိုမြေထဲပင်လယ်မှ မော်လတာကျွန်း၊ ဆူဒန်၊ ပါလက် စတိုင်း၊ ဆိုမာလီ၊ အေဒင်၊ အီရတ်၊ ကင်ညာနှင့် နိုင်းမြစ်ဝှမ်းတို့မှာလည်း ဗြိတိသျှတပ်များ ခိုင်ခိုင်မာမာ ထိန်းသိမ်းထားနိုင်ခြင်း မရှိတော့၍ အီတလီသည် အချိန်မရွေး သိမ်းပိုက်နိုင်တော့မလို ဖြစ်ခဲ့လေသည်။ ထို့ကြောင့် လစ်ဗျားနှင့် အဘီဆီးနီးယားမှ အီတလီစစ် ခေါင်းဆောင်များသို့ တိုက်ခိုက်ရေး အမိန့်များ ထုတ်ပြန်ခဲ့လေသည်။ ၁၉၄၀ ခု၊ စက်တင်ဘာလ (၁၃)ရက်နေ့တွင် အီတလီ ဗိုလ်ချုပ်ဂရာဇီရာနီသည် အီဂျစ်ကို ဝင်ရောက် တိုက်ခိုက်လေသည်။

## အီတလီ၏ရည်မှန်းချက်

၎င်းရည်မှန်းချက်များမှာ လစ်ဗျားနယ်ခြားမှ မိုင်(၃၀၀)မျှ ဝေးသော အလက်ဇန်းဒရီးယားမြို့ ALEXANDRIA ဖြစ်လေသည်။ အင်္ဂလိပ်တို့အဖို့ အရှေ့ပိုင်းမြေထဲပင်လယ်တွင် ရေတပ်ကြီးတစ်ခုလုံး ခိုအောင်းနိုင်သော ဆိပ်ကမ်းမြို့မှာ အလက်ဇန်းဒရီးယား ဆိပ်ကမ်းမြို့ပင် ဖြစ်ပေသည်။ ၎င်းမြို့

www.burmeseclassic.com



ကိုသာ အီတလီတို့ရရှိပါက အင်္ဂလိပ်တို့မှ များစွာနစ်နာဖွယ်ရာ ရှိလေသည်။ ဤကဲ့သို့ အလက်ဇန်းဒရီယားမြို့ကိုရရှိပြီး မော်လတာကိုလည်း လေကြောင်းမှ အမြဲတစေ နှောင့်ယှက်နေပါက အင်္ဂလိပ်ရေတပ်မှာ မြေထဲပင်လယ် အနောက်ပိုင်း ဂျီဘရော်တာတွင်သာ အခြေပြု၍ ကျက်စားနိုင်မည် ဖြစ်လေသည်။ ထိုအခါတွင် ဂျာမန်၊ အီတလီတပ် များကို အာဖရိကတိုက်သို့ ဘေးရန်မရှိဘဲ စစ်ကူပို့နိုင်ပြီး အီဂျစ်၊ စူးအက် တူးမြောင်းအရှေ့သို့သွားရာ လမ်းတစ်လျှောက် လုံးနှင့် အရှေ့အလယ်ပိုင်းမှာ ဓာတ်ဆီ၊ စက်ဆီတို့မှာ အီတလီတို့လက်ဝယ် ကျရောက်ရပေတော့မည်။ အီတလီအတွက် ထိုအခွင့်အရေးများရရန် အလွန် ခဲယဉ်းလှပေသည်။

## ဂျာမနီနိုင်ငံ၏ရည်ရွယ်ချက်များ

ဟစ်တလာသည် အင်္ဂလန်ကျွန်းကို လေတပ်မှတိုက်ခိုက်၍ မအောင်မြင်သောအခါ အင်္ဂလိပ်တို့အားနည်းသွားစေရန် အခြားသွယ်ဝိုက်သော နည်းလမ်းများကို ရှာကြလေသည်။ ယခုအခါတွင် အီတလီပါ မိမိဘက်သို့ ပါဝင်လာပြီးဖြစ်ရကား ဂျာမနီသည် စစ်နည်းဗျူဟာအရ မြေထဲ ပင်လယ်၌ စစ်ဆင်နိုင်ပြီဖြစ်၏။ ထို့နောက် အီဂျစ်ကိုသာ တိုက်ခိုက်နှိမ်နင်းပါက အင်္ဂလိပ် ရေကြောင်းအင်အားကို ဖြိုခွင်းနိုင်မည်ဖြစ်ပေသည်။ မြေထဲပင်လယ်မှာ အင်္ဂလိပ်၏အသက်သွေးကြောပင် ဖြစ်သည်။ မြေထဲပင်လယ်ကိုပင် ခုတုံးလုပ်ပြီး ဥရောပမှပျော့ကွက်နေရာများကို အင်္ဂလိပ်က တိုက်ခိုက်နိုင်၏။ ထိုသို့ တိုက်ခိုက်လာလျှင် ဟစ်တလာ၏တောင်ဘက် တောင်ပံတပ်များမှာ စိတ်ချရမည် မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



## ဟစ်တလာက ရုရှား၏ကြံရွယ်ချက်များကိုစိတ်မချပုံ

ဟစ်တလာသည် အထက်ပါအချက်များကို သေချာစွာ သိရှိသော်လည်း တဘက်မှရုရှားကိုလည်း စိတ်မချနိုင်သေးချေ။ ထို့ကြောင့် ရုရှားကို တိုက်ခိုက်ရန် အမြဲစဉ်းစားခဲ့လေသည်။ မိုလိုတော့သည် ၁၉၄၀ ခုနှစ်၊ နိုဝင်ဘာလထဲ၌ ဘာလင်သို့လာရောက်ဆွေးနွေးစဉ်က ရုရှားသည် ဒါဒါနယ်လ်တွင် စိတ်ဝင်စားခြင်းကိုငှင်း၊ ရူမေးနီးယားကို တိုက်ခိုက်နိုင်သည်ကိုငှင်း၊ ဟစ်တလာက ရိပ်မိခဲ့၏။ ထို့ကြောင့် ရုရှားသည် အင်္ဂလန်နှင့် လျှို့ဝှက်စာချုပ်ချုပ်ဆိုမည်ကိုလည်း ဟစ်တလာသည် အမြဲတန်းစိုးရိမ်နေ၏။ ဟစ်တလာ၏စစ်ခေါင်းဆောင်ကြီးများထဲမှ ရက်ဒါး RAEDEE နှင့် ဂိုးအားရင်း GOERING တို့ကမူ ဟစ်တလာကို ရုရှားအား မတိုက်ရန်နှင့် တောင်ဘက်မြေထဲပင်လယ်ဘက်ကို ချဲ့ထွင်ရန် အမြဲတန်း တိုက်တွန်း နှိုးဆော်ခဲ့လေသည်။

## ရက်ဒါး၏ အကြံဉာဏ်

အင်္ဂလိပ်သည် အမြဲတန်းမြေထဲပင်လယ်ကို မိမိတို့အင်ပါယာ၏ မဏ္ဍိုင်သဖွယ် အမှတ်ထားခဲ့၏။ ဂျာမန်နှင့်အင်္ဂလိပ်တို့ လေကြောင်းတိုက်ပွဲနှင့် ရေငုပ်သင်္ဘောများ တိုက်ခိုက်နေကြစဉ်မှာပင် အီတလီကို ဗြိတိသျှတပ်များက ဝန်းရံထားပြီး တိုက်ခိုက်ကြ၏။ အီတလီသည် ဂျာမနီ၏အကူအညီကို မယူဘဲ ယခုအချိန်အထိ မိမိတို့ဘေးအန္တရာယ်ကို မရိပ်မိကြသေးချေ။ ထို့ကြောင့် ဂျာမနီသည် မိမိအင်အားရှိသမျှကို စုစည်းပြီး အမေရိကန်တပ်များ အဆင့်သင့်မဖြစ်မီ အင်္ဂလိပ်ကို တိုက်ခိုက်ချေမှုန်းရန် လို၏။ ထိုအကြောင်းများကြောင့် မြေထဲပင်လယ်ပြဿနာကို ၁၉၄၀ ခု ဆောင်းရာသီမကျရောက်မီ ဖြေရှင်းပစ်ရမည်ဖြစ်ပြီး အောက်ပါအတိုင်း အဆင့်ဆင့်လုပ်ဆောင်ရန် -

www.burmeseclassic.com

www.burmeseclassic.com



- ဂျီဘရော်တာကို သိမ်းပိုက်ရန်။
- အီတလီတပ်များ အီဂျစ်သိမ်းပျှင် ဂျာမန်တပ်များကူရန်။
- အီဂျစ်တိုက်ပြီး ပါလက်စတိုင်းနှင့် ဆီးရီးယားဖြတ်ပြီး တူရကီသို့ ချီတက်ရန် ဖြစ်သည်။

**ဂိုအာရင်း၏အကြံဉာဏ်**

ဂိုအာရင်းကလည်း ရက်ဒါးကဲ့သို့ပင် မြေထဲပင်လယ်တိုက်ခိုက်ရေး အတွက် ဟစ်တလာကို အကြံဉာဏ်ပေးခဲ့သည်။ ၁၉၄၀ ခုနှစ် ဆောင်းရာသီ တစ်လျှောက်လုံး မိမိအကြံဉာဏ်ဖြစ်သော မြေထဲပင်လယ် အရှေ့နှင့်အနောက် ဘက်ဝင်ပေါက်များကို တိုက်ခိုက်ပြီး အင်္ဂလိပ်တပ်များ မြေထဲပင်လယ်သို့ ဝင်ပေါက် ထွက်ပေါက်များပိတ်ရန်ကို ဟစ်တလာအား အကြံဉာဏ် တိုက်တွန်း တင်ပြခဲ့လေသည်။

**ဟစ်တလာ၏သဘောထား**

ဟစ်တလာသည် ရက်ဒါး၏ အကြံဉာဏ်ကို ယေဘုယျအားဖြင့် သဘောတူညီ၏။ သို့သော် မိမိတွင် အီတလီနှင့် ကြိုတင်သဘောတူညီချက်များ ရှိနေသေး၏။ မြေထဲပင်လယ်သည် အီတလီ၏ အာဏာစက်ပြန့်နှံ့ရာအဖြစ် အသိအမှတ်ပြုထားရပြီး မူဆိုလိုနီက မိမိ ရောမအင်ပါယာခဲ့ထွင်ရေးတွင် ဂျာမနီအကူများစွာ လိုလားသည်မဟုတ်ပေ။ ထို့ပြင် ဂျာမနီစစ်ဦးစီးချုပ်ဌာနက အီတလီရေတပ်သည် ဂျာမန်တပ်အမြောက်အများ၏ ဆက်သွယ်ရေး လမ်းကြောင်းကို စိတ်ချလောက်အောင် ကာကွယ်ပေးနိုင်မည်မဟုတ်သဖြင့် အရှေ့မြေထဲပင်လယ်တွင် အကြီးအကျယ် စစ်ဆင်မှု မပြုလုပ်လိုပေ။ ထို့ပြင်

www.burmeseclassic.com

www.burmeseclassic.com



ဟစ်တလာသည် ရုရှားကိုသာ ချိတက်တိုက်ခိုက်ရန် စိတ်စောနေပြီး မြေထဲပင်လယ်စစ်မျက်နှာကို ရုရှားအား မတိုက်မီ အကြီးအကျယ်စစ်ဆင်ရေးတစ်ခု အနေနှင့် မစဉ်းစားချေ။ သို့သော် မိမိမှာ ရုရှားကို မချေမှုန်းရသေးမီ အင်္ဂလိပ်က အနောက်စစ်မျက်နှာသစ်တစ်ခုဖွင့်ခြင်းမှာ ကာကွယ်ရန်သာ မြေထဲပင်လယ်စစ်မျက်နှာကို စိတ်ဝင်စား ခဲ့၏။ အဓိက လိုအပ်ချက်တစ်ခုအနေဖြင့် အလေးပေးစဉ်းစားခြင်း၊ စိတ်ဝင်စားခြင်း မရှိခဲ့ပေ။

**ဟစ်တလာအရေးယူပုံ**

အထက်ပါအကြောင်းများကြောင့် ဟစ်တလာသည် မြေထဲပင်လယ်စစ်မျက်နှာကို အီတလီသို့သာ လုံးဝလွှဲထားသော်လည်း မလွှဲမရှောင်သာတော့ဘဲ ဝင်ရောက်တိုက်ခိုက်ရန် အကြောင်းဖန်တီး လာခဲ့လေသည်။ ၎င်းမှာ ရက်ဒါးနှင့် ဂိုးအားရင်းတို့က အကျိုးအကြောင်းခိုင်လုံစွာ ရှင်းပြတိုက်တွန်းခြင်းကြောင့် မဟုတ်ဘဲ အီတလီတပ်များသည် ၁၉၄၀ ခု၊ ဒီဇင်ဘာလကစပြီး အင်္ဂလိပ်တို့ အီဂျစ်မှ တိုက်ခိုက်ခြင်းဒဏ်ကို မခံနိုင်ဘဲ ဆုံးရှုံးခြင်းများကြောင့် ဖြစ်လေသည်။ ဟစ်တလာက မြေထဲပင်လယ်ကို ဝင်ရောက်တိုက်ခိုက်ရသော်လည်း ရုရှားစစ်မျက်နှာကိုသာ အဓိကထားခဲ့ပြီး မြေထဲပင်လယ်၌ အခြေအနေကြောင့်သာ ဝင်ရောက် တိုက်ခိုက်ရခြင်းသာ ဖြစ်၏။ ထိုသို့ မူဆိုလိုနီ၏တောင်းဆိုချက်အရသာ ဟစ်တလာက ဝင်ရောက်တိုက်ခိုက်ရသော်လည်း အီတလီဗိုလ်ချုပ်များက ဂျာမန်တပ်များ ပါဝင်တိုက်ခိုက်ခြင်းကို အကြီးအကျယ် အပြင်းအထန် ကန့်ကွက်ခဲ့ကြလေသည်။ မူဆိုလိုနီကိုယ်တိုင်ကလည်း အခြေအနေအရ ဂျာမန်ကိုအကူအညီတောင်းရသော်လည်း ဂျာမန်များကသာ အဓိက တာဝန်ထမ်းဆောင်ပြီး ပါဝင်သည်ကို မလိုလားချေ။ အထူးသဖြင့် အီတလီ

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်များဖြစ်သော ဘာဒေါ့ခ်လီအို BADOGLIO နှင့် ဂရာဇီရာနီ GRAZIANI တို့က အပြင်းအထန် ကန့်ကွက်ခဲ့ကြလေသည်။

## ဂျာမန်တို့အမြင်မကျယ်ပုံ

ဟစ်တလာသည် မြောက်အာဖရိက မဆုံးရှုံးရန် အရေးကြီးသည်ကို သိသော်လည်း အီဂျစ်ကိုအောင်နိုင်ခြင်းကြောင့် ရရှိမည့် အကျိုးတရားများကို သဘောပေါက်နားလည်ခဲ့ခြင်းမရှိပေ။ ဟစ်တလာ၏ ဦးစီးအဖွဲ့မှာလည်း ထိုနည်းအတူပင် ဖြစ်လေသည်။ ဥပမာအားဖြင့် ဗိုလ်ချုပ်ဟောဒါး HALDER က မြေထဲပင်လယ်စစ်ဆင်ရေးကို အီတလီအား စစ်ထဲမှထွက်သွား စေရန်သာ ရည်စူး၍ ပြုလုပ်သည်ဟု အမြင် သဘောထားခဲ့လေသည်။ အရှေ့အလယ်ပိုင်းမှ ဓာတ်ဆီရရှိရေးသော့ချက်ဖြစ်သည်ကို မတွက်ချက် ခဲ့ကြချေ။


## ဗိုလ်ချုပ်ရွှန်းမဲလ်ကို စေလွှတ်ခြင်း

အီတလီဗိုလ်ချုပ်ဂရာဇီရာနီဆုံးရှုံးပြီးသောအခါ တပ်ဖွဲ့တစ်ခုလုံးကို ဗိုလ်ချုပ်ရွှန်းမဲလ်အား ဦးစီးစေ၍ မြောက်အာဖရိကသို့ စေလွှတ်ခဲ့လေသည်။ ယိုအင်အားမှာ ဗြိတိသျှတို့ လစ်ဗျား LIBYA ကို တိုက်ခိုက်သိမ်းပိုက်ခြင်း မှ ကာကွယ်နိုင်အောင် အားကောင်းသော်လည်း အဆုံးအဖြတ်ပေးနိုင်လောက် အောင်ကား အင်အားမရှိခဲ့ချေ။ ထို့ကြောင့် စစ်မျက်နှာမှ တိုက်ပွဲများသည် ၁၉၄၁ ခု နွေဦးမှ ၁၉၄၂ ခု ဆောင်းဦးထိ တစ်ဖက်နှင့်တစ်ဖက် အပြတ် မတိုက်နိုင်ဘဲ နိမ့်တုံမြင့်တုံဖြစ်ခဲ့လေသည်။ ပထမပိုင်းတွင် ဗြိတိသျှတို့ဘက်မှ ဗိုလ်ချုပ်ဝေဗဲလ် FIELD MARSHAL LORD WAVELL ဦးဆောင် မှုပြီးနောက် ဗိုလ်ချုပ်ရစ်ချီ GENERAL NEIL RITCHE က အရှေ့

www.burmeseclassic.com



အလယ်ပိုင်းကြည်းတပ်များကို အနီးကပ်တာဝန်ယူခဲ့သည်။ နောင်တွင် ဗိုလ်ချုပ်အောချင်လက် GENERAL AUCHINLECK က အရှေ့အလယ်ပိုင်းကြည်းတပ် ဗိုလ်ချုပ်အဖြစ် တာဝန်လွှဲပြောင်းယူခဲ့လေသည်။




ဂျာမန်
စစ်သူကြီး
ရွှန်းမဲလ်

www.burmeseclassic.com

www.burmeseclassic.com



အောင်ပွဲရသောစစ်ဗိုလ်တို့သည် တိုက်ပွဲမဝင်မီကပင် အမျိုးမျိုးသော တွက်ချက်တိုင်းဆမှုများကို သူ့ခေါင်းထဲတွင် ကြိုတင်ပြုလုပ်ထားနှင့်၏။ စစ်ရှုံးသောစစ်ဗိုလ်တို့ကား ကြိုတင်တွက်ချက်မှုအနည်းငယ်သာ ပြုလုပ်လေ့ရှိ၏။

ဆန်ဇူ

## ဗြိတိသျှတို့အတွက် အရေးကြီးသည့်မြောက်အာဖရိက

### အီတလီ၏ ဘေးအန္တရာယ်

၁၉၃၆ ခုနှစ်တွင် ချုပ်ဆိုသော အင်္ဂလိပ်၊ အီဂျစ်စာချုပ်အရ အင်္ဂလိပ်တို့သည် မိမိတပ်များကို အီဂျစ်ပြည်၌ စူးအက် တူးမြောင်းကို ကာကွယ်ရန်သာ ချထားခဲ့ပေ၏။ အီတလီသည် ၁၉၄၀ ခုနှစ်၊ ဇူလိုင်လတိုင်အောင် စစ်ထဲမဝင်ဘဲ နေခဲ့သော်လည်း အရှေ့အလယ်ပိုင်း ဒေသတစ်ခုလုံးမှ ဗြိတိသျှအကျိုးစီးပွါးကို ပျက်စီးအောင်ပြုလုပ်နိုင်သူမှာ လစ်ဗျား LIBYA နှင့် အရှေ့အာဖရိက၌ တပ်အမြောက်အမြားချထားသည့် အီတလီများပင် ဖြစ်ပေ၏။ ပို၍ စိတ်မချ ရွယ်ကောင်းသည်မှာကား အီတလီတပ်များသည် နယ်သစ်များ လိုလားကြောင်းကို အထင်အရှား ပြလာသောကြောင့်ပင် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အရှေ့နှင့် ဆက်သွယ်ရာလမ်းကြောင်း

စစ်ဖြစ်လာသည်နှင့်တစ်ပြိုင်နက် အရှေ့နှင့်ရေလမ်းခရီးဖြင့် အဆက်အသွယ် ကောင်းကောင်းမွန်မွန်ဖြစ်ရေးမှာ များစွာအရေးကြီးလာပေသည်။ အိန္ဒိယပြည်မှစစ်အတွက် လူပစ္စည်းအမြောက်အမြားကို ဥရောပသို့ တင်ပို့နိုင်ရန်မှာ မြေထဲပင်လယ်ကို လွတ်လပ်စွာအသုံးပြုနိုင်ရန် အရေးကြီးလေသည်။ ထို့အတူပင် အရှေ့ဖျားနှင့် ဆက်သွယ်ရေးအတွက်ပါ မြေထဲပင်လယ်မှာ အရေးပါလှ၏။ အီတလီတို့စစ်ထဲသို့ ဂျာမန်ဘက်မှ ဝင်လာသောအခါ မြေထဲပင်လယ်၌ ဘေးအန္တရာယ်များပြားလာပြီး အစောင့်အရှောက်ထူထပ်စွာပါမှ ဖြတ်သန်းသွားလာနိုင်ပေတော့၏။ သို့သော် မော်လတာကိုမူကား အမြဲစစ်ကူ အလုံအလောက်ပို့ထားလေသည်။ ထိုအချက်များကြောင့် မြေထဲပင်လယ်မှာ အင်္ဂလိပ်တို့အဖို့ အသက်သွေးကြောပမာ အရေးကြီးလှပေသည်။

## ဓာတ်ဆီထောက်ပံ့ရေး

အရှေ့အလယ်ပိုင်းမှ ဓာတ်ဆီရရှိရေးမှာ ဗြိတိသျှတို့ စစ်နည်းဗျူဟာအရ များစွာအရေးကြီးသောအချက်ပင် ဖြစ်လေသည်။ အမေရိကန်မှ ဓာတ်ဆီထုတ်လုပ်ရေးမှာ မိမိတို့အတွက်ပင် မလုံလောက် သေးဘဲ ၎င်းတို့ကပါ အရှေ့အလယ်ပိုင်းမှ ဓာတ်ဆီအချို့ကို လိုနေသေး၏။ ဗြိတိသျှမှာမူ အရှေ့အလယ်ပိုင်းဓာတ်ဆီကိုသာ လုံးဝအားထားနေရသည့်အပြင် စစ်ဖြစ်သည်မှစ၍ ဓာတ်ဆီမှာ အရေးအကြီးဆုံးစစ်ပစ္စည်းတစ်ရပ် ဖြစ်ပေတော့၏။ မြေထဲပင်လယ်မှ ရေကြောင်းဖြင့် ဓာတ်ဆီတင်ပို့ရေးအပြင် အောက်ပါနှစ်ချက်မှာလည်း ဗြိတိသျှစစ်နည်းဗျူဟာ၌ အရေးကြီးပေသည် -

www.burmeseclassic.com

www.burmeseclassic.com



(က) **ဓာတ်ဆီပိုက်လိုင်း။** အီရတ်မှ ဓာတ်ဆီပိုက်လိုင်းမှာ နှစ်သွယ်ရှိပြီး တစ်ခုက ဆီးရီးယားမှ ထရီပိုလီတွင် ဆုံးပြီး တခြားတစ်ခု ဟိုက်ဖါ HIFA အထိ ပေါက်ရောက်လေသည်။ ဤပိုက်လိုင်းလုံခြုံမှုမှာ ဗြိတိသျှတို့ ပြဿနာတစ်ရပ်ဖြစ်ပြီး ၄င်းပိုက်လိုင်းဖြတ်သန်းရာဒေသများတွင်ပါ ဗြိတိသျှသြဇာပြန့်နှံ့ရန် အရေးကြီးပေသည်။ထို့ကြောင့် တောင်ဘက် ဓာတ်ဆီပိုက်လိုင်းဖြတ်သန်းရာ ဂျော်ဒါနီယာ JORDANIR ကိုပါ ဗြိတိသျှတို့က ကြိုးကိုင်လိုပေသည်။ ၁၉၄၀ ခုနှစ်၊ ဇွန်လတွင် ထရီပိုလီသဘောထားမှာ ကွဲကွဲပြားပြားမသိရသေးဘဲ အာဏာပိုင်ပြင်သစ်တို့ကပါ မိမိတို့ ပြင်သစ်ပြည်ကြီး အခြေအနေနှင့် သဘောထားကို အကဲခတ်လျက် နေရစဉ် ဖြစ်လေ၏။

(ခ) **ရေနံတွင်းများ။** ရေနံတွင်းများကို ရန်သူမသိမ်းပိုက်နိုင်စေရန်လည်းကောင်း၊ ဓာတ်ဆီထုတ်လုပ်ရေးအတွက် ရေနံတွင်းနယ်မြေအားလုံး နိုင်ငံရေးအခြေအနေအရ ငြိမ်ဝပ်ပိပြားရန် အင်္ဂလိပ်အဖို့ များစွာ အရေးကြီးပေသည်။

**တိုက်ပွဲဒဏ်ကို ခံနိုင်ရန် တပ်မတော်တစ်ခု၏ အရေးကြီးဆုံးအချက်မှာ လက်နက်၊ ဓာတ်ဆီ၊ ကျည်ဆန်လုံလောက်အောင် ရှိခြင်းပင် ဖြစ်သည်။ စင်စစ်အားဖြင့် ပစ်ခတ်မှုမစမီကပင် တပ်ထောက်အချင်းချင်း၏ တိုက်ပွဲသည် အဆုံးအဖြတ်ပေးပြီး ဖြစ်ပေသည်။**

**ရွန်မဲလ်**

www.burmeseclassic.com

www.burmeseclassic.com



## တောင်ပိုင်းဥရောပကို တိုက်ခိုက်ရန် ခြေကုတ်စခန်း

အထက်ဖော်ပြပါအကြောင်းများကြောင့် အရှေ့အလယ်ပိုင်းမှ ဓာတ်ဆီမှန်မှန်ရရှိရေးမှာ ဗြိတိသျှတို့၏ စစ်မဟာဗျူဟာနှင့် စစ်နည်းဗျူဟာများကို လွှမ်းမိုးနိုင်ပြီး စစ်ဆင်ရေးတာဝန်ရှိသူတိုင်းက ၎င်းအချက်ထည့်သွင်း တွက်ချက်ခဲ့လေသည်။ ၎င်းအချက်များကြောင့်ပင်လျှင် အီဂျစ်တွင် အခိုင်အမာနေနိုင်ရေးမှာ အင်္ဂလိပ်အဖို့ များစွာအရေးကြီးခဲ့လေသည်။ တောင်ပိုင်းဥရောပကို တိုက်ခိုက်ရန်မှာ အောက်ပိုင်းပျော့ကွက် SOFT UNDER BELLY မှ တိုက်ခိုက်ရမည်ဆိုသော အယူအဆမှာ နပိုလီယန်စစ်များ နောက်ပိုင်းတွင်ပေါ်ပေါက်ခဲ့သည့် တွေးခေါ်ချက်တစ်ရပ်ပင် ဖြစ်ပါသည်။ ပြောင်းလွယ်ပြင်လွယ်ရှိခြင်းနှင့် ရေကြောင်းအရေးပါမှုရှိခြင်းတို့ကြောင့် အင်္ဂလိပ်စစ်ဆင်ရေးတာဝန်ရှိသူများက လက်ခံစဉ်းစား ခဲ့ကြလေသည်။ ဂျာမန်တပ်များ ဥရောပတလွှားတွင် နေရာတကာတပ်စွဲ နေကြသောအခါ ဥရောပကို တိုက်ခိုက်ရေးအတွက် အောက်ပိုင်းပျော့ကွက်မှ စစ်ဆင်ရေးပြုလုပ်နိုင်ရန် မြောက်အာဖရိကကို အခိုင်အမာရရှိထားရန် အရေးကြီးလှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## တိုက်ပွဲဝင်ဗိုလ်ချုပ်ကြီးများ

ဗြိတိသျှတို့သည် အာဖရိကတိုက်စစ်မျက်နှာကို အလွန်အရေးကြီးသည်ဟု မှတ်ယူသဖြင့် ဦးစွာ ဗိုလ်ချုပ်ဝေဗယ်ကို တာဝန်ပေးအပ်ထားခဲ့ပြီးနောက် ဗိုလ်ချုပ်အော့ချင်လက် General Auchinleck ကို အစားထိုး တာဝန်ပေးခဲ့သည်။ ထို့မှတဖန် ဗိုလ်ချုပ်အလက်ဇန်းဒါး General Alexader အား အရှေ့အလယ်ပိုင်းဒေသတပ်မှူးအဖြစ် အစားထိုးခန့်အပ်ခဲ့ပြီး အင်္ဂလိပ်ရှိ အမှတ်(၈)၊ တပ်တော် တပ်မှူးအဖြစ် ဗိုလ်ချုပ် မောင်ဂိုမာရီ General Montgomery ကို ခန့်ထားခဲ့သည်။

ဝန်ရိုးတန်းတပ်များကို အစဉ်အမြဲဦးစီးသူမှာ သဲကန္တာရမြေခွေး Desert Fox ဟု ကျော်ကြားသော ဗိုလ်ချုပ်ရွမ်းမဲလ်ဖြစ်သည်။ ကျန်းမာရေး မကောင်းသဖြင့် ဂျာမနီသို့ ပြန်လည်သွားရောက် ဆေးကုသနေရချိန်တွင် ရွမ်းမဲလ်သည် ဗိုလ်ချုပ်စတွမ်း General Stumme ထံ တပ်များလွှဲအပ်ထားခဲ့၏။ ထိုးစစ်များ စတင်ချိန်တွင် ရွမ်းမဲလ်ကိုယ်တိုင် စစ်မြေပြင်သို့ ပြန်လာကာ တပ်များကို ဦးစီးခဲ့သည်။ ထို့ကြောင့် အာဖရိကတိုက်စစ်မျက်နှာတွင် အဆုံးအဖြတ်ပေးသော အယ်လ်အာလာမိန်းတိုက်ပွဲကို မဟာမိတ်တပ်များအား မောင်ဂိုမာရီဦးစီး၍ ဝန်ရိုးတန်းတပ်များကို ရွမ်းမဲလ်ဦးစီးကာ ရင်ဆိုင်ချဲချဲ တိုက်ခိုက်ခဲ့ကြသည်။

www.burmeseclassic.com


www.burmeseclassic.com



ထောက်ပံ့ရေးနှင့် ရွှေ့ပြောင်းရေးအချက်အလက်များသည် ခေါင်းဆောင်တိုင်း ပြုလုပ်သည့် စီမံချက်၏အခြေခံဖြစ်ရမည်၊ သို့မှသာ ထိုအချက်အလက်များနှင့် ပတ်သက်၍ မည်သည့်အချိန်တွင် မည်ကဲ့သို့အရဲစွန့်၍ လုပ်ကိုင်ရမည်ကို သိရှိ နိုင်ပေမည်၊ စစ်ပွဲများတွင် အရဲစွန့်လုပ်ကိုင်မှသာ အောင်မြင်မှုရပေသည်၊

ဝေဗယ်

မြောက်အာဖရိကစစ်မျက်နှာတွင် ဗြိတိသျှတပ်မှူးကြီးများက ဝေဗယ်၏အဆိုအမိန့်ကို လိုက်နာလာကြ၍ နောက်ပိုင်း၌ အောင်ပွဲ ခံနိုင်လာကြ၏။



ဗြိတိသျှတို့၏အာဖရိကတပ်မှူးကြီး

ဗိုလ်ချုပ်ကြီးဝေဘယ်လ်

www.burmeseclassic.com

www.burmeseclassic.com



## ဂျာမန်ဗိုလ်ချုပ်ကြီးရွှန်းမဲလ်

အာဖရိကတိုက်စစ်မျက်နှာတွင် လျှမ်းလျှမ်းတောက် ကျော်ကြား ထင်ရှားလာမည့် ဂျာမန်ဗိုလ်ချုပ်ကြီးအာဝင်ရွှန်းမဲလ်ကို ဂူတင်းဘာတ်နယ်ရှိ **ဟောဒင်ဟိမ်**မြို့ကလေး၌ ၁၈၉၁ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်၊ တနင်္ဂနွေနေ့ မွန်းတည့်အချိန်တွင် မွေးဖွားခဲ့သည်။ သူ့ဖခင်၏အမည်မှာလည်း အာဝင် ရွှန်းမဲလ်ပင်ဖြစ်ပြီး ကျောင်းဆရာတစ်ဦးဖြစ်သည်။ ရွှန်းမဲလ်၏အဖိုးသည်လည်း ကျောင်းဆရာပင် ဖြစ်သည်။ ထိုအချိန်က ဂျာမနီနိုင်ငံတွင် နိုင်ငံရေးထက် ပညာရှိခြင်းကို ပိုမိုအရေးပေးကြသဖြင့် ရွှန်းမဲလ်ဖခင်နှင့် အဖိုးတို့သည် ထိုနယ်တွင် ထင်ပေါ်ကျော်ကြားခဲ့ကြသည်။

ရွှန်းမဲလ်ငယ်စဉ်က နူးညံ့သိမ်မွေ့ပြီး စကားကို အကြာကြီးစဉ်းစား၍ ခပ်လေးလေးပြောတတ်သည်။ စိတ်သဘောထား ပျော့ပျောင်းသော်လည်း ကြောက်စိတ်ကင်းမဲ့ခဲ့သည်။ အရွယ်ရောက်လာချိန်တွင် သူ၏ဉာဏ်ရည် ဉာဏ်သွေးမှာ သူ့ဖခင်နှင့်ဘိုးအေတို့၏ ခြေရာကို နင်းလိုက်နိုင်လာသည်။ စာမေးပွဲကို ထူးချွန်စွာ အောင်မြင်ခဲ့သည်။ သူသည် ခေါင်းမာပြီး လက်တွေ့ သမားဖြစ်သည်။ ကျောင်းဆရာမျိုးရိုးဖြစ်သော ရွှန်းမဲလ်၏ မွေးချင်းများထဲတွင် စစ်မှုထမ်းဖူးသူဟူ၍ မရှိသည့်အပြင် စစ်ဘက်၌လည်း ဩဇာရှိသည့် မိတ်ဆွေ သင်္ဂဟများပင် မရှိခဲ့ပေ။ ရွှန်းမဲလ်မိသားစုသည် စစ်တပ်နှင့်ခပ်ကင်းကင်းနေကာ

www.burmeseclassic.com

www.burmeseclassic.com





AFRICA CORPS တပ်မှူးကြီး စစ်သူကြီးရွှန်းမဲလ်

www.burmeseclassic.com

www.burmeseclassic.com



ပညာရေးဘက်တွင်သာ အေးအေးလူလူ ရောင့်ရဲနေသူများ ဖြစ်သည်။ တစ်မိပေါက်တစ်ယောက်ထွန်းသော ရွှန်းမဲလ်သည် ၁၉၁၀ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်လောင်းအဖြစ် အမှတ်(၁၂၄)၊ ခြေလျင်တပ်ရင်းသို့ ဝင်ရောက်ခဲ့သည်။ ၁၉၁၁ ခုနှစ်၊ မတ်လအတွင်း ဒန်းဇစ် **Dunzig** မြို့ရှိ စစ်တက္ကသိုလ်သို့ တက်ရောက်ခဲ့ရသည်။ ရွှန်းမဲလ်သည် စစ်သင်တန်းများ၌ အလယ်အလတ်တန်းစားများထက် အမှတ်များပိုရကာ စာမေးပွဲအောင်လေ့ရှိသည်။ ဒန်းဇစ်စစ်တက္ကသိုလ်၌ ပညာသင်ကြားနေစဉ် သူငယ်ချင်း၏ညီမဖြစ်သူ လူစီမာရီယာမော်လင်နှင့် မိတ်ဆွေဖြစ်ခဲ့သည်။ လူစီမာရီယာမော်လင်သည် အနောက်ပရပ်ရှားမှ မြေပိုင်ရှင်တစ်ဦး၏သမီး ဖြစ်သည်။ ဒန်းဇစ်တွင် ဆရာဖြစ်သင်တန်းလာတက်နေစဉ် ရွှန်းမဲလ်နှင့် တွေ့ဆုံချစ်ကြိုက်ကြခြင်းဖြစ်သည်။ ရွှန်းမဲလ်သည် ၁၉၁၂ ခုနှစ်၊ ဇန္နဝါရီလ တွင် ဒုတိယဗိုလ်ရာထူးအဆင့်ဖြင့် မူလတပ်ရင်းသို့ ပြန်ခဲ့သည်။ ဦးစွာပထမ အမှတ် (၁၁၄)၊ ခြေလျင်တပ်ရင်းတွင် တာဝန်ကျသည်။ ၁၉၁၄ ခုနှစ်တွင် မြေပြင်ပစ် အမြောက်တပ်ရင်းသို့ ပြောင်းရသည်။ ပထမကမ္ဘာစစ်တွင် တိုက်ပွဲဝင်ပြီး ၁၉၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် လူစီမာရီယာ မော်လင်နှင့် လက်ထပ်လိုက်သည်။ လူစီမာရီယာမော်လင်အား ဖရောရွှန်းမဲလ် ဟုလည်း ခေါ်ခဲ့ကြသည်။


ရွှန်းမဲလ်သည် ထူးခြားသည့် အရာရှိငယ်တစ်ဦးဖြစ်သည်။ ရာထူးအဆင့်ဆင့်တက်ကာ တာဝန်ကြီးလေးလာသည်နှင့်အမျှ သူမတူသော စွမ်းရည်ကို ပြနိုင်ခဲ့သည်။ စစ်မှုထမ်းပြီး အသက်မွေးသူတိုင်းလည်း စစ်ပွဲတွင် ထူးချွန်ကြသည် မဟုတ်ပေ။

စစ်ပွဲကာလတွင် မိမိတပ်များသာမက ရန်သူတပ်များပါ အများဆုံးလေးစားကြည်ညိုခြင်းခံရသည့် ပုဂ္ဂိုလ်များမှာ အလွန်ရှားပါးသည်။ သို့သော်လည်း ရွှန်းမဲလ်သည် ဤအရည်အချင်းများနှင့်ပြည့်စုံသူဖြစ်သည်။ ရွှန်းမဲလ်

www.burmeseclassic.com

www.burmeseclassic.com





သင်္ဘောကြီးပေါ်မှ သံချပ်ကာတင့်ကားများချယူမှုကို
စစ်ဆေး နေသော ရွှန်းမဲလ်

www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ တစ်တပ်လုံးသိကျွမ်းသော၊ ခင်မင်လေးစားခြင်းခံရသော ဗိုလ်ချုပ်အလွန်ရှားသည်။ ရွှန်းမဲလ်သည် စစ်သားအစစ် (သို့မဟုတ်) တကယ့်စစ်သားကြီးတစ်ယောက်ပင် ဖြစ်သည်။ အောင်ပွဲရရ အရေးနိမ့်နိမ့် သူ၏ရဲရင့်တည်ကြည်မှုမှာ အပြောင်းအလဲမရှိ တစ်သမတ်တည်းဖြစ်၏။

စစ်မှုရေးရာတွင် ရှင်းလင်းပြတ်သားပုံ၊ အဆင့်အတန်းမြင့်၍ တိကျခိုင်မာပုံတို့အတွက် ရွှန်းမဲလ်ကား စံတင်လောက်သည်။ ခေတ်သစ် သေနင်္ဂဗျူဟာခင်းကျင်းရာတွင် မည်သို့မည်ပုံ ကျင့်ကြံဆောင်ရွက်ရမည်ကို ရွှန်းမဲလ်က အမူအရာဖြင့်လည်းကောင်း၊ အလုပ်ဖြင့်လည်းကောင်း၊ စိတ်နေ သဘောထားဖြင့်လည်းကောင်း သရုပ်ဖော်ကာ ကိုယ်စားပြုတင်ပြသွားသည်ဆိုလျှင် မှားမည်မဟုတ်ပေ။

သဲကန္တာရစစ်ဆင်ရေးတွင် ရွှန်းမဲလ်နှင့်တူသူမှာ ပထမကမ္ဘာစစ်ကြီးအတွင်း အာရေဗျတွင် သဲကန္တာရတိုက်ပွဲဆင်နွဲခဲ့သော အာရေဗျ၏လော့ရင့်စ် (Lawrence of Arabia) ပင် ဖြစ်သည်။ သဲကန္တာရစစ်ဆင်ရေးတွင် ဆရာတစ်ဆူပါရဂူဟုဆိုအပ်သော ဤပုဂ္ဂိုလ်နှစ်ဦးသည် စိတ်နေသဘောထားခြင်း၊ ရည်ရွယ်ချက်ခြင်း၊ အခြေခံသဘောတရားခြင်းကွာလျှင် ကွာမည်ဖြစ်သော်လည်း တူညီချက်များ အထင်အရှားရှိသည်။ အချိန်နှင့်နေရာရွေးချယ်အသုံးချရာ၌လည်းကောင်း၊ ရန်သူကို အငိုက်ဖမ်းရာ၌ လည်းကောင်း၊ မြေအနေအထားအား အခွင့်ကောင်း အခါကောင်းကို မြင်တတ်ရာ၌ လည်းကောင်း၊ ရှေ့အလားအလာကို လျှေနံဓါးထစ်မဟုတ်ဘဲ မီးစင်ကြည့်၍ ကရာ၌ လည်းကောင်း၊ ရွှန်းမဲလ်နှင့် လော့ရင့်စ်တို့သည် အံ့ဩလောက်အောင် တူညီကြသည်။

ထို့အပြင် သဲကန္တာရစစ်ပွဲတွင် စက်ယန္တရားအစွမ်းဖြင့် ရွှေ့ပြောင်းလွယ်မှုကို အဆင်ပြေအောင် အသုံးပြုရာ၌လည်း ထိုပုဂ္ဂိုလ်နှစ်ဦးသည် ခေတ်ကို

www.burmeseclassic.com

www.burmeseclassic.com



ကျော်လွန်၍ မြင်နိုင်သူများဖြစ်သည်။ လော့ရင့်စ်ခေတ်တွင် ကုလားအုပ်များဖြင့် သဲကန္တာရစစ်ပွဲကို ဆင်နွှဲခဲ့သော်လည်း စစ်ပြီးလုနီး ကာလတွင် သံချပ်ကာကားများနှင့် လေယာဉ်ပျံအနည်းငယ်အသုံးပြုကာ အစွမ်းပြခဲ့သေးသည်။

ရွှန်းမဲလ်ရေးသားခဲ့သော **" သဲကန္တာရစစ်ပွဲတွင် လိုက်နာရန် အချက် များ "** စာအုပ်မှာ စစ်အတွေးအခေါ်တွင် စံတင်ရသည်။ ရေးသားချက်တစ်ခုလုံးဗဟုသုတပြည့်ဝ၍ စိတ်ကူးကောင်းများပြည့်နှက်လျက်ရှိသည့် အပြင် ကာလဒေသ၊ အခြေအနေ၊ အချိန်အခါအားလျော်စွာ မူဟောင်းမှ မူသစ်သို့ ပြောင်းလဲချက်များ ရံဖန်ရန်ခါ ထည့်သွင်းဖော်ပြထားသည်။

ဥပမာ နေရာထက် အချိန်ကို ပို၍အာရုံပြုတတ်ပုံ၊ အရေအတွက်ကို လျင်မြန်မှုက ချေဖျက်နိုင်ပုံ၊ ရန်သူကို အငိုက်ဖမ်းနိုင်ရေးအတွက် မီးစင်ကြည့် ကတတ်ရန် လိုပုံ၊ လုံခြုံမှုအရေးကြီးပုံ၊ စံသစ်များထွင်၍ စံဟောင်းမူဟောင်းများကို ပုံသေကားချ မထားသင့်ပုံ၊ ရန်သူ၏ လှုပ်ရှားမှုများကို တိုက်ခိုက်တုံ့ပြန်ခြင်းထက် သွယ်ဝိုက်တုံ့ပြန်ခြင်းက တန်ဖိုးရှိပုံ၊ မစဉ်းမစား တရားလက်မဲ့လက်စားချေခြင်းသည် အမြော်အမြင်ကင်းမဲ့ရာ ရောက်ပုံ၊ ရက်စက်ကြမ်းကြုတ်ခြင်းသည် မိုက်မဲရာရောက်ပုံတို့ကို ရေးသား ဖော်ပြခြင်းဖြစ်သည်။

စင်စစ်သော် ရွှန်းမဲလ်သည် ထူးချွန်သောတိုးစစ်သမားဖြစ်သည်။ ထူးကဲသောတိုက်ခိုက်ရေးသမားလည်း ဖြစ်သည်။ နေရာများစွာ၌ သူတိုက်ခိုက်ပုံတိုက်ခိုက်နည်းများမှာ အတင့်ရဲလွန်းသည်ဟု ဝေဖန်စရာအကြောင်းရှိသည်။ သို့သော် မျက်ကန်းတစ္ဆေမကြောက်ဆိုသလို အန္တရာယ်ကို မမြင်တိုင်း အရမ်းလုပ်ခြင်းမဟုတ်၊ ကြောက်အားလန့်အားနှင့် ဖဲသမားကဲ့သို့ ထိတ်ထိတ် ပျာပျာပုံတိုက်အောခြင်းမျိုးလည်း မဟုတ်၊ အစစအရာရာ ရှေ့နောက်တိုင်းထွာ ပြီးမှလုပ်လေ့ရှိသူဖြစ်သည်။ သို့ရာတွင် လှုပ်ရှားမှုတိုင်းမှာ ထူးချွန်သူ ဖြစ်သည်။ ပထမကမ္ဘာစစ်ကာလက ရူမေးနီးယားနှင့်အီတလီတို့တွင် ထူးချွန် ပြောင်မြောက်

www.burmeseclassic.com

www.burmeseclassic.com





အရာရှိငယ်
ဘဝက
ရွှန်းမဲလ်

စွာ တိုက်ပွဲဝင်ခဲ့နိုင်၍ ရွှန်းမဲလ်သည် ဂျာမန်ဗိုလ်ချုပ်ကြီးများကိုသာ ချီးမြှင့်ခံရသည့် ပိုလာမဲရစ်စွမ်းရည်တံဆိပ်ကို ရရှိခဲ့သည်။ ထိုစဉ်က ရွှန်းမဲလ်မှာ အသက် ၂၅ နှစ်ခန့်သာ ရှိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏တိုက်ပွဲများကို ခရေစေ့တွင်းကျလေ့လာကြည့်လျှင် အားလုံးအောင်မြင်သည်ချည်း မဟုတ်၊ အချို့နေရာများ၌ လွဲချော်ခဲ့သည်ကိုလည်းတွေ့ရ၏။ လွဲချော်သည့်အခါ သူ့အတွက် ရင်ဖိုလောက်သောအန္တရာယ်မျိုးနှင့်ကြုံတွေ့ခဲ့ရသည်မှန်၏။ သို့သော် သူ့အတွက် ရင်ဖိုရသည်ထက် ရန်သူများဘက်၌ ပို၍ရင်ဖိုဘွယ်ရာ၊ စိုးရိမ်ဘွယ်ရာ ဖြစ်စေသည်ကိုလည်း တွက်ချင့်ကြည့်ရပေမည်။ ထို့ပြင် ရွှန်းမဲလ်သည် အရေးနိမ့်သည့်အခါ၌ပင် ရဲရဲရင့်ရင့်စွန့်စွန့်စားစား တိုက်ခိုက်တတ်ပုံကို ကြည့်ခြင်းအားဖြင့် သူ့ တပ်မတော်အရေးနိမ့်စေကာမူ ချေမှုန်းခြင်းမခံရဘဲ လွတ်မြောက်ရန်လမ်းကို ဖန်တီးစီစဉ်ကာ အခွင့်ကောင်းယူတတ်ပုံကို ရန်သူတို့၏စိတ်၌ အလိုအလျောက်ဖြစ်ပေါ်စေနိုင်ခဲ့သည်။

ဗြိတိသျှတပ်များဘက်တွင် ထိုစဉ်က ရွှန်းမဲလ်ကို တစ္ဆေထက်ပင်ကြောက်လန့်စရာကောင်းသော ပုဂ္ဂိုလ်တစ်ဦးအဖြစ် အရှိန်အဝါပြင်းထန်ခဲ့သည်။ ရွှန်းမဲလ်၏ပြင်းထန်ထက်မြက်သော သေနင်္ဂဗျူဟာကျွမ်းကျင်မှု၊ ရဲရင့်တည်ကြည်မှုကို အံ့ဩချီးမွမ်းရင်း ရွှန်းမဲလ်အား ခေါင်းဆောင်ကောင်းတစ်ယောက်၊ တပ်မှူးကောင်းတစ်ယောက်အဖြစ် ချစ်ခင်ကြည်ညိုစိတ်များ အလိုလိုဖြစ်ပေါ်စေခဲ့သည်။ မူလအခြေခံအားဖြင့် ဤသို့ချစ်ခင်ကြည်ညိုစိတ် ဖြစ်ပေါ်လာရခြင်းမှာ စစ်ရေးစစ်ရာ၌ ရွှန်းမဲလ်လျင်မြန်ခြင်းနှင့် ရန်သူကို အဒိုက်ဖမ်းနိုင်ခြင်းတို့ကြောင့်ဖြစ်သော်လည်း အာဖရိကတိုက်စစ်မျက်နှာတွင် ရွှန်းမဲလ်သည် စစ်သည်တော်ကျင့်ဝတ်အတိုင်း သွေဖီမှုမရှိဘဲ လိုက်နာကျင့်ကြံခြင်းနှင့်စစ်သုံ့ပန်းများအပေါ်၌ , သူကိုယ်တိုင်သူရဲကောင်းပီသစွာ ဆက်ဆံပြုစုခြင်းတို့ကြောင့် ကြည်ညိုခင်မင်စိတ်များ ပေါက်ဖွားလာသည်ဟု ဆိုရပေမည်။ ရွှန်းမဲလ်နှင့် ရင်ဆိုင်တိုက်ခိုက်လျက်ရှိသော ဗြိတိသျှအမှတ်(၈)၊ တပ်မတော်မှ တပ်မတော်သားတို့၏စိတ်၌ပင် ရွှန်းမဲလ်ဆိုလျှင် သူတို့၏ သူရဲကောင်းကြီးဟု

www.burmeseclassic.com

www.burmeseclassic.com



မှတ်ထင်စွဲလမ်းနေကြရာ နောက်ဆုံးသူတို့ဖာသာ အလုပ်ကောင်းလေးတစ်ခု လုပ်ပြီးပြီဆိုလျှင် " **ရွှန်းမဲလ်လို လုပ်တာ** "ဟု ပြောလေ့ပြောထရှိသည်အထိပင် ဖြစ်ခဲ့သည်။

ရန်သူတပ်မှူးတစ်ယောက်အပေါ်၌ ဤမျှချစ်ခင်ကြည်ညိုနေမှုသည် တပ်ဖွဲ့၏စိတ်ဓါတ်ကို အောက်ခြေမှနေ၍ ယိမ်းယိုင်စေနိုင်သည့် အန္တရာယ်ရှိသဖြင့် ဗြိတိသျှတပ်မှူးများနှင့်တကွ ဦးစီးအရာရှိများသည် ဗြိတိသျှတပ်သားများ ရင်ထဲမှ ရွှန်းမဲလ်အစွဲပျောက်ပျက်စေရန် အစီအစဉ်ချမှတ် လုပ်ဆောင်ရသည်အထိ ဖြစ်ခဲ့သည်။ ဗြိတိသျှတို့ဘက်မှ ရွှန်းမဲလ်အပေါ် ပုဂ္ဂလမိဋ္ဌာန်အားဖြင့် ဂုဏ်သိန်မှေးမှိန်အောင် တိုက်ရိုက်ထိပါးပုတ်ခတ်ခြင်း မပြုဘဲ စစ်ရေးအရသာ အထင်မကြီးစေရန် ထုတ်ပြန်ဝါဒဖြန့်ခြင်းမှာ ရွှန်းမဲလ်၏ ပြုမူကျင့်ကြံပုံ၊ သူ့ရဲကောင်းပီသမှုကြောင့်ဖြစ်သည့်အပြင် ဗြိတိသျှတို့ကလည်း သဘောထားကြီးခြင်းကြောင့် ဖြစ်သည်ဟု ဆိုရပေမည်။

သဲကန္တာရစစ်မျက်နှာတွင် ရွှန်းမဲလ်နောက်ဆုံးအရေးနိမ့်သောအခါ ဗြိတိသျှတို့ဘက်တွင် အားတက်စရာဖြစ်လာသည်။ သို့သော် ရွှန်းမဲလ်၌ လူနှင့်လက်နက်အင်အားမည်မျှအထိ ယိမ်းယိုင်ချိနဲ့နေပြီ ဆိုသည့်အကြောင်းကို အသားယူ၍ ထုတ်ဖော်ပြောမည် မထင်ချေ။ ထုတ်ဖော်ပြောလျှင်လည်း ဤမျှသော အခက်အခဲများကြားတွင် ဤမျှထိရောက်အောင်မြင်စွာ ကြံဆောင်နိုင်သည်ကို တွေးမိကာ ရွှန်းမဲလ်စွမ်းရည်ပို၍ ထင်ရှားပေါ်လွင်လာမည်ကိုလည်း စိုးရိမ်ရသည်။

တပ်မှူးတစ်ဦး၏ ကြံရည်ဖန်ရည်ကို မှန်ကန်စွာအကဲဖြတ်ရာတွင် သူတွေ့ကြုံနေရသောအခြေအနေ မည်သို့မည်ပုံရှိသည်၊ လူသူလက်နက်အင်အား မည်မျှအထိ ပြည့်စုံဖူလုံသည်၊ မမျှော်မှန်းနိုင်သော အခက်အခဲအကြောင်းအချက်များ မည်မျှရှိသည်ကို အားလုံးခြုံ၍ စဉ်းစားမှ အဖြေအမှန်

www.burmeseclassic.com



ကို သိနိုင်ပေမည်။ သို့မှသာ တပ်မှူး၏စွမ်းရည်ကို မှတ်ကျောက်တင်နိုင်မည် ဖြစ်ပေသည်။ ရွှန်းမဲလ်၏များစွာသော အောင်ပွဲများထဲမှ ထူးခြားချက် တစ်ခုမှာ လူသူလက်နက်အင်အားအစစအရာရာ ရန်သူထက် နည်းပါးညံ့ဖျင်းသည့်အပြင် လေကြောင်းအင်အားတွင် လုံးဝအားကိုးစရာမရှိဘဲနှင့် ထိုးစစ်ဆင် တိုက်ခိုက်နိုင်ခြင်း ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း မဟာမိတ်နိုင်ငံများဘက်နှင့် ဝင်ရိုးတန်းနိုင်ငံများဘက်မှ မည်သည့်ဗိုလ်ချုပ်မှ ယခုလို အခက်အခဲမျိုးကို ကျော်နင်း၍ အောင်ပွဲမရခဲ့ဘူးပေ။ ရွှန်းမဲလ်တစ်ဦးတည်းသာ အခက်အခဲ အမျိုးမျိုးကို ရင်ဆိုင်လျက် အောင်ပွဲရခဲ့ဘူးသည်ဟု ဆိုနိုင်ပေသည်။

ရွှန်းမဲလ်၏ကြံရည်ဖန်ရည်မှာ အများလုံးဝမပါဟု မဆိုနိုင်ပါ။ အံချို့နေရာတွင် ရှောင်လွှဲ၍ရနိုင်လျက်နှင့် အရေးနိမ့်ခဲ့ရခြင်းများ ရှိခဲ့ပါသည်။ သို့သော် အင်အားကြီးမားသောရန်သူနှင့် ရင်ဆိုင်တိုက်ရာတွင် တစ်ချက်မျှ တိမ်းပါးရုံနှင့် စစ်ပွဲတစ်ခုလုံးရှုံးနိမ့်တတ်သည်။ တစ်ဘက်တွင် အမှားများ မည်မျှပင်ရှိရှိ လူအင်အား အဆမတန်များပြားသော တပ်မှူးသည်အမှားကို ထိရောက်စွာ ဖုံးအုပ်နိုင်သည်။ နပိုလီယံက “ **အကြီးကျယ်ဆုံး ဗိုလ်ချုပ်ဆိုသည်မှာ အမှားအနည်းဆုံးလုပ်သူဖြစ်သည်** ” ဟု ဆိုခဲ့သည်။ ထိုစကားနှင့် ချိန်ထိုးကြည့်လျှင် ရွှန်းမဲလ်သည် လှုပ်ရှားဆုံးဖြတ်ရာတွင် ရဲရင့်မှုနှင့် လျှင်မြန်မှုတို့ကြောင့် အကြီးကျယ်ဆုံး ဗိုလ်ချုပ်တစ်ယောက်၏ အဆင့်အတန်း မှီသည်ဟု ဆိုရပေမည်။

ရွှန်းမဲလ်၏ စွမ်းဆောင်ချက်များကို သုံးသပ်ကြည့်လျှင် သူ၏ ခေါင်းဆောင်မှု၊ ထူးချွန်ပုံကို ကွက်ကွက်ကွင်းကွင်း မြင်နိုင်ပေသည်။ သူနှင့် ရင်ဆိုင်တိုက်ခိုက်ရသော ဗြိတိသျှစစ်သားများ၏ ကြည်ညိုလေးစားမှုကို ခံရသည်ဟုဆိုလျှင်လည်း ခံထိုက်ပါပေသည်။ ရွှန်းမဲလ်၏ဂုဏ်သတင်း ကျော်ကြားမှုကို တုန်လှုပ်ချောက်ခြားနေသော ဗြိတိသျှအာဏာပိုင်တို့သည် ဆုန့်ပြန်ဝါဒဖြန့်မှုများပြုသော်လည်း ထိရောက်မှုမရှိခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဗြိတိသျှတပ်မှူး ဗိုလ်ချုပ်အောချင့်လက်က " ရွှန်းမဲလ်သည် သာမန်ဂျာမန်စစ်ဗိုလ်ချုပ်ရိုးရိုးတစ်ဦးထက် ပိုပြီးတန်ဖိုးရှိသည် ဟုယုံမှတ်စွဲလမ်းနေခြင်းကိုတတ်နိုင်သည့်နည်းဖြင့် ပယ်ဖျောက်စေသင့်သည်။ ရန်သူ့ အကြောင်းပြောတိုင်း ရွှန်းမဲလ်၏အကြောင်းကို အမြဲမပြောမိရန်



တပ်ရင်းမှူး
ဘဝက
ရွှန်းမဲလ်

www.burmeseclassic.com

www.burmeseclassic.com



သတိထား ရမည်။ ရွှန်းမဲလ်အမည်တပ်၍ တပြောတည်းပြောနေစရာမလို။ ဤအမိန့်ကို ချက်ခြင်းလိုက်နာကြရမည် ” ဟု အမိန့်ညွှန်ကြားချက် ထုတ်ပြန် ခဲ့ရသည်။

ရွှန်းမဲလ်သည် စစ်မြေပြင်နှင့်အစဉ်ထိတွေ့နေသူဖြစ်ရာ “ ရွှန်းမဲလ် ရောက်သည့်နေရာ စစ်မျက်နှာဖြစ်တာဘဲ ” ဟု ဆိုရိုးစကားဖြစ်လာခဲ့သည်။ ရွှန်းမဲလ်သည် လေဒဏ်၊ မိုးဒဏ်၊ ရာသီဥတုဒဏ်၊ သဲမုန်တိုင်းဒဏ်ကို ကြံ့ကြံ့ ခံနိုင်သူဖြစ်သည်။ ထို့ကြောင့် တင့်ကားတစ်စီးဖြင့် နေရာမရွေးအချိန်မရွေး သွားလာကာ တပ်များကိုစစ်ဆေးသည်။ လေယာဉ်ငယ်တစ်စင်းဖြင့်လည်း စစ် စခန်းများကိုလှည့်လည်စစ်ဆေးတတ်သည်။ စစ်သုံးမှန်ပြောင်းကြီးကို လည်ပင်း မှာ အစဉ်အမြဲချိတ်ဆွဲထားသည့်ရွှန်းမဲလ်၏ပုံရိပ်သည် ဂျာမန်တပ်သားများနှင့် မဟာမိတ်တပ်သားများ၏ရင်တွင် စွဲထင်လျက် ရှိသည်။


မည်သည့်ကိစ္စတွင်မဆို အထုံပါရမီပါတိုင်းလည်း မပြီး၊ ပင်ကိုယ်ဗီဇ နှင့်ယှဉ်မှလည်း အရာရောက်နိုင်ပေမည်။ စစ်ပါရဂူဟု အခေါ်ခံရသော ပုဂ္ဂိုလ်များထဲတွင်ပင် ထိုအရည်အချင်းနှစ်မျိုးစလုံး စွယ်စုံပြည့်ဝသူရှားသည်။ ရွှန်းမဲလ်သည် စိတ်ကူးနှင့်လက်တွေ့အလုပ်ကို ထိရောက်စွာ ပေါင်းစပ်ရာ၌ အထုံပါရမီရှိသူဖြစ်သည်။ ၁၉၄၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် အမှတ်(၇)၊ ပန်ဇာတင့်ကားတပ်မကို ဦးစီးရန် လွှဲအပ်ခံရချိန်အထိ ရွှန်းမဲလ်သည် တင့်ကား အကြောင်း အတွေ့အကြုံဗဟုသုတမရှိသော်လည်း သုံးလမျှကြိုတင်၍ တင့်ကား အကြောင်းကို စာတွေ့လက်တွေ့လေ့လာခဲ့သည်။

စစ်မှုရေးရာနှင့်ပတ်သက်၍ အတွေးအခေါ်ကောင်းသူ၊ အရေး အသားကောင်းသူဟု ထူးချွန်သောတပ်မှူးများအလွန်နည်းပါးခဲ့သည်။ ရှားရှား ပါးပါးထူးချွန်သူလက်တစ်ဆုပ်ထဲတွင် ရွှန်းမဲလ်တစ်ယောက်ပါဝင်နေသည်မှာ မှတ်သားစရာဖြစ်သည်။ ထို့ထက်ပို၍ မှတ်သားစရာကောင်းသောအချက်မှာ

www.burmeseclassic.com

www.burmeseclassic.com






လျှပ်တပြက်နည်းသုံး၍ လက်ရွေးစင်စွမ်းရည်ရှိသော တပ်မျိုးဖြင့် ဖြစ်ပေါ်နေသော အခြေအနေအား အမြတ်ထုတ်တိုက်ပါ။

ရွှန်းမဲလ်

ရွှန်းမဲလ်သည် အထက်ပါ သူ၏အဆိုအမိန့်အတိုင်း ဗြိတိသျှ

www.burmeseclassic.com

www.burmeseclassic.com



ရွှန်းမဲလ်သည် တပ်မှူးတစ်ယောက်အဖြစ် စွမ်းရည်ပြနိုင်သောအခွင့်အရေးကို သူ၏ကလောင်စွမ်းထက်မြက်မှုဖြင့် ရရှိခဲ့ခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုသော် လက်ရုံးရည်ဖြင့် ပြသရန် အခွင့်အရေးကို နှလုံးရည်ဖြင့် လမ်းဖွင့်နိုင်စေခဲ့သည်။ သူရေးသားသော " ခြေလျင်တပ်တိုက်နည်း " ကို ဟစ်တလာ၏ စိတ်၌ စွဲသွားစေခဲ့သည်မှစ၍ သူ၏ကြီးပွားရာ ကြီးပွားကြောင်း လမ်းစ ပေါ်လာခဲ့သည်ဟု ဆိုနိုင်သည်။ ရွှန်းမဲလ်နှင့် တပ်ရင်းတစ်ခုတည်း အတူတူ အမှုထမ်းခဲ့ဘူးသော ငယ်သူငယ်ချင်း ဗိုလ်ကြီးဟာတမန်းဆိုသူက " **ရွှန်းမဲလ်ဟာ ရာနှုန်းပြည့်စစ်သားပီသသူတစ်ယောက်ဖြစ်တယ်၊ သူ့စိတ်နဲ့ သူ့ကိုယ်ဟာ စစ်ထဲမှာဘဲ ဝင်စားနေတာဘဲ** " ဟု ပြောပြခဲ့သည်။

ရွှန်းမဲလ်သည် အသက် ၄၉ နှစ်၌ စစ်သူကြီးရာထူးရရှိခဲ့ရာ ဂျာမန်တပ်မတော်တွင် အသက်အငယ်ဆုံးစစ်သူကြီးဖြစ်သည်ဟု ဆိုရပေမည်။ လူငယ်ကို ချစ်တတ်သဖြင့် တပ်ထဲမှလူငယ်များနှင့် စကားပြောတတ်သည်။ သို့သော် သူကိုယ်တိုင်လုပ်နိုင်သည်ထက်ပို၍ မဆိုထားနှင့်၊ သူလုပ်သလောက်ပင် ငယ်သားများကို မခိုင်းချေ။ ထို့ကြောင့် သူသည် " **ပေါင်း၍အကောင်းဆုံး ရဲဘော်ကြီး** " အဖြစ် ကျော်ကြားခဲ့သည်။

ယခုခေတ်စစ်ပွဲတို့တွင် အရည်အချင်းကို အရေအတွက်ဖြင့် မည်မျှပင်ထေစေကာမူ အရည်အချင်းသည် အရေအတွက်ထက် အာနိသင် ကြီးမားသည်မှာ ထင်ရှားပေသည်။ ရွှန်းမဲလ်သည် ပန်ဇာတပ်မနှစ်တပ်အပြင် သံချပ်ကာ ယန္တရားတပ်မတစ်တပ်နှင့် အာဖရိကတစ်ခွင် ပြီပြီစင်အောင် အဆမတန်အင်အားကြီးမားသော မဟာမိတ်တပ်များကို ဒိုးလိုမွှေ ရေလိုနှောက်နိုင်ခဲ့သည်မှာ အရည်အချင်းပင် ဖြစ်သည်။ ရန်သူ့မျှော်လင့်ချက်နှင့် လွဲအောင် လှုပ်ရှားခြင်း၊ အချိန်အတိအကျရွေးတတ်ခြင်း၊ ရန်သူမလှုပ်နိုင်အောင် မိမိတပ်များကို အချက်ပိုင်ပိုင် အကွက်ကျကျလှုပ်ရှားမှု ဖန်တီး

www.burmeseclassic.com

www.burmeseclassic.com



ရွှန်းမဲလ်နှင့်
ငှင်း၏
တပ်မှူးကြီး
ကက်ဆရင်း



ပေးခြင်းဖြင့် " **ထိန်းချုပ်** " နိုင်သည့်နေရာတွင် ရွှန်းမဲလ်ကို မှီသူ ရှားသည်။
သို့သော်လည်း ဝန်ရိုးတန်းတပ်များ၏ထောက်ပံ့ရေးပြဿနာသည် ရွှန်းမဲလ်၏ ခြေလက်ကို ရိုက်ချိုးသလို ဖြစ်သွားခဲ့သည်။ အယ်လ်အာလာမိန်း

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲမတိုင်မီက ဟစ်တလာ၏ထောက်ပံ့ရေး ပြဿနာများ ဖြေရှင်းပေးမည် ဟူသော ကတိစကားများမှာလည်း လက်တွေ့ ဖြစ်မလာခဲ့ပေ။ " **ဓာတ်ဆီတန်ချိန် - ၆၀၀၀ ရစေမည်၊ ၁၀၀၀ ကို လေယာဉ်ဖြင့် ပို့ပေးမည်** " ဆိုသော စကားများနှင့်ပတ်သက်၍ ရွမ်းမဲလ် က " **ကျုပ်လိုချင်တာတော့ ဒါတွေဘဲ၊ တိုက်ပွဲတစ်ခုလုံး ဒီအပေါ်မှာ တည်နေတယ်** " ဟု ပြောခဲ့သည်။



ထရီပိုလီတွင် ဂျာမန်တပ်များစစ်ရေးပြနေပုံ

www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေးမကောင်း၍ ဂျာမနီသို့ပြန်ပြီး ဆေးကုသစဉ်မှာပင် ရွှန်းမဲလ် ကိုယ်တိုင်ဟစ်တလာအား သွားရောက်တွေ့ဆုံကာ " တပ်ကူမပို့ဘဲ ထောက်ပံ့ရေး အခြေအနေမတိုးတက်ဘဲ တိုက်ပွဲနိုင်ဖို့ရာ ခဲယဉ်းကြောင်း အချုပ်အားဖြင့် ဓာတ်ဆီမရှိလျှင် ဘာမှမလုပ်နိုင်ကြောင်း " အစီရင်ခံ ခဲ့သည်။



ရွှန်းမဲလ်နှင့် သူ၏ဦးစီးအရာရှိ ဘေရာလိန်

www.burmeseclassic.com

www.burmeseclassic.com



တ်တွင် တစ်ယောက်ထွန်းပေါက်ကျော်ကြားခဲ့သော စစ်သူကြီး ထောက်ပံ့ရေးပြဿနာကို အလူးအလဲ ရင်ဆိုင်ခဲ့ရသည်။ နာတွင် ရွှန်းမဲလ်အတွက်အရေးကြီးသည်မှာ လက်နက်ခဲယမ်း စ်သည်။ ထိုအခြေအနေကို ရွှန်းမဲလ်ကိုယ်တိုင် နေ့စဉ်မှတ်တမ်း ာ်တို့လိုချင်တာ အမြောက်တွေ၊ ဓါတ်ဆီတွေ၊ လေယာဉ်ပျံ ယ်၊ ကျွန်တော်တို့မလိုချင်တာကတော့ ကြဲ့ကြဲ့ခံထိန်းထား



ခမ်းအနားတွင် မြင်တွေ့ရသည့်ရွှန်းမဲလ်၏ဆုတံဆိပ်များ

www.burmeseclassic.com

www.burmeseclassic.com



ရမယ်ဆိုတဲ့အမိန့်ဖြစ်တယ် " ဟုမှတ်တမ်းရေးသားခဲ့သည်။ ရွှန်းမဲလ် လက်အောက်တွင် တာဝန်ထမ်းဆောင်ခဲ့သော ဗိုလ်ချုပ်ဖရစ်ဘေယာလိုင်း ကလည်း " ကျွန်တော်တို့ကား ထောက်ပံ့ရေးစစ်ပွဲကြီးတွင် ရှုံးနိမ့်သွားရ လေပြီ " ဟု မှတ်တမ်းရေးသားခဲ့သည်။

နိဂုံးချုပ်အားဖြင့် ရွှန်းမဲလ်၏ဂုဏ်ပုဒ်ကို ဖော်ပြရလျှင် သူသည် တိုက်ပွဲတွင် ရန်သူကို မညှာသလောက် တိုက်ပွဲမဖြစ်သည့်အချိန်တွင်



ဗွန်ရွှန်းစတက် ဦးဆောင်သော ဈာပနကော်မတီမှ ရွှန်းမဲလ်၏ ဈာပနအခမ်းအနားကျင်းပနေပုံ

www.burmeseclassic.com

www.burmeseclassic.com



အလွန်ကြင်နာတတ်သည်။ ကိုယ်ချင်းစာတတ်သည်။ ရန်သူပင် ဖြစ်လင့်ကစား ကောင်းသောအချက်ကို ထုတ်ဖော်ချီးကျူးတတ်သည်။ ရဲရင့်သူကို လေးစားသည်။ လုပ်ရည်ကိုင်ရည် ထက်မြက်သူကို ဂါရဝတရားထားသည်။ ဤစိတ်ထားမှာ ရဲရင့်တည်ကြည်မှန်မြတ်မှုပင် ဖြစ်သည်။

ဤမျှ နှလုံးရည် လက်ရုံးရည်နှင့် ပြည့်စုံထက်မြက်သော ဂျာမန်စစ်သူကြီး ရွှန်းမဲလ်သည် ၁၉၄၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် ဟစ်တလာ၏နောက်လိုက်များမှ လီစယ်လုပ်ကြံခြင်းကို ခံခဲ့ရ၍ ကွယ်လွန်



www.burmeseclassic.com

www.burmeseclassic.com



ရွှန်းမဲလ်၏စျာပနအခမ်းအနားသို့ တက်ရောက်နေသော ဇနီးနှင့်သား


ခဲ့ရသည်။ ၁၉၄၄ ခုနှစ်၊ ဇူလိုင်လအတွင်းက ဟစ်တလာအား လုပ်ကြံရန် ကြံစည်ခဲ့သည့် ဗုံးဖောက်ခွဲမှုတွင် ရွှန်းမဲလ်ပါဝင်သည်ဟု ယူဆပြီး ဟစ်တလာ၏ညွှန်ကြားချက်အရ ထိုကဲ့သို့ ရွှန်းမဲလ်အား လုပ်ကြံခဲ့ကြခြင်းဖြစ်သည်။

ရွှန်းမဲလ်သေဆုံးသောအခါ မောင်ဂိုမာရီကဲ့သို့ပင် သားတစ်ဦးသာ ကျန်ခဲ့သည်။ သားနှင့်အတူ ဇနီးသည် ဖရောရွှန်းမဲလ်ကျန်ခဲ့သည်။ ဟစ်တလာ၏ နာဇီအစိုးရက ရွှန်းမဲလ်၏စျာပနအား နိုင်ငံတော်၏စျာပနအဖြစ် သတ်မှတ် ဆောင်ရွက်ပေးခဲ့သည်။

ဤသည်မှာ တိုက်ပွဲဝင်ဂျာမန်ဗိုလ်ချုပ်ကြီး ရွှန်းမဲလ်၏ကိုယ်ရေး အကျဉ်းပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com


www.burmeseclassic.com

www.burmeseclassic.com

## ဗြိတိသျှဗိုလ်ချုပ်ကြီး မောင်ဂိုမာရီ

အယ်လ်အာလာမိန်းတိုက်ပွဲတွင် ဂျာမန်စစ်သူကြီး ရွှန်းမဲလ်ကို အနိုင်တိုက်ခဲ့သော ဗြိတိသျှဗိုလ်ချုပ်ကြီး မောင်ဂိုမာရီကို ၁၈၈၇ ခုနှစ် လန်ဒန်၌ မွေးဖွားခဲ့သည်။ ဖခင်မှာ **စိန့်မတ်ခ် Saint Markသင်းအုပ်ဆရာဖြစ်သည်။** မွေးချင်း (၉) ယောက်ရှိသည့်အနက် တတိယမြောက်သားဖြစ်သည်။ ဖခင်က စိတ် သဘောထားနူးညံ့သိမ်မွေ့ပြီး မိခင်ကမူ စံနစ်ကြီးသည်။ မိသားစုမှာ ငွေကြေး ချို့တဲ့သော်လည်း ဖခင်ဖြစ်သူက သားသမီးများကို ရင်းနှီးစွာ ဆက်ဆံတတ်သည်။ မောင်ဂိုမာရီသည် ငယ်စဉ်က လန်ဒန်စိန့်ပေါလ် ကျောင်းတွင် ပညာသင်ကြားခဲ့သော်လည်း ကျောင်းစာ၌ မထူးချွန်ခဲ့ပေ။ ၁၉၀၆ ခုနှစ်တွင် စိန့်ပေါလ်ကျောင်းမှ ထွက်၍ ၁၉၀၇ ခုနှစ်တွင် ဆင်းဟတ်စ် Sand Hurst စစ်တက္ကသိုလ်သို့ တက်ခဲ့သည်။ မိသားစုက မထောက်ပံ့ နိုင်သဖြင့် စစ်တက္ကသိုလ်ဗိုလ်လောင်းဘဝတွင် ငွေကြေးခြိုးခြံချွေတာခဲ့ရသည်။ ၁၉၀၈ ခုနှစ်တွင် စစ်တက္ကသိုလ်မှဆင်းပြီး ဒုဗိုလ်အဖြစ် အိန္ဒိယနိုင်ငံ အောက်

www.burmeseclassic.com

www.burmeseclassic.com



မြောက်ပိုင်း အာရှာဂါတွင် တာဝန်ထမ်းဆောင်ပြီး ၁၉၁၃ ခုနှစ်တွင် အိန္ဒိယမှ အင်္ဂလန်သို့ ပြန်ရောက်သည်။ ၁၉၁၄ ခုနှစ်တွင် ပထမကမ္ဘာစစ် ဖြစ်သောအခါ ဗိုလ်ဘဝနှင့် ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့သည် ...မန်တပ်များကို ရဲဝင့်စွန့်စားစွာ တိုက်ခိုက်ချေမှုန်းသဖြင့် ဒီအက်စ်အို D.S.O ဘွဲ့ရရှိခဲ့သည်။ ပထမကမ္ဘာစစ်တွင် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သဖြင့် အင်္ဂလန်သို့ပြန်ကာ ဆေးကုသခဲ့ရသည်။ ၁၉၁၇ ခုနှစ်တွင် အမှတ် (၃၃)၊ တပ်မမှ စစ်ဦးစီးမှူး၊ ဒုတိယတန်းဗိုလ်မှူးဖြစ်ခဲ့သည်။

၁၉၂၀ ခုနှစ်ဝန်းကျင်တွင် ...ိုင်ယာလန်၌ အိုင်းရစ်သူပုန်များကို သွားရောက်နှိမ်နင်းပြီး ကင်ဘာလေ Camberley စစ်ဦးစီးတက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။ စစ်ဦးစီးတက္ကသိုလ်မှ ဆင်းသောအခါ အမှတ် (၁၇) တပ်မဟာ၌ ဗိုလ်မှူးတာဝန်ထမ်းဆောင်သည်။ ၁၉၂၆ ခုနှစ်တွင် ကင်ဘာလေ Camberley စစ်ဦးစီးတက္ကသိုလ်၌ပင် နည်းပြအရာရှိအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ကလေးနှစ်ယောက်အမေ မုဆိုးမဘက်တီ Betty နှင့် လက်ထပ်သည်။ ဒေးဗစ်ဟူသော သားတစ်ယောက်မွေးဖွားခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် ဇနီး ဖြစ်သူ ကွယ်လွန်သည်။

မောင်ဂိုမာရီသည် ရာထူးများအဆင့်ဆင့်တက်လာပြီး ၁၉၃၈ ခုနှစ် ပါလက်စတိုင်းသို့ ဗိုလ်မှူးချုပ်ရာထူးဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်။ ၁၉၃၉ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ဖြစ်သောအခါ အမှတ် (၃)၊ တပ်မ၌ တာဝန်ထမ်းဆောင်လျက် ရှိသည်။ ဒုတိယကမ္ဘာစစ်အစပိုင်းတွင် ဘယ်လ်ဂျီယံ၌ တာဝန်ထမ်းဆောင်ရသည်။ ဒန်းကပ်ကျပြီးနောက် အင်္ဂလန်သို့ ပြန်လည်ရောက်ရှိသည်။ အင်္ဂလန်တွင် တပ်မ (၅)ကို တာဝန်ယူရသည်။ စစ်အတွင်းမှာပင် နန်းရင်းဝန်ချာချီနှင့် အလွန်ရင်းနှီးကျွမ်းဝင်ခဲ့သည်။

မြောက်အာဖရိကစစ်မျက်နှာတွင် မဟာမိတ်တို့၏တိုဘရွတ်ခ် Tobruk ခံတပ် ကျဆုံးသွားသောအခါ ဗြိတိသျှအစိုးရမှ မောင်ဂိုမာရီအား အီဂျစ်

www.burmeseclassic.com

www.burmeseclassic.com





အမှတ်(၈) တပ်တော်မှူးမောင်ဂိုမာရီ

www.burmeseclassic.com

www.burmeseclassic.com



သဲကန္တာရရှိ အမှတ် (၈)တပ်တော်သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်စေသည်။ မောင်ဂိုမာရီသည် ဂျာမန်ဗိုလ်ချုပ်ကြီးရွှန်းမဲလ်ကို ရင်ဆိုင် တိုက်ခိုက်ရေးအတွက် သဲကန္တာရစစ်ဆင်ရေးကျွမ်းကျင်သူ အရာရှိများနှင့်တိုင်ပင်ကာ သူ၏ တပ်များ အတွက် အသေးစိတ်ပြင်ဆင်ပြီး လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့သည်။ စစ်ကြောင်းဆုတ်ခွါရေး အစီအစဉ်အားလုံးကို ပယ်ဖျက်ခဲ့သည်။ မောင်ဂိုမာရီထုတ်ပြန်သော ညွှန်ကြားချက်များသည် ဗြိတိသျှစစ်သည်များ၏ စိတ်ဓါတ်ရေးရာအား မြှင့်တင်ပေးနိုင်ခဲ့သည်။ မောင်ဂိုမာရီက တပ်တော် တစ်ခုလုံးရှိ အဆင့်အတန်းအားလုံးသို့ သတိပေးညွှန်ကြားချက်များ ထုတ်ပြန် ရာတွင် -

**" ကျွန်ုပ်တို့၌ အကောင်းဆုံးလက်နက်များရှိသည်။ ခိုင်ခန့် သော သံချပ်ကာများရှိသည်။ တောင့်တင့်သော အမြောက်များ၊ အနီးပစ် အဝေး ပစ် လက်နက်အမျိုးမျိုးအပြင် ခဲယမ်းမီးကျောက်အမျိုးမျိုးရှိသည်။ ကမ္ဘာ ပေါ်၌ အကောင်းဆုံးလေတပ်က ကျွန်ုပ်ဘက်၌ ကူညီလျက် ရှိသည်။ "**

**" လိုအပ်ချက်တစ်ခုမှာ ကျွန်ုပ်တို့သည် အရာရှိဖြစ်စေ၊ ရဲဘော် ဖြစ်စေ တိုက်ပွဲပြီးဆုံးသည်အထိ သေနတ်ကိုင်ရန်ဖြစ်သည်။ ကျွန်ုပ်တို့ အားလုံး ဤကဲ့သို့ဆောင်ရွက်လျှင် အောင်မြင်ရမည်။ ရန်သူကို အီဂျစ်မှ လုံးဝဆုတ်ခွါ သွားစေရန် ကျွန်ုပ်တို့နှိမ်နင်းနိုင်ရမည် "**ဟု အလေးအနက် ညွှန်ကြားခဲ့သည်။

မောင်ဂိုမာရီသည် ရှေးရိုးအစဉ်အလာကို မပစ်ပယ်သောအရာရှိကြီး တစ်ဦးဖြစ်သည်။ ဗြိတိသျှအုပ်ချုပ်သူများအနက် ပညာအရည်အချင်း အပြည့်ဝ ဆုံးပုဂ္ဂိုလ်လည်း ဖြစ်သည်။ ယန္တယားစစ်ပွဲ၏ သဘာဝနှင့် တိုက်ပွဲ၏ ပြဿနာများ၊ အခက်အခဲများအကြောင်းကို ပြတ်ပြတ်သားသားသဘောပေါက် နားလည်သော အလွန်ထူးချွန်သည့်မဟာဗျူဟာပါရဂူလည်း ဖြစ်သည်။ သူသည် အထက်လူကြီးနှင့်ဖြစ်စေ၊ လက်အောက်ငယ်သားနှင့်ဖြစ်စေ ဆက်ဆံရာ၌ သူ၏

www.burmeseclassic.com

www.burmeseclassic.com




83 Portrait of Rommel by Willrich which Lt-Gen. Montgomery hung in his caravan

မောင်ဂိုမာရီ၏တဲအတွင်းတွင် အမြဲချိတ်ဆွဲထားလေ့ရှိသော ဂျာမန်စစ်သူကြီး ရွန်းမဲလ်၏ပုံတူ

www.burmeseclassic.com

www.burmeseclassic.com



အပြုအမူသည် သြဇာအာဏာလွှမ်းမိုးတတ်သဖြင့် တစ်ခါတစ်ရံ သူ့ကို လူအများနားမလည်နိုင်သလောက် ဖြစ်တတ်သည်။ သူသည် မဟာဗျူဟာဆိုင်ရာစီမံကိန်းများရေးဆွဲရာ၌ အထူးစနစ်ကျသည်။ တိုက်ပွဲတစ်ပွဲကို မဆင်နွှဲမီ ထိုတိုက်ပွဲအတွက် စစ်လက်နက်ရိက္ခာပစ္စည်းများ ရန်သူတို့ထက် သာလွန်ရမည်ဟု စွဲစွဲမြဲမြဲတိုက်တွန်းနှိုးဆော်လေ့ရှိသည်။ မောင်ဂိုမာရီ ကိုယ်တိုင်ရေးသားသည့် ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်တွင် အယ်လ်အာလာမိန်းဒေသရှိ ဗြိတိသျှတို့၏ စစ်ကြောင်းအင်အားဖြည့်တင်းရေးနှင့် ခံစစ်ကြောင်း အထပ်ထပ် တည်ဆောက်ရေးလုပ်ငန်းတို့ကို သူ၏အဓိကတာဝန်အဖြစ် အရေးတကြီး ဆောင်ရွက်ရမည့် လုပ်ငန်းအဖြစ် သဘောထားခဲ့ကြောင်း သူ၏အယူအဆကို ဖော်ပြရေးသားခဲ့သည်။

မောင်ဂိုမာရီသည် စစ်ရေးပြင်ဆင်မှုများကို ဂျာမန်တို့ မရိပ်မိနိုင်ရန် စနစ်တကျရုပ်ဖျက်၍ ဆောင်ရွက်ခဲ့သည်။ လက်နက်အင်အား၊ တပ်အင်အားအသစ်ရောက်ရှိမှုကိုလည်း ဖုံးကွယ်ထားနိုင်ခဲ့သည်။ ထို့ကြောင့် ဂျာမန်ထောက်လှမ်းရေးတပ်များသည် ဗြိတိသျှတပ်များ၏အင်အားနှင့် တပ်ဖြန့်ကျက်မှုကို အမှန်အတိုင်းမသိရှိနိုင်ခဲ့ပေ။ ထို့ကြောင့် မောင်ဂိုမာရီဘက်မှ တပန်းအသာစီးရခဲ့သည်။

တပ်တော်ပိုင်တပ်ဖွဲ့များကို တစ်ဖွဲ့စီတစ်ဖွဲ့စီခွဲခြမ်း၍ တိုက်ပွဲဝင်ခြင်းမပြုဘဲ တပ်မများသည် တစ်တပ်တစ်ဖွဲ့တည်းအဖြစ် စစ်ဆင်တိုက်ခိုက်မှုပြုလုပ်ရမည်ဟု တပ်မမှူးများကို အမိန့်ထုတ်ပြန်ခဲ့သည်။ သူ၏ ရည်ရွယ်ချက်မှာ တပ်တော်ပိုင်တပ်ဖွဲ့များကို တပ်ဖွဲ့အလိုက်ခွဲထုတ်၍ တိုက်ပွဲဝင်ခဲ့သောကြောင့် အတိတ်ကာလတွင် တွေ့ကြုံခဲ့ရသော ဆုံးရှုံးမှုမျိုး နောက်တစ်ကြိမ်ထပ်မံမတွေ့ကြုံရန် ကြိုတင်ကာကွယ်ခြင်းဖြစ်သည်။ ထို့အပြင် နည်းဗျူဟာဆိုင်ရာ ဖွဲ့စည်းပုံဘောင်အတွင်းမှ နေ၍ တင့်ကားများနှင့် အမြောက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



များကို ထုထည်လိုက်အသုံးပြု၍ တိုက်ပွဲဝင်ရမည်ဟူ၍လည်း မောင်ဂိုမာရီက အမိန့်ထုတ်ပြန်သည်။


မောင်ဂိုမာရီသည် အာဖရိကစစ်မျက်နှာခံစစ်အတွက် လိုအပ်သော ပြင်ဆင်မှုများ ပြုလုပ်ပြီးနောက် ဗြိတိသျှတပ်သားများကို အောက်ခြေမှစ၍ ပြန်လည်ဖွဲ့စည်းခဲ့သည်။ ရန်သူ့ခံစစ်ကြောင်းကို အောင်မြင်စွာ ချင်းနင်း ဖောက်ထွင်းနိုင်မည့်အစွမ်းသတ္တိနှင့်ပြည့်စုံသော တပ်မကြီးတစ်တပ်ကိုလည်း အသစ်ဖွဲ့စည်းလိုက်သည်။ အမှည့်ချွေတိုက်ပွဲ **Battle Of Attrition** ကို ပမာဏဆင်နွှဲပြီး သူရည်ရွယ်ထားသော ချင်းနင်းဝင်ရောက်မှု စစ်ဆင်ရေးကို နောက်မှလိုက်၍ဆင်နွှဲရန် ပြင်ဆင်ထားခဲ့သည်။

မောင်ဂိုမာရီ၏ စစ်ရေးပြင်ဆင်မှုသည် အဘက်ဘက်တွင် အလွန် ပြည့်စုံသည်။ လက်နက်အားကိုးတိုက်သော တိုက်ပွဲမဟုတ်ဘဲ နည်းပရိယာယ် အမျိုးမျိုးသုံးကာ ဂျာမန်တို့ကို လှည့်စားခဲ့သည့်စစ်ဆင်ရေးဖြစ်သည်။ “ **ယုန်ထောင်ပြေး၊ ခွေးမြောက်လိုက်** ” ဖြစ်အောင် စီမံခဲ့သည်။ လေကြောင်းမှ ကင်းထောက်၍မရအောင် စီစဉ်ဆောင်ရွက်ထားသဖြင့် ဂျာမန်တို့ထိုးစစ်ဆင် တိုက်ပွဲမဝင်မီ ထပ်မံရောက်ရှိလာသောတပ်မ နှစ်တပ်၊ အမြောက် ၂၄၀၊ တင့်ကားအပို ၁၅၀ အပြင် ဓာတ်ဆီတန်ချိန် ၇၅၀၀ ကို အစအနပင် မသိ အောင် ဖုံးကွယ်သိုဝှက် ထားနိုင်ခဲ့သည်။

၁၉၄၂ ခုနှစ်၊ စက်တင်ဘာလတွင် ရွှန်းမဲလ်ဦးစီးသောဝန်ရိုးတန်းတပ် များသည် မောင်ဂိုမာရီ၏ အလမ်ဟာဖါ **ALAM HALFA** ခံတပ်ကို လာရောက်တိုက်ခိုက်ခဲ့သည်။ သို့သော်လည်း ဗြိတိသျှတပ်များက စနစ်တကျ အပြင်းအထန်ခုခံတိုက်ခိုက်သဖြင့် ဂျာမန်တပ်များဆုတ်ခွါခဲ့ရသည်။ ဤသည်မှာ အာဖရိကစစ်မြေတွင် မောင်ဂိုမာရီ၏တပ်များနှင့် ရွှန်းမဲလ်၏ တပ်များ ပဌမ အကြိမ်အားစမ်းခြင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com




ရွှန်းမဲလ်နှင့်မောင်ဂိုမာရီတို့ ပထမအကြိမ်အားစမ်းသည့်

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အောက်တိုဘာ ၂၃ ရက်နေ့ညတွင် အယ်လ်အာလာမိန်း EL ALAMEIN ထိုးစစ်ကြီးအား စတင်ခဲ့သည်။ စစ်ဆင်ရေးစတင်ပြီးနောက် ရက်သတ္တနှစ်ပတ်ခန့် နှစ်ဘက်အပြင်းအထန်တိုက်ခိုက်ပြီး ရွှန်းမဲလ်တပ်များ စစ်ရှုံးသွားခဲ့သည်။ ဗြိတိသျှဗိုလ်ချုပ်ကြီး မောင်ဂိုမာရီ၏စစ်ရေးစီမံချက်များ များစွာ ထူးခြားပြည့်စုံမှုကြောင့် ဗြိတိသျှတပ်များ အောင်ပွဲခံနိုင်ခြင်းဖြစ်သည်။ မောင်ဂိုမာရီသည် အဓိကထိုးနှက်ရန် သတ်မှတ်ထားသော မြောက်ပိုင်းစစ်မျက်နှာအကန့်တွင်ပြုလုပ်ခဲ့သော စင်ပြင်မှုများကို ဖုံးကွယ်လျက် သူ၏ အဓိကထိုးနှက်ချက်အကန့်ကို တောင်ပိုင်းစစ်မျက်နှာတွင်ပြုလုပ်လိမ့်မည်ဟု ရန်သူတို့ယုံကြည်လာစေရန် လှည့်စားနိုင်ခဲ့သည်။ မောင်ဂိုမာရီသည် သူ သတ်မှတ်ထားသော ထိုးစစ်ဆင်မည့်နေ့ရက်ကိုသာမက အဓိကထိုးနှက်မည့် ဦးတည်ချက်ကို ဂျာမန်ထောက်လှမ်းရေးအဖွဲ့ အနံ့လုံးဝမရအောင် အောင်မြင်စွာ ဖုံးကွယ်ထားနိုင်ခဲ့သည်။ ထိုးထွင်းမှုပြည့်ဝသော အစီအစဉ် အမြောက်အများကို တစ်ခုနှင့်တစ်ခုအံဝင်ခွင်ကျဖြစ်အောင် လိမ္မာစွာ ပေါင်းစပ် အသုံးပြုသွားခြင်းဖြစ်သည်။ ထိုးစစ်စတင်ဆင်နွှဲမည့်စစ်မျက်နှာတွင် တင့်ကား ရာပေါင်းများစွာကို အတုပြုလုပ်ထားသော ယာဉ်အမျိုးမျိုး၏အရုပ်များအောက်တွင် သိုဝှက်ထားခဲ့ခြင်းမှာ အလွန်ပညာပါသည်။ အမြောက်ကြီးများ နေရာယူမည့် ဒေသတွင်လည်း ယာဉ်အမျိုးမျိုး၏အရုပ်အတုများချထားခဲ့သည်။

ထို့ပြင် အာဖရိကစစ်မျက်နှာတွင် စစ်ဆင်ရေးဆိုင်ရာနည်းဗျူဟာ အသစ်တစ်ရပ်ကို ဦးစွာပထမစတင်အသုံးပြုရန် မောင်ဂိုမာရီ ကြံရွယ်ထားသည်။ ထိုအချိန်က ဆင်နွှဲခဲ့သောခေတ်သစ်တိုက်ပွဲများတွင် ရန်သူတို့၏ သံချပ်ကား၊ ယန္တယားနှင့် တင့်ကားများကို ဦးစွာချေမှုန်းပစ်ရန် အဓိက ရည်ရွယ်သည်။ သံချပ်ကားတပ်ကို ချေမှုန်းပြီးနောက်တွင် အကာအကွယ်မဲ့သော ခြေလျင်တပ်များကို အလွယ်တကူနှင့်ချေမှုန်းနိုင်မည်ဟု ဟူသခဲ့သည်။

www.burmeseclassic.com






မောင်ဂိုမာရီနှင့် ဗြိတိသျှနန်းရင်းဝန် ချာချီ

www.burmeseclassic.com

www.burmeseclassic.com



မောင်ဂိုမာရီ၏နည်းဗျူဟာသစ်မှာ ပြောင်းပြန်ဖြစ်သည်။ သူကိုယ်တိုင် ရေးသားသော မှတ်တမ်းတင်စာအုပ်တွင် မောင်ဂိုမာရီက -

**"ကျွန်တော်ကတော့စစ်ပွဲမှာတိုက်ရိုးတိုက်စဉ်သမရိုးကျနည်းဗျူဟာရဲ့ဆန့်ကျင်ဘက်နည်းကို ရွေးလုပ်တယ်၊ ရန်သူရဲ့ ခံစစ်ကြောင်းကိုအခိုင်အမာထိန်းသိမ်းနေတဲ့ခြေလျင်တပ်တွေကို အရင်ချေမှုန်းသုတ်သင်ပစ်ရမယ်၊ ရန်သူရဲ့ ခံစစ်ကြောင်း အုတ်တံတိုင်းကြီးကို အုတ်တစ်ချပ်စီဖဲ့ပစ်ဖို့ကျွန်တော် ကြံရွယ်တယ်၊ လိုအပ်တဲ့နေရာတွေကို သေသေချာချာပြင်ဆင်ရွေးထုတ်ပြီး ခွဲတိုက်ပစ်ရမယ် "**

ဟု ရေးသားခဲ့သည်။

မောင်ဂိုမာရီ၏တပ်ဖော်တွင် တင့်ကားတပ်မပေါင်း (၃)တပ်သာ ပါသော်လည်း လိုအပ်လာလျှင် လိုအပ်သလို ကောက်ကာငင်ကာ ဆွဲယူအသုံးပြုနိုင်ရန် တိုက်ပွဲတွင် တာဝန်ပေးထားခြင်းမပြုသေးသော တင့်ကားတပ်မတစ်ခုကို အရန်သင့်ထားရှိခဲ့သည်။ ထို့ကြောင့် မောင်ဂိုမာရီ၏ လက်အောက်တွင် တင့်ကားအစင်းပေါင်း (၁၀၀၀)ကျော်အထိ ရှိခဲ့သည်။

မောင်ဂိုမာရီဦးစီးသော မဟာမိတ်တပ်များသည် အယ်လ်အာလာမိန်းတိုက်ပွဲတွင် ရန်သူဂျာမန်တပ်များကို လုံးဝအောင်နိုင်ခဲ့ခြင်းဖြင့် ဒုတိယကမ္ဘာစစ်တွင် မဟာမိတ်နိုင်ငံများ ဂုဏ်ပြန်ဆည်နိုင်ခဲ့သည်။ ဂျာမန်တို့လက်အောက်မှ တိုဘရွတ် Tobruk ခံတပ်ကိုလည်း ပြန်လည်သိမ်းပိုက် နိုင်ခဲ့သည်။

ထို့ကြောင့် ဒုတိယကမ္ဘာစစ် မြောက်အာဖရိကစစ်မျက်နှာတွင် ဝန်ရိုးတန်းတပ်များကိုချေမှုန်းအနိုင်ယူခဲ့သောဗြိတိသျှ ဗိုလ်ချုပ်ကြီးမောင်ဂိုမာရီသည် ထူးခြားသော ဗိုလ်ချုပ်တစ်ယောက်ဟု ဆိုရပါမည်။ သူသည် စေ့စပ်သေချာပြီး စည်းစနစ်ကြီးသူဖြစ်သည်။ အပျော်အပါးအသောက်အစားမရှိဘဲ ဘာသာရေးကိုင်းရှိုင်းသူဖြစ်သည်။ ၎င်း၏လက်အောက်မှ တပ်သားများကို ဆုံးမဩဝါဒပေးရာ၌ ဘာသာရေးကိုင်းရှိုင်းကြရန် တိုက်တွန်းနှိုးဆော်လေ့ရှိသည်။ ၎င်း

www.burmeseclassic.com





မောင်ဂိုမာရီနှင့် အမေရိကန်တပ်ပေါင်းစုဗိုလ်ချုပ်ကြီး အိုင်စင်ဟောင်ဝါ

www.burmeseclassic.com

www.burmeseclassic.com





အာဖရိကစစ်မြေပြင်တွင် အင်္ဂလိပ်အမြောက်တပ်ဖွဲ့များ
တိုက်ပွဲဝင်နေပုံ

ကိုယ်တိုင်ရေးသားခဲ့သော ၎င်း၏အတ္ထုပ္ပတ္တိစာအုပ်တွင် တပ်မှူးတစ်ယောက်သည် ဘာသာတရားကိုင်းရှိုင်းမှုမရှိဘဲ တပ်တော်များ၊ တပ်ဖွဲ့များကို မဆိုထားဘိ တပ်သားတစ်ဦးချင်းကိုပင် အောင်မြင်မှုရရှိရေးအတွက် ဦးဆောင်ဦးရွက်ပြုနိုင်မည်မဟုတ်ကြောင်း ဖော်ပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





မြင်းစီးဝါသနာပါသည့် မောင်ဂိုမာရီ

ဗြိတိသျှဗိုလ်ချုပ်ကြီး မောင်ဂိုမာရီသည် သင်းအုပ်ဆရာ၏ သား ဖြစ်သလို ဂျာမန်ဗိုလ်ချုပ်ကြီးရွှန်းမဲလ်သည် ကျောင်းဆရာသား ဖြစ်သည်။ နှစ်ဦးစလုံးပင် မျိုးကောင်းရိုးကောင်းပညာတတ်များဖြစ်ပြီး ပထမကမ္ဘာစစ်

www.burmeseclassic.com

www.burmeseclassic.com



အတွေ့အကြုံများရှိကြသူများ ဖြစ်သည်။ ထိုဗိုလ်ချုပ်ကြီးနှစ်ယောက်လုံးပင် စစ်ရေးအတွေ့အကြုံနှင့် စစ်ရေးအတွေးအခေါ်ကြွယ်ဝသူများ၊ စစ်ရေးစစ်ရာ ကျွမ်းကျင်သူများဖြစ်ရာ မြောက်အာဖရိကစစ်မျက်နှာတွင် နှစ်ဘက်တပ်များ ရင်ဆိုင်တွေ့ကြသောအခါ စစ်သားကောင်းပီသစွာ ဂုဏ်သိက္ခာရှိရှိ တိုက်ခိုက်ခဲ့သည်မှာ ချီးကျူးဖွယ်အလွန်ကောင်းသည်။ စစ်နည်းဗျူဟာကြွယ်ဝစွာဖြင့် နောင်တစ်ချိန်တွင် အပြစ်ပြောစရာမကျန်အောင် သန့်သန့်ရှင်းရှင်းတိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် " **မြောက်အာဖရိကမှာ တိုက်တဲ့စစ်ပွဲကတော့ တကယ့်လူကြီးလူကောင်းစစ်ပွဲဘဲ** " ဟု ဂျာမန်ဗိုလ်ချုပ် **ဂျိုဟန်ကရေးမားက** စစ်ပြီးသောအခါတွင် မှတ်ချက်ချခဲ့သည်။ သူ့စကားသည် ဂျာမန်ဗိုလ်ချုပ်ကြီး ရွန်းမဲလ်ကိုသာမက ဗြိတိသျှဗိုလ်ချုပ်ကြီးမောင်ဂိုမာရီကိုပါ ချီးကျူးဂုဏ်ပြုခြင်းပင် ဖြစ်သည်။

မောင်ဂိုမာရီသည် စစ်ပွဲမဖြစ်ချိန်တွင် တပ်တော်တစ်ခုလုံးကို မိသားစုသဖွယ် အေးချမ်းစွာ ကွပ်ကဲအုပ်ချုပ်ခဲ့သော်လည်း စစ်ပွဲဖြစ်ပွားချိန်တွင် အမိန့်နှင့်တာဝန်ကို တိတိကျကျလုပ်စေလိုသူ၊ ဆုံးဖြတ်ချက်ခိုင်မာသူ ဖြစ်သည်။ ဆုံးဖြတ်ချက်ခိုင်မာသလောက် ဆုံးဖြတ်ချက်ကို အပြည့်အဝ အကောင်အထည်ဖော်သူလည်း ဖြစ်သည်။

ထို့အပြင် မောင်ဂိုမာရီ၏စစ်ရေးအမြင်မှာလည်း ထူးခြားသည်။ ရန်သူကို တိုက်ခိုက်ရာတွင် ကြည်းတပ်တစ်ခုတည်း သီးခြားတိုက်ခိုက်ခြင်းအားဖြင့် အောင်မြင်မည်မဟုတ်ဟု ယုံကြည်သည်။ ထို့ကြောင့် ကြည်းတပ်ဌာနချုပ်ကို ယခင်အတိုင်း အဝေးတွင် တပ်စွဲမထားဘဲ လေတပ်နှင့်နီးသော ပင်လယ်ကမ်းစပ်အနီးသို့ ရွှေ့ပြောင်းစေခဲ့သည်။ ဤသို့ဆောင်ရွက်ခဲ့ခြင်းကြောင့် အာဖရိကစစ်မျက်နှာတွင် မဟာမိတ်လေတပ်နှင့်ကြည်းတပ်ကို အနီးကပ်ပူးပေါင်းကာ ချစ်ကြည်ရင်းနှီးမှု ရရှိဆောင်ရွက်နိုင်ခဲ့သည်။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အယ်လ်အာလာမိန်းစစ်ပွဲစတင်သောအခါတွင် မဟာမိတ်လေတပ်မှ စပစ်ဖိုင်းယား Spitfire လေယာဉ်များသည် အာဖရိကတိုက်ဝေဟင်ကို ပြိုင်ဘက်မရှိ တစ်ဦးတည်းစိုးမိုးထားနိုင်ပြီး ဝန်ရိုးတန်းတပ်များကို ထိရောက်စွာ တိုက်ခိုက်



အိမ်မွေးခွေးငယ်လေးများနှင့် စစ်မြေပြင်တွင် အပန်းဖြေနေသော မောင်ဂိုမာရီ

www.burmeseclassic.com

www.burmeseclassic.com





မောင်ဂိုမာရီ၏ဇနီး ဘက်တီနှင့် သားဒေးဗစ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့သည်။ ဝန်ရိုးတန်းတပ်များသည် ကျည်ဆံကုန်၊ ဓာတ်ဆီကုန်ဖြစ်ကာ ဒရောသောပါး ဆုတ်ခွါခဲ့ရသည်။ ပြန်လမ်းမရှိသော ဆုတ်ခွါနည်းမျိုးဖြင့် အာဖရိကတိုက်စစ်မြေပြင်မှ အပြီးအပိုင် ကျောခိုင်းဆုတ်ခွါရခြင်းဖြစ်သည်။

တပ်ပျက်၍ ဆုတ်ခွါသွားရသော ရန်သူ့တပ်များကို လူအင်အား၊ လက်နက်အင်အားအပြည့်အဝရှိနေသော အောင်ပွဲခံဗြိတိသျှတပ်များက အပြီးတိုင် ချေမှုန်းခြင်း၊ သုံ့ပန်းများ လက်ရဖမ်းဆီးခြင်းမပြုခဲ့သည်မှာ သမိုင်းပညာရှင်များကိုယ်စား အဖြေထုတ်ရမည့်အချက် ဖြစ်သည်။ ဤသည်မှာ ဗိုလ်ချုပ်ကြီးမောင်ဂိုမာရီ၏ ဘာသာရေး ကိုင်းရှိုင်းမှု၊ လူလူချင်းစာနာထောက်ထားမှု၊ သဘောထားကြီးမားမှုကို ပြခြင်းဖြစ်သည်ဟု ယူဆနိုင်သည်။ သို့မဟုတ်ပါကလည်း သဲကန္တာရစစ်မျက်နှာတွင် နှစ်ဘက်တပ်များ သန့်သန့်ရှင်းရှင်း ရင်ဆိုင်တိုက်ခိုက်ပြီးနောက်တွင် စစ်သားကောင်းပီသစွာ ရှုံးနိမ့်သွားသူကို စစ်သားကောင်းပီသစွာ ဆုတ်ခွါခွင့်ပေးလိုက်ခြင်းဖြစ်သည်ဟုလည်း ယူဆနိုင်သည်။ ဤအချက်သည် စစ်နိုင်သော ဗိုလ်ချုပ်ကြီးမောင်ဂိုမာရီကို ထပ်မံ၍ ဂုဏ်တက်စေနိုင်ခဲ့ပေသည်။ ဤသည်တို့ကား နာမည်ကျော် ဗြိတိသျှ ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီ၏ အတ္ထုပ္ပတ္တိအကျဉ်းနှင့် လေးစားလောက်ဖွယ် ကိုယ်ရည် ကိုယ်သွေးပါပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)
## အယ်လ်အာလာမိန်းတိုက်ပွဲဖြစ်စဉ်အကျဉ်း

အယ်လ်အာလာမိန်းတိုက်ပွဲမှာ ဒုတိယကမ္ဘာစစ်ကြီး (၁၉၃၉- ၁၉၄၅) အတွင်း အကြီးအကျယ်ဆုံးနှင့် အကျော်ကြားဆုံးတိုက်ပွဲများတွင် တစ်ပွဲအပါအဝင်ဖြစ်သည်။ ထိုတိုက်ပွဲတွင် **ဖီးမာရှယ်မောင်ဂိုမာရီ** ဦးဆောင်သော မဟာမိတ်တပ်များနှင့် **ဖီးမာရှယ်အာဝင်ရွှန်းမဲလ်** ဦးစီးသော ဂျာမန်-အီတလီတပ်များသည် ၁၉၄၂ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့မှ နိုဝင်ဘာလ ၄ ရက်နေ့တိုင် အပြင်းအထန်ရင်ဆိုင် တိုက်ခိုက်ခဲ့ကြသည်။

### မြောက်အာဖရိက စစ်မျက်နှာ

၁၉၄၁ ခုနှစ်၊ ဧပြီလတွင် လစ်ဗျားနိုင်ငံအတွင်းရှိ ရွှန်းမဲလ်ဦးစီးသော ဝင်ရိုးတန်းတပ်များသည် **ဖီးမာရှယ်ဝေဗယ်**၏ လက်အောက်ရှိ မဟာမိတ်တပ်များကို စတင်ထိုးစစ်ဆင်ကြရာ မဟာမိတ်တပ်များသည် **တိုဘရွတ် TOBRUK** တွင် အခိုင်အမာတပ်စွဲကာ ခုခံတွန်းလှန်ခဲ့ကြသည်။ မြောက်အာဖရိကစစ်မျက်နှာတွင် ဝန်ရိုးတန်းတပ်များ၏ ပင်မအခြေစိုက်စခန်းမှာ **ထရီပိုလီ TRIPOLI** ဖြစ်ပြီး မဟာမိတ်တပ်များ၏ ပင်မအခြေစိုက်စခန်းမှာ **အလက်ဇန်းဒရီးယား** ဖြစ်သည်။ ထိုသို့ပင်မအခြေစိုက်စခန်းနှစ်ခုမှာ မိုင်ပေါင်း ၁၄၀၀ ခန့်ကွာလှမ်းနေသောကြောင့် နှစ်ဘက်စလုံးမှ တပ်များသည် ထောက်ပံ့ရေးပစ္စည်းများကို ပြည်မမှထိုပင်မအခြေစိုက်စခန်းများသို့ သယ်ယူကြရပြီး ထိုမှတဆင့် ရှေ့တန်း အခြေစိုက်စခန်းများဆီသို့ တစ်ဆင့်ပြီးတစ်ဆင့် ပေးပို့စေခြင်းဖြင့် စစ်ပွဲကို ဆင်နွှဲကြရသည်။ ဤတွင် မြေထဲပင်လယ်အတွင်းရှိ **မော်လ်တာကျွန်း**၌ မဟာမိတ်တို့၏ရေငုတ်သင်္ဘောနှင့် လေတပ်အခြေစိုက်

www.burmeseclassic.com

www.burmeseclassic.com






တိုက်ပွဲဝင်
နေသည့်
ဗြိတိသျှ
စစ်သည်တော်
များ

စခန်းများတည်ရှိရာ ဝန်ရိုးတန်းနိုင်ငံများ၏ မြောက်အာဖရိကစစ်မျက်နှာရှိ ထောက်ပံ့ရေး လမ်းကြောင်းကို ခြိမ်းခြောက်လျက် ရှိသည်။

၁၉၄၁ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် ရွှန်းမဲလ်သည် တိုဘရွတ်မြို့ကို သိမ်းပိုက်ရန် အပြင်းအထန်ထိုးစစ်ဆင်ခဲ့သော်လည်း မအောင်မြင်ချေ။ ဩဂုတ်လတွင် သူ၏တပ်များထံပေးပို့လိုက်သော ထောက်ပံ့ရေးပစ္စည်းများ၏

www.burmeseclassic.com






XII North Africa. Area of operations 1941–42

၁၉၄၁ ခုနှစ်မှ ၁၉၄၃ ခုနှစ်အထိ မဟာမိတ်တပ်များနှင့် ဝင်ရိုးတန်း
တပ်များ တိုက်ပွဲဖြစ်ပွါးခဲ့သည့် မြောက်အာဖရိကဒေသ

www.burmeseclassic.com

www.burmeseclassic.com





ရွှန်းမဲလ်အား
အရေးနိမ့်
ခဲ့ရသဖြင့်
မောင်ဂိုမာရီနှင့်
တာဝန်လဲ
ခဲ့ရသူ
ဗိုလ်ချုပ်
အောချင်လက်

၃၅ ရာခိုင်နှုန်းမှာ မြေထဲပင်လယ်အတွင်း နှစ်မြှုပ်ပစ်ခြင်းခံခဲ့ရသည်။ ထို့ပြင် အောက်တိုဘာလမတိုင်မီကာလအတွင်း ထောက်ပံ့ရေးပစ္စည်းများ ဆုံးရှုံးမှုမှာ ၇၅ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ သို့ဖြင့် ဂျာမန်မီရတပ်သည်

www.burmeseclassic.com

www.burmeseclassic.com



အတ္တလန္တိတ် သမုဒ္ဒရာမှ ရေငုတ်သင်္ဘော ၂၅ စင်းကို မြေထဲပင်လယ်တွင်းသို့ ရွှေ့ပြောင်း ပေးခဲ့ရသည်။

ရွှန်းမဲလ်သည် ထောက်ပံ့ရေးအခြေအနေကောင်းမွန်လာသည်နှင့် ဆက်လက်ထိုးစစ်ဆင်ရန် စီစဉ်နေဆဲ မဟာမိတ်တပ်မှူး ဝေဗဲလ်၏နေရာသို့ ရောက်ရှိလာသော **ဂျင်နရယ်အောချင်လက်** သည် ရွှန်းမဲလ်၏တပ်များကို **ဆီဒီရဇက်** အနီးတွင် စတင်ထိုးစစ်ဆင်သည်။ သို့ဖြင့် ရွှန်းမဲလ်၏တပ်များမှာ **အဟီလာ** အထိ ဆုတ်ခွါပေးခဲ့ရသည်။ ထိုစဉ်ကာလအတွင်း မြေထဲပင်လယ်အတွင်းရှိ ဗြိတိသျှရေတပ်မှာ အထိနာလျက် ရှိသည်။ ဂျာမန်တို့သည် ဒီဇင်ဘာလအတွင်း မော်လ်တာကျွန်းကို လေကြောင်းမှ အပြင်းအထန် တိုက်ခိုက်ခဲ့ပြီးနောက် ဗြိတိသျှရေတပ်သည် ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း မြေထဲပင်လယ်ရှိဝန်ရိုးတန်းနိုင်ငံများ၏ ထောက်ပံ့ရေးလမ်းကြောင်းကို လုံးဝ အနှောက်အယှက်မပေးနိုင်ခဲ့ချေ။

၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ရွှန်းမဲလ်သည် ဒုတိယ အကြိမ်ထိုးစစ်ဆင်ပြန်ရာ ဖေဖော်ဝါရီလ ၂၁ ရက်နေ့၌ မဟာမိတ်တပ်များကို တိုဘရွတ်မြို့မှ အနောက်ဘက်နှင့်တောင်ဘက် မိုင်(၂၀) အကွာအထိ တိုက် ထုတ်ပစ်နိုင်ခဲ့သည်။ ဂျင်နရယ်အောချင်လက်သည် ဇွန်လ ၇ ရက်နေ့တွင် ရွှန်းမဲလ်၏တပ်များကို ထပ်မံထိုးစစ်ဆင်ရန် ပြင်ဆင်နေဆဲ မေလ ၂၆ ရက် နေ့တွင် ရွှန်းမဲလ်၏တပ်များက မဟာမိတ်တပ်များ၏ လက်ဝဲဘက်စစ်နံကို စတင်ထိုးနှက်ခဲ့သည်။ ရက်သတ္တလေးပတ်ခန့် အပြင်းအထန်တိုက်ပွဲ ဖြစ်ပွါး ပြီးနောက် ရွှန်းမဲလ်၏တပ်များသည် ဇွန်လ ၂၁ ရက်နေ့တွင် တိုဘရွတ်မြို့ကို စစ်သုံ့ပန်း ၃၃၀၀၀၊ လက်နက်ပစ္စည်း အမြောက်အများနှင့်အတူ သိမ်းပိုက် ရရှိလိုက်သည်။ နောက်နှစ်ရက်အကြာတွင် ဝန်ရိုးတန်းတပ်များသည် အီဂျစ် နယ်စပ်ကို ဖြတ်ကျော်ချီတက်ခဲ့ကြပြီး အလက်ဇန်းဒရီးယားမြို့ အနောက်ဘက်

www.burmeseclassic.com

www.burmeseclassic.com





မဟာမိတ်ချေမှုန်းရေးတပ်ဖွဲ့တစ်ဖွဲ့ ချီတက်နေပုံ

စစ်ရေးစီမံချက်ပြုလုပ်ရာတွင် အမြော်အမြင်ရှိရ၏၊ ယင်းစီမံချက်အား အကောင်အထည်ဖော်ရာ၌လည်း ရဲရဲဝံ့ဝံ့အကောင်အထည်ဖော်ရမည်ဖြစ်၏။

ဘောကွန်

အယ်လ်အာလာမိန်းတိုက်ပွဲတွင် မောင်ဂိုမာရီသည် ထိုအဆိုအမိန့်အတိုင်း ဆောင်ရွက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



မိုင် (၆၀) အကွာနှင့် အယ်လ်အာလာမိန်းမှ အနောက်ဘက် (၁၀)မိုင်ကွာ အရောက်တွင် မဟာမိတ်တပ်များ၏တွန်းလှန်မှုကြောင့် တန့်သွားခဲ့သည်။

တိုဘရွတ်ခံတပ်ကြီး ကျဆုံးသွားခြင်းမှာ မဟာမိတ်တပ်များအဖို့ အလွန်အထိနာလှသောကြောင့် အမေရိကန်ပြည်ထောင်စုသည် ရှားမင်း အမျိုးအစား တင့်ကားအစီး ၃၀၀ နှင့် ယာဉ်တင်အမြောက် အလက် ၁၀၀ ကို မြောက်အာဖရိကစစ်မျက်နှာသို့ ချက်ချင်းပေးပို့ခဲ့သည်။ ၁၉၄၂ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် ဗြိတိသျှဝန်ကြီးချုပ် ချာချီ ထံမှ အမေရိကန်ပြည်ထောင်စု



ဗိုလ်ချုပ်အလက်ဇန္ဒား အိန္ဒိယတပ်များကို စစ်ဆေးနေပုံ

www.burmeseclassic.com

www.burmeseclassic.com



သမ္မတ **ရူစဗဲ့** ထံသို့ ပေးပို့သောစာတွင် ၁၉၄၂ ခုနှစ်အတွက် ဒုတိယ စစ်မျက်နှာမှာ မြောက်အာဖရိကစစ်မျက်နှာပင်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ထို့နောက် မဟာမိတ်စစ်ဦးစီးများတွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် နိုဝင်ဘာလ ၈ ရက်နေ့တွင် မြောက်အာဖရိကစစ်မျက်နှာသို့ မဟာမိတ်တပ်များ ကမ်းတက် တိုက်ရန် ဆုံးဖြတ်ခဲ့ကြသည်။

အယ်လ်အာလာမိန်းတွင် နှစ်ဘက်တပ်များသည် တစ်ဘက်နှင့် တစ်ဘက် သူမသာကိုယ်မသာ တစ်ပြန်စီ ဆက်လက်တိုက်ခိုက်လျက်ရှိကြရာမှ ဇူလိုင်လ ကုန်ခန့်တွင် နှစ်ဘက်စလုံး ရှေ့မတိုးနိုင်ပဲ စစ်တန့်နေခဲ့သည်။ ဩဂုတ်လ ၂ ရက်နေ့တွင် မစ္စတာချာချီသည် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သို့ ရောက်ရှိလာခဲ့ပြီးနောက် အော်ချင်လက်၏နေရာတွင် **ဂျင်နရယ်ဟာရိုး အလက်ဇန်းဒါး**ကို အရှေ့အလယ်ပိုင်းဒေသတပ်မှူးအဖြစ် အစားထိုးခန့်ထား ခဲ့ပြီး အီဂျစ်ရှိအမှတ် (၈) တပ်တော်၏ တပ်မှူးအဖြစ် မောင်ဂိုမာရီကို ခန့်ထားခဲ့သည်။

> **စစ်အတတ်ပညာ တစ်ရပ်လုံးကို နည်းဥပဒေသတစ်ခုတည်းအဖြစ် အကျဉ်းချုပ်လိုက်နိုင်သည်၊ ၎င်းမှာ တစ်နေရာတည်းတွင် ရနိုင်သမျှ စစ်အင်အားများအောင် စုစည်းခြင်းပင် ဖြစ်သည်၊**
>
> **နပိုလီယံ**

**မောင်ဂိုမာရီသည် နပိုလီယံ၏ အထက်ပါအဆိုအမိန့်အတိုင်း ဆောင်ရွက်နိုင်ခဲ့သည်။**

www.burmeseclassic.com

www.burmeseclassic.com



လျှပ်တပြက်နည်းသုံး၍ လက်ရွေးစင်စွမ်းရည်ရှိသော တပ်မျိုးဖြင့် ဖြစ်ပေါ်နေသော အခြေအနေအား အမြတ်ထုတ်တိုက်ပါ။

ရွှန်းမဲလ်

ရွှန်းမဲလ်သည် အထက်ပါ သူ၏အဆိုအမိန့်အတိုင်း ဗြိတိသျှတို့၏ တိုဘရွတ်ခံတပ်ကို သိမ်းပိုက်နိုင်ခဲ့သည်။

**ရွှန်းမဲလ်၏ ထိုးစစ်**

အယ်လ်အာလာမိန်းဒေသတွင် မဟာမိတ်တပ်များနှင့် ဝန်ရိုးတန်းတပ်များ ရင်ဆိုင်နေကြသော ရှေ့တန်းစစ်မျက်နှာမှာ တောင်မှမြောက်သို့ မိုင် (၄၀) ခန့်ရှည်လျားသည်။ ရွှန်းမဲလ်သည် အယ်လ်အာလာမိန်း ခံစစ်ကြောင်းတွင် အခိုင်အမာခုခံလျက်ရှိသော မဟာမိတ်တပ်များကို ဖောက်ထွင်းနိုင်ရေးအတွက် ထိုးစစ်တစ်ရပ် ဆင်နွှဲရန် စီစဉ်ခဲ့သည်။ ထိုထိုးစစ်တွင် ရွှန်းမဲလ်၏ နည်းဗျူဟာမှာ ခံစစ်ကြောင်းနောက်ပိုင်းတွင် တိုက်မည့်ဟန်ဆောင်ပြီးနောက် အလယ်ကြောကို တိုက်ပွဲများဖြင့် ထိန်းဟန့်ထားကာ တောင်ဘက်ပိုင်းကို အဓိကထိုးဖောက် တိုက်ခိုက်ရန်ပင် ဖြစ်သည်။ စစ်ရေးအစီအစဉ်မှာ ဩဂုတ်လ ၃၀ ရက်နှင့် ၃၁ ရက်နေ့များတွင် ရန်သူ့မိုင်းကွင်းများ၏ တောင်ဘက် အစွန်းဆုံးဘက်တွင် ခြေလျင်တပ်များက မိုင်းရှင်းကာ လမ်းထွင်သွားပြီးနောက် ဩဂုတ်လ ၃၁ ရက်နေ့အရုဏ်ဦးချိန်တွင် အာဖရိကတပ်မကြီးက ထိုလမ်းကြောင်းအတိုင်း နောက်မှ လိုက်ပါချီတက်တိုက်ခိုက်မည် ဖြစ်သည်။ ထိုတပ်မကြီးက **အလမ်ဟာဖါ** တောင်ကြောကို သိမ်းပိုက်ရမည် ဖြစ်သည်။ တစ်ချိန်တည်းမှာပင်

www.burmeseclassic.com

www.burmeseclassic.com






သဲကန္တာရ အတွင်း အောင်ပွဲခံ လျက်ရှိသော ရွှန်းမဲလ်နှင့် သူ၏ အရာရှိ ကြီးများ

> စစ်တိုက်သောအခါ၊ အင်အားနည်းသည် များသည်မှာ ပဓာနမဟုတ်၊ သူရသတ္တိနှင့် စစ်ပရိယာယ်သည်သာ ပဓာနဖြစ်သည်။
>
> ဘုရင့်နောင်ကျော်ထင်အနော်ရထာ

ရွှန်းမဲလ်က ဘုရင့်နောင်ကျော်ထင်အနော်ရထာကဲ့သို့ အင်အား
အနည်းအများကို ပဓာနမထားဘဲ စစ်တိုက်ခဲ့သူဖြစ်၏။

www.burmeseclassic.com





မီးလောင်နေသည့်အမှတ်(၄) ဂျာမန်ပန်ဇာတင့်ကားတစ်စီး

အမှတ် (၉၀) တပ်မနှင့် အခြားသံချပ်ကာ တပ်မနှစ်ခု ကလည်း အာဖရိက တပ်မကြီး၏ လက်ဝဲဘက်စစ်နံကို အကာအကွယ်ပေးကာ ထိုတပ်မကြီး ချီတက်ရာ လမ်းကြောင်း၏ မြောက်ဘက်မှ လိုက်ပါ ချီတက်တိုက်ခိုက်ရမည် ဖြစ်သည်။ ထိုးစစ်၏ အဓိကရည်ရွယ်ချက်မှာ မဟာမိတ်တပ်များအား ထောက်ပံ့ရေးစခန်းများနှင့် ဖြတ်တောက်ပစ်လိုက်ပြီးနောက် လုံးဝ ချေမှုန်း ပစ်ရန်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အယ်လ်အာလာမိန်းခံစစ်ကြောင်း၏ တောင်ဘက်တစ်လျှောက်တွင် ထိုစဉ်က နှစ်ဘက်တပ်များ၏အင်အားမှာ ဆတူခန့်ပင် ရှိသည်။ နှစ်ဘက်စလုံးတွင် အမြောက်အလက် ၃၀၀ ခန့်စီနှင့် တင့်ကားပစ်အမြောက် ၄၀၀ ခန့်စီ ရှိသည်။ ရွှမ်းမဲလ်ထံတွင် အလတ်စားနှင့်အပေါ့စားတင့်ကား ၅၀၀ ခန့်ရှိပြီး မဟာမိတ်များဘက်တွင်လည်း အလတ်စားတင့်ကားအစီး ၃၀၀၊ အပေါ့စားတင့်ကား ၈၀ နှင့် သံချပ်ကာကားအစီး ၂၃၀ တို့အပြင် အရန် အဖြစ် တင့်ကားအစီး ၁၀၀ ခန့်ရှိသည်။ ထိုသို့ အင်အားချင်းမျှနေ သော်လည်း ရွှမ်းမဲလ်၏တင့်ကားများမှာ အမျိုးအစားပို၍ ညံ့ဖျင်းသည်။

မောင်ဂိုမာရီကလည်း ရွှမ်းမဲလ်၏ထိုးစစ်ကို ကြိုတင်မှန်းဆမိသည့် အတိုင်း တောင်ဘက်ပိုင်းရှိမိုင်းကွင်းများတွင် မိုင်းများကို ပိုမိုများပြားစွာ အားဖြည့်မြှုပ်နှံထားစေခဲ့သည်။ သို့ဖြင့် ရွှမ်းမဲလ်၏ခြေလျင်တပ်များအဖို့ ဩဂုတ်လ ၃၀ ရက်နေ့နှင့် ၃၁ ရက်နေ့ညများတွင် မိုင်းရှင်းသောအခါများစွာ နှောင့်နှေးသွားစေခဲ့သည်။ ထို့ပြင် ပင်ဇာတပ်မမှူးတစ်ဦးကိုပင် မိုင်းဒဏ် ကြောင့် ကျဆုံးသွားစေခဲ့ပြီး အာဖရိကတပ်မကြီး၏တပ်မှူး **ဂျင်နရယ်နာရင်း** မှာလည်း အပြင်းအထန်ဒဏ်ရာရရှိသွားခဲ့သည်။ ထို့ပြင် ထိုစဉ်က ရွှမ်းမဲလ် ကိုယ်တိုင်မှာလည်း နာမကျန်းဖြစ်လျက် ရှိသည်။ သို့ဖြင့် ရွှမ်းမဲလ်၏ ထိုးစစ် စတင်သောအခါ ဝန်ရိုးတန်းတပ်များသည် မျှော်လင့်ထားသကဲ့သို့ ဖြစ်မလာဘဲ များစွာနှောင့်နှေးနေခဲ့သည်။ **အလမ်ဟာဖါ** တောင်ကြောကို ရွေးရှု ထိုးဖောက် ချီတက်ရာတွင်လည်း သဲမြေချော့ပေါ်တွင် ချီတက်ရသည့်အပြင် မဟာမိတ် လေယာဉ်များ၏တိုက်ခိုက်မှုများကြောင့် ညနေ ၄ နာရီ အချိန်တွင် ထိုးဖောက် တိုက်ခိုက်မှုကို ရပ်ဆိုင်းထား လိုက်ရသည်။

ဩဂုတ်လ ၃၁ ရက်နေ့ညနှင့် စက်တင်ဘာလ ၁ ရက်နေ့များတွင် မဟာမိတ်လေယာဉ်များသည် ရွှမ်းမဲလ်၏တပ်များကို လေကြောင်းမှ အပြင်း

www.burmeseclassic.com

www.burmeseclassic.com





စစ်ပွဲတွင် သေကြေပျက်စီးရမှုအားလုံးတို့သည် အောက်ဖော်ပြပါ အချက်ကြီး သုံးချက်ကြောင့် ဖြစ်ရသည်၊

၁။ မှားယွင်းသော ကွပ်ကဲမှု

၂။ ညံ့ဖျင်းသော ဦးစီးအဖွဲ့

၃။ လူ့သဘောသဘာဝကို လျစ်လျူရှုမှု

မောင်ဂိုမာရီ

www.burmeseclassic.com

www.burmeseclassic.com



အထန် တိုက်ခိုက်ခဲ့သောကြောင့် ရွှန်းမဲလ်သည် သူ၏မူလထိုးစစ်စီမံချက်များ အတိုင်း ဆက်လက်မဆောင်ရွက်နိုင်တော့ပဲ အလမ်ဟာဖါ တောင်ကြောကို သိမ်းပိုက်နိုင်ရေးအတွက်သာ အားသွန်ခွန်စိုက်ဆက်လက် ထိုးဖောက် တိုက်ခိုက် စေရတော့သည်။ စက်တင်ဘာလ ၂ ရက်နေ့တွင် ရွှန်းမဲလ်သည် ထိုးစစ်ကို ဆက်လက်ဆင်နွှဲခဲ့သေးသော်လည်း လေကြောင်းမှ အပြင်းအထန် အတိုက်ခံ နေရမှုနှင့် ဓာတ်ဆီမလုံလောက်မှုတို့ကြောင့် သူ၏တပ်များကို ပြန်လည် ဆုတ်ခွါရန် အမိန့်ပေးခဲ့ရသည်။

တိုက်ပွဲအခြေအနေသုံးသပ်မိသော မောင်ဂိုမာရီကလည်း တစ်ချိန် တည်းမှာပင် အမှတ် (၇)၊ သံချပ်ကာတပ်မကို ရန်သူ့တပ်များ၏ တောင်ဘက် စစ်နံကို တန်ပြန်ထိုးစစ်ဆင်ရန် အမိန့်ပေးခဲ့သည်။ သို့ဖြင့် အပြင်းအထန် တိုက်ခိုက်ကြပြီးနောက် မောင်ဂိုမာရီ၏တပ်များသည် ရွှန်းမဲလ်၏တပ်များကို မူလအယ်လ်အာလာမိန်းခံစစ်ကြောင်းတိုင် တိုက်ထုတ်ပစ်နိုင်ခဲ့သည်။

ထိုထိုးစစ်ကြီးတွင် ရွှန်းမဲလ်ဘက်မှ သေကြေဒဏ်ရာရ ပျောက်ဆုံးသူ အင်အား ၃၀၀၀ ခန့်ရှိပြီး တင့်ကားအစီး ၅၀၊ အမြောက် ၁၅ လက်၊ တင့်ကားပစ်အမြောက် ၃၅ လက်နှင့် ဝန်တင်ကားအစီး ၄၀၀ ဆုံးရှုံးခဲ့ပြီး မောင်ဂိုမာရီဘက်မှ သေကြေပျောက်ဆုံးဒဏ်ရာရသူ ၁၆၄၀ နှင့် တင့်ကား ၆၈ စီး၊ တင့်ကားပစ်အမြောက် ၁၈ လက် ပျက်စီးသွားခဲ့သည်။

ရွှန်းမဲလ်က သူ၏ထိုးစစ်အရေးနိမ့်ခဲ့ရခြင်းသည် စူးအက်တူးမြောင်းကို သိမ်းပိုက်ရန် နောက်ဆုံးအခွင့်အရေးကို လက်လွှတ်သွားခဲ့ခြင်းပင် ဖြစ်သည်ဟု ပြောကြားခဲ့သည်။ သူရင့်ဆိုင်နေရသောအမှတ် (၈)တပ်တော်သို့ စက်တင်ဘာ လဆန်းတွင် နောက်ဆုံးပေါ်လက်နက်များအပါအဝင် စစ်လက်နက်ပစ္စည်း တန်ချိန် တစ်သိန်းခန့်ရောက်ရှိလာတော့မည်ကိုလည်း ကြိုတင်သိရှိထားခဲ့ သည်။ ထိုလက်နက်များအနက် သမတရုစဗဲ့ပေးပို့လိုက်သော ရှားမင်း တင့်ကား

www.burmeseclassic.com

www.burmeseclassic.com



အစီး ၃၀၀ သည်လည်း ပါဝင်သည်။ မဟာမိတ်တပ်များသည် လပြည့်ရက် တစ်ရက်ရက်တွင် ထိုးစစ်ဆင်တော့မည်ကိုလည်း ရွှန်းမဲလ်က ကြိုတင် မျှော်မှန်းထားခဲ့သည်။ ထိုသို့ ထိုးစစ်ဆင်လာမည့် မဟာမိတ်တပ်များကို မိုင်းအလုံးငါးသိန်းကျော် မြှုပ်နှံထားသော ကိုက် ၁၀၀၀ ကျော်၊ ၂၀၀၀ ခန့် ကျယ်ဝန်းသည့် မိုင်းကွင်းများအလယ်မှ ခုခံတွန်းလှန်ရန် ကြိုတင် ပြင်ဆင် ထားခဲ့သည်။ စက်တင်ဘာလ ၂၂ ရက်နေ့ တွင် ရွှန်းမဲလ်သည် ဆိုးဝါးလာသော ကျန်းမာရေးအခြေအနေအရ သူ၏တပ်များအား ဂျင်နရယ် စတွမ်း ထံ လွှဲအပ်ပြီးနောက် ဆေးဝါးကုသမှုခံယူရန် ဂျာမနီသို့ ပြန်သွားခဲ့သည်။

> စစ်ပွဲမှန်သမျှတို့သည် လှည့်စားသော ပရိယာယ်အပေါ်တွင် မူတည်ထား၏၊ ထို့ကြောင့် ထိုးစစ်ဆင်နိုင်သောအခါ ထိုးစစ်မဆင်နိုင်သေးသကဲ့သို့ ရန်သူက ထင်လာအောင် ဟန်ဆောင်ကြရမည်၊ တပ်များလှုပ်ရှားနေသောအခါ ငြိမ်သက်အေးချမ်းစွာ နေကြသကဲ့သို့ ဟန်ဆောင်ကြရမည်၊ ကျွန်ုပ်တို့ ရန်သူနှင့်နီးသောအခါ ရန်သူ့စိတ်ထဲတွင် ကျွန်ုပ်တို့အဝေးမှာ ရှိသည်ဟု ထင်လာအောင် ဟန်ဆောင်ရမည်၊ တကယ်ဝေးကွာနေသောအခါ ရန်သူ့စိတ်ထဲ နီးကပ်နေပြီဟုထင်လာအောင် ဟန်ဆောင်ပရိယာယ်တို့ကို ဖန်တီးသုံးစွဲရမည်၊
>
> ဆွန်ဇူ

မြောက်အာဖရိကတိုက်ပွဲစဉ်များတွင် မောင်ဂိုမာရီသည် လှည့်စား မှုပရိယာယ်များကို အပြည့်အဝအသုံးချကာ ဂျာမန်တို့အပေါ် အောင်ပွဲ ခံခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com






## မဟာမိတ်တို့၏ အယ်လ်အာလာမိန်းထိုးစစ်စီမံချက်

မဟာမိတ်တပ်များသည် မြောက်အာဖရိက ကမ်းတက်စစ်ဆင်ရေးကို ၁၉၄၂ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် စတင်ရန်သတ်မှတ်ထားခဲ့ရာ အယ်လ်အာလာမိန်းစစ်မျက်နှာတွင်ရှိနေသော အမှတ် (၈)တပ်တော်အဖို့ မိမိတို့ ရင်ဆိုင်နေကြရသော ဝန်ရိုးတန်းတပ်များကို ထိုစစ်ဆင်ရေးမစတင်မီ ချေမှုန်းထားရမည် ဖြစ်သည်။ သို့ဖြင့် အရှေ့အလယ်ပိုင်းဒေသတပ်မှူး ဗိုလ်ချုပ်အလက်ဇန်းဒါးသည် လသာရက်ဖြစ်သော အောက်တိုဘာလ ၂၃၊ ၂၄ ရက် နေ့ညများတွင် အထွေထွေထိုးစစ်ကြီးတစ်ရပ် စတင်ဆင်နွှဲရန် ပြင်ဆင်ခဲ့သည်။ ဂျပန်ကင်းတပ်များနှင့်ရင်ဆိုင်နေရသော မိုင်ပေါင်း ၄၀ ခန့်ရှိ ရှေ့တန်းတွင်

www.burmeseclassic.com




အော်ပရေးရှင်း LIGHT FOOTခေါ် အယ်လ်အာလာမိန်း

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း တောင်ဘက်ပိုင်းသို့ ထိုးစစ်ဆင်ပါက ဝန်ရိုးတန်းတပ်များသည် မိမိတို့၏ ထောက်ပံ့ဆက်သွယ်ရေးလမ်းကြောင်းရှိရာ မြောက်ဘက်ပိုင်းသို့ ဆုတ်ခွါသွားလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် မြောက်ဘက်ပိုင်းကို အဓိကထား၍ ထိုးစစ်ဆင်ပြီးနောက် တောင်ဘက်ပိုင်းရှိ တပ်များကို ဖြတ်တောက် ပိတ်ဆို့ထားရန် စစ်ရေးစီမံချက်တရပ်ကို ရေးဆွဲခဲ့သည်။




တပ်တော်စု B တပ်တော်စုမှူး စပီဒါလ်

www.burmeseclassic.com

www.burmeseclassic.com




တိုက်ပွဲဝင်မည့် အိန္ဒိယတပ်ဖွဲ့ဝင်များ



www.burmeseclassic.com

www.burmeseclassic.com





အယ်လ်အာလာမိန်းတိုက်ပွဲကာလက ဘင်ဂါဇီမြို့ရှုခင်း

ထိုသို့ ထိုးစစ်ဆင်မည့် မြောက်ဘက်ပိုင်းရှိ မိုင်းကွင်းများမှာ ကိုက် ၅၀ မှ ကိုက် ၆၀၀ အထိ ကျယ်ပြန့်သောကြောင့် မိုင်းရှင်းတပ်ဖွဲ့များ ပါဝင်သော ခြေလျင်တပ်များကို ဗုံးကြဲလေယာဉ်များ၊ အမြောက်ကြီးများ၏ အကူအညီဖြင့် ထိုးစစ်ဆင်စေပြီးမှ တင့်ကားများကို လိုက်ပါချီတက်စေမည့် နည်းဗျူဟာ တစ်ရပ်ကို ချမှတ်ထားခဲ့သည်။

ထိုးစစ်ကြီးကို ဦးစီးဆင်နွှဲရသည့် အမှတ် (၈) တပ်မတော်မှူး

www.burmeseclassic.com

www.burmeseclassic.com



မောင်ဂိုမာရီ၏ စစ်ရေးအစီအစဉ်အရ မြောက်ဘက်ပိုင်းတွင် အမှတ် (၃၀)၊ တပ်မကြီးက ချောက်မိုင်မှ ခုနှစ်မိုင်ခန့် ရှည်လျားသည့် စစ်မျက်နှာ တစ်လျှောက်၌ လေးနေရာခွဲ၍ ထိုးဖောက်တိုက်ခိုက်ပြီးနောက် မိုင်းကွင်းများကို ဖြတ်၍ လမ်းနှစ်သွယ်ရှင်းလင်းဖောက်ထွင်ပေးရမည်ဖြစ်သည်။ လမ်း တစ်သွယ်ကို **တဲလ်အဲလ်အီဆာ** မှ စတင်ရှင်းလင်းပြီး ကျန်လမ်းတစ်သွယ်ကို **မီတီရီယာ** တောင်ကြောမြောက်ဘက်အစွန်မှ စတင်ရှင်းလင်း ပေးရမည် ဖြစ်သည်။ ထိုသို့ ရှင်းလင်းပြီးသည်နှင့် အမှတ်(၁)နှင့် အမှတ်(၁၀) သံချပ်ကာ တပ်မများ ပါဝင်သော အမှတ်(၁၀)တပ်မကြီးက ထိုလမ်းနှစ်သွယ်အတိုင်း လိုက်ပါ ချီတက်ကာ ရန်သူ့တင့်ကားများနှင့် တိုက်ပွဲဝင်ရမည် ဖြစ်သည်။ တစ်ချိန် တည်းမှာပင် ရန်သူ့တပ်များအား လှည့်စားရန် အမှတ်(၂၁)၊ ပန်ဇာတပ်မ ရှိသော တောင်ဘက်ပိုင်းရှိ ရန်သူ၏လက်ယာဘက်စစ်နံကို အမှတ်(၁၃) တပ်မ ကြီးနှင့် အမှတ်(၇) သံချပ်ကာတပ်မတို့က ထိုးစစ်ဆင်ရမည်ဖြစ်သည်။ ထို့ပြင် ထိုးစစ်ကြီးကို အထောက်အကူပြုနိုင်စေရန် ထိုးစစ်မစတင်မီ အောက်တို ဘာလ ၆ ရက်နေ့မှ ထိုးစစ်စတင်သည့် ၂၃ ရက်နေ့ညတိုင် မဟာမိတ် လေယာဉ်များ သည် ရန်သူတို့၏ထောက်ပံ့ဆက်သွယ်ရေး လမ်းကြောင်းများ၊ စစ်စခန်းများနှင့် သံချပ်ကာကားများကို အပြင်းအထန် ဗုံးကြဲတိုက်ခိုက် နေခဲ့ကြသည်။

အယ်လ်အာလာမိန်းထိုးစစ်ကို စတင်တော့မည့်အချိန်တွင် ထိုစစ် မျက်နှာ၌ ရင်ဆိုင်ဗျူဟ်ရှိသော နှစ်ဘက်တပ်အင်အားမှာ မဟာမိတ်တပ်များ ဘက်တွင် စစ်သည် ၂၂၀၀၀၀ ကျော်၊ တိုက်ပွဲဝင်နိုင်သော တင့်ကား ၉၃၉ စီး၊ အမြောက်ကြီး ၈၉၂ လက်၊ တင့်ကားပစ်အမြောက် ၁၄၅၁ လက်နှင့် တိုက်ပွဲ ဝင်နိုင်သောလေယာဉ်အစင်း ၅၃၀ ရှိပြီး ရွန်းမဲလ်၏ဝင်ရိုးတန်း တပ်များဘက် တွင် စစ်သည်အင်အား ၁၀၈၀၀၀၊ တင့်ကား ၅၄၈ စီး၊ အမြောက်ကြီး ၅၅၂ လက်၊ တင့်ကားပစ်အမြောက် ၁၀၆၃ လက်နှင့် လေယာဉ် (ဂရိ၊ ကရိကျွန်းနှင့် စစ်စလီကျွန်းရှိ တာဝေးဗုံးကြဲလေယာဉ်များမပါ) အစင်း ၃၅၀ ရှိသည်။

www.burmeseclassic.com



တိုက်ပွဲဝင်မည့် မဟာမိတ်ယာဥ်တန်း တစ်စု ချီတက်နေပုံ



www.burmeseclassic.com

www.burmeseclassic.com





**ထိုးစစ် စပြီ**

အောက်တိုဘာလ ၂၃ ရက်နေ့၊ ည ၉ နာရီ မိနစ် ၄၀ အချိန်တွင် အမှတ် (၈) တပ်တော်မှ အမြောက်အလက် ၁၀၀၀ နီးပါးခန့်သည် ရန်သူ့ အမြောက်စခန်းများပေါ်သို့ တပြိုင်တည်းစတင်ပစ်ခတ်ကြသည်။ ထိုသို့စတင် ပစ်ခတ်ပြီး မိနစ် ၂၀ ခန့်အကြာတွင် ခြေလျင်တပ်များ စတင်ချီတက် ကြသည်။ အမှတ် (၃၀) တပ်မကြီးချီတက်သောစစ်မျက်နှာရှိ ရန်သူ့ရှေ့တန်း အခြေစိုက် စခန်းများကို အောက်တိုဘာလ ၂၄ ရက်၊ နံနက် ၁ နာရီခန့်တွင် အကျအဆုံး နည်းပါးစွာဖြင့် သိမ်းပိုက်ရမိခဲ့သည်။ နံနက် ၅ နာရီ မိနစ် ၃၀ အချိန်တွင် အမှတ် (၅၁) တပ်မနှင့် အမှတ် (၁) တောင်အာဖရိက တပ်မတို့မှအပ အမှတ် (၃၀) တပ်မကြီးအောက်ရှိ ကျန်တပ်များသည် မိမိတို့၏ ရည်မှန်းချက်များကို သိမ်းပိုက်မိကြပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com






ကင်းလှည့်နေသည့် ဗြိတိသျှအပေါ့စားသံချပ်ကာကားများ

အမှတ် (၁၀) တပ်မကြီးဘက်မှ စစ်မျက်နှာတွင်မူ နံနက် ၂ နာရီ အချိန်မှ စတင်ထိုးစစ်ဆင်ခဲ့သည်။ ထိုစစ်မျက်နှာပြင်တွင် မိုင်းရှင်းလုပ်ငန်းများ နှောင့်နှေးမှုကြောင့် နံနက် ၆ နာရီ မိနစ် ၃၀ အချိန်အထိ အမှတ် (၉)နှင့် အမှတ် (၁၀) သံချပ်ကာတပ်မများမှာ လိုက်ပါမချီတက်နိုင်သေးချေ။ တစ်ချိန် တည်းမှာပင် အမှတ် (၁) သံချပ်ကာတပ်မဟာသည်လည်း အမြောက်များဖြင့် အပြင်းအထန် ပစ်ခတ်ခံရမှုနှင့် မိုင်းဗုံးများကြောင့် နံနက် ၃ နာရီအထိ

www.burmeseclassic.com

www.burmeseclassic.com





ဘင်ဂါဇီမြို့တွင်းသို့ မဟာမိတ်တပ် သားများဝင်ရောက်လာပုံ


မြောက်ဘက်လမ်းကို မရှင်းနိုင်သေးချေ။ အမှတ် (၅၁) တပ်မနှင့် ပူးပေါင်း ထိုးစစ်ဆင်သောအခါတွင်မှ မြောက်ဘက်လမ်းကို ရှင်းလင်း ပြီးစီးခဲ့သည်။

တောင်ဘက်ပိုင်းတွင် ထိုးစစ်ဆင်သော အမှတ် (၁၃) တပ်မကြီး မှာလည်း မျှော်မှန်းသလောက် မအောင်မြင်သောကြောင့် မောင်ဂိုမာရီသည် တောင်ဘက်ပိုင်းမှတပ်များကို ချွေစစ်သဘောမျိုးဖြင့်သာ တိုက်ပွဲဝင်နေစေပြီး အမှတ် (၇) သံချပ်ကာတပ်မကိုမူ တိုက်ပွဲမဝင်စေသေးဘဲ အရန်အဖြစ် ထားရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





တိုက်ပွဲအတွင်းက ဘင်ဂါဇီမြို့

မဟာမိတ်တို့၏ထိုးစစ်ကြောင့် ဝန်ရိုးတိန်းတပ်များဘက်တွင်လည်း အတော်ပင် ကစဥ့်ကလျားဖြစ်သွားခဲ့သည်။ အမြောက်များဖြင့် အပြင်းအထန် ပစ်ခတ်ခံရမှုကြောင့် ဆက်သွယ်ရေးလမ်းကြောင်းများ ပြတ်တောက်သွားပြီး အခြေအနေမှာ ရှုပ်ထွေးလျက် ရှိသည်။ တပ်မှူး ဂျင်နရယ်စတွမ်းသည် အခြေအနေကို ကိုယ်တိုင်သွားရောက်လေ့လာရန် ၂၄ ရက်နေ့၊ အရုဏ်တက် အချိန်တွင် ရှေ့တန်းသို့ ထွက်ခွါသွားရာ ထွက်ခွါပြီးမကြာမီမှာပင် နှလုံးရောဂါ ဖြင့် ရုတ်တရက်ကွယ်လွန်သွားခဲ့သည်။ ထိုသို့ ဂျင်နရယ်စတွမ်း ကွယ်လွန်

www.burmeseclassic.com

www.burmeseclassic.com



သွားကြောင်းကို နာရီအတန်ကြာမှ သိရှိခဲ့ရပြီး ယင်း၏တာဝန်ကို အာဖရိက တပ်မကြီး တပ်မှူး ဂျင်နရယ်ဗွန်သိုမာက ဆက်ခံဆောင်ရွက် ခဲ့ရသည်။ မဟာမိတ်တပ်များထိုးစစ်ဆင်ကြောင်းသတင်းကို ကြားသိသောအခါ ဂျာမနီတွင် ဆေးဝါးကုသမှုခံယူနေသော ဖီးမာရှယ်ရွှန်းမဲလ်သည် အောက်တိုဘာလ ၂၅ ရက်နေ့ ညနေတွင် အယ်လ်အာလာမိန်းစစ်မြေပြင်သို့ ပြန်လည် ရောက်ရှိလာခဲ့သည်။

အောက်တိုဘာလ ၂၅ ရက်နေ့တွင် မောင်ဂိုမာရီသည် မြောက်ပိုင်း ရှိ အမှတ် (၃၀) တပ်မကြီးမှ အမှတ် (၉)တပ်မကို ကမ်းရိုးတန်းဘက်သို့ ထိုးစစ်ဆင်စေခြင်းဖြင့် တဲလ်အဲလ်အီဆာတောင်ကြော မြောက်ဘက်ရှိ ရန်သူ့ တပ်များကို ဖြတ်တောက်ပိတ်ဆို့စေခဲ့သည်။ တစ်ချိန်တည်းမှာပင် အမှတ်(၁) သံချပ်ကာတပ်မကို ကစ်နီ တောင်ကြောကို ထိုးစစ်ဆင်စေခဲ့ရာ တိုက်ပွဲများ သွေးချောင်းစီးမျှ အပြင်းအထန်ဖြစ်ပွားပြီး ထိုနေ့ညတွင် မဟာမိတ်တပ်များက ကစ်နီတောင်ကြောကို သိမ်းပိုက်နိုင်ခဲ့သည်။ အောက်တိုဘာလ ၂၈ ရက်နေ့ တွင် မောင်ဂိုမာရီသည် ထိုးစစ်ကို ခေတ္တရပ်နားစေပြီး တပ်များကို ပြန်လည် စုစည်းခြင်း၊ အားဖြည့်ခြင်းများကို ပြုလုပ်စေခဲ့သည်။ တောင်ဘက်ပိုင်းရှိ အမှတ်(၈) သံချပ်ကာတပ်မကိုလည်း မြောက်ဘက်သို့ ခေါ်ယူလိုက်သည်။

ထိုသို့ ထိုးစစ် ခေတ္တတန့်သွားစဉ် ရွှန်းမဲလ်သည်လည်း တောင်ဘက် ရှိ အမှတ် (၂၁) ပန်ဇာတပ်မကို မြောက်ဘက်သို့ ခေါ်ယူ လိုက်ပြီးနောက် အောက်တိုဘာလ ၂၇ ရက်နေ့တွင် မဟာမိတ်တို့ သိမ်းပိုက်ထားသော ကစ်နီ တောင်ကြောကို တန်ပြန်ထိုးစစ်ဆင်စေခဲ့သည်။ သို့သော် ထိုတပ်မမှာ အကျအဆုံးများစွာဖြင့် တပ်လှန်သွားခဲ့သည်။ အောက်တိုဘာလ ၂၉ ရက်နေ့ ညတွင် မောင်ဂိုမာရီသည် အမှတ် (၉)တပ်မကို မြောက်ဘက်အစွန်းရှိ ကမ်းရိုးတန်းလမ်းမကြီးဘက်သို့ ဦးတည်၍ ဆက်လက်ထိုးစစ်ဆင်စေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှန်းမဲလ်ကလည်း ထိုသို့ထိုးစစ်ဆင် လာမည်ကို ကြိုတင်မျှော်လင့်ထားသည့် အတိုင်း ထိုခံစစ်ကြောင်းဘက်တွင် အင်အားဖြည့်ထားရာ ၆ နာရီတိုင်တိုင် တိုက်ပွဲအပြင်းအထန်ဖြစ်ပွါးခဲ့သည်။ မဟာမိတ်တပ်များဘက်မှ လေကြောင်း အကူရရှိမှုကြောင့် ရွှန်းမဲလ်၏ တပ်များမှာ အရေးမလှခဲ့ရာ နောက်တစ်နေ့ နံနက် (စက်တင်ဘာလ ၃၀ ရက်နေ့) တွင် ရွှန်းမဲလ်သည် အယ်လ်အာလာ မိန်းမှ အနောက်ဘက် မိုင် ၅၀ ခန့်အကွာရှိ ဖူကာသို့ ဆုတ်ခွါရန် စတင် စဉ်းစား လာရတော့သည်။ ထိုအချိန်တွင် ရွှန်းမဲလ်၏တပ်များမှာ ဓါတ်ဆီ၊ စားရေရိက္ခာ နှင့် ခဲယမ်းမီးကျောက်များ အလွန်ချို့တဲ့လျက် ရှိပြီဖြစ်သည်။

အောက်တိုဘာလ ၂၉ ရက်နေ့တွင် ရွှန်းမဲလ်သည် အမှတ်(၉၀) အပေါ့စားတပ်မကို **စီဒီအပ်အဲလ်ရာမန်** ဘက်သို့ ခေါ်ယူခဲ့သည်။ ထိုသို့ခေါ်ယူလိုက်ကြောင်းကို မွန်ဂိုမာရီကြားသိသောအခါ ထိုတပ်မကို ထိန်းဟန့်ထားရန် အမှတ်(၉) ဩစတြေးလျတပ်မကို ထိုဒေသတွင် ဆက်လက် ထိုးစစ်ဆင်နေစေခဲ့သည်။ အောက်တိုဘာလ ၃၁ ရက်နေ့ညတွင် အမှတ်(၉) ဩစတြေးလျတပ်မသည် ကမ်းရိုးတန်းအထိ ထိုးစစ်ဆင်တိုက်ခိုက် ချီတက် သွားပြီးနောက် အရှေ့ဘက်တိုပြန်လှည့်ကာ အမှတ် (၁၆၄)၊ ဂျာမန်တပ်မကို ဖြတ်တောက်ပိတ်ဆို့ရန် ကြိုးပမ်းခဲ့သည်။ သို့သော် အမှတ် (၂၁)၊ ဂျာမန် တပ်မမှ တပ်အချို့နှင့် အမှတ် (၉၀)၊ အပေါ့စားတပ်မတို့၏ အကူအညီကြောင့် အမှတ် (၁၆၄)၊ ဂျာမန်တပ်မမှာ လွတ်မြောက်သွားခဲ့သည်။

နိုဝင်ဘာလ ၂ ရက်နေ့၊ နံနက် ၁ နာရီအချိန်တွင် မောင်ဂိုမာရီသည် အမြောက်များ၊ ဗုံးကြဲလေယာဉ်များအကူအညီဖြင့် အမှတ်(၂) နယူးဇီလန် တပ်မမှ တပ်မဟာနှစ်ခုနှင့် အမှတ် (၂၃) သံချပ်ကာတပ်မဟာတို့ကို အလျားကိုက် ၄၀၀၀ ခန့်ရှိသော စစ်မျက်နှာဖွင့်၍ ရန်သူစခန်းများနှင့် မိုင်းကွင်းများအကြား ထိုးစစ်ဆင်စေခဲ့သည်။ ထိုထိုးစစ်ဖြင့် မိုင်းကွင်းများကို

www.burmeseclassic.com

www.burmeseclassic.com




ဖြတ်ကာ လမ်းထွင်သွားပြီးနောက် ထိုလမ်းကြောင်းအတိုင်း အမှတ် (၉) သံချပ်ကာတပ်မဟာ ဦးဆောင်လျက် အမှတ်(၁)၊ အမှတ် (၇)နှင့် အမှတ် (၁၀) သံချပ်ကာတပ်များက လိုက်ပါချီတက်ကြသည်။ အမှတ် (၉) သံချပ်ကာ တပ်မဟာသည် တင့်ကားပစ်အမြောက်များဖြင့် အပြင်းအထန် တိုက်ခိုက်ခံရမှုကြောင့် ထိုအင်အား၏လေးပုံသုံးပုံကျော် အရေအတွက် ဖြစ်သော တင့်ကား ၈၇ စီး ပျက်စီးဆုံးရှုံးသွားခဲ့သည်။ တစ်ချိန်တည်းမှာပင် အမှတ်(၁) သံချပ်ကာတပ်မကြီးသည် မိုင်းကွင်းများကို ဖြတ်ကျော်ပြီးသည်နှင့် တပြိုင်နက် အာဖရိကတပ်မကြီးနှင့် ရင်ဆိုင်ရရာ **တဲလ်အဲလ်အကွာကာ** အနီးတွင် အလွန်ပြင်းထန်သော တင့်ကားတိုက်ပွဲကြီး ဖြစ်ပွါးခဲ့သည်။

ရွှန်းမဲလ်၏တင့်ကားများမှာ မောင်ဂိုမာရီ၏ တင့်ကားများနှင့် နှိုင်းစာလျှင် အမျိုးအစားညံ့ဖျင်းလှသော်လည်း ယင်းတိုက်ပွဲတွင် ရန်သူ့ထိုးစစ်ကို ဟန့်တားထားနိုင်ခဲ့ကြသည်။ သို့သော် ထိုအချိန်တွင် ရွှန်းမဲလ်သည် မိမိတို့ အရေးနိမ့်ပြီဖြစ်ကြောင်း ကောင်းစွာသိရှိနေပြီ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူ၏တပ်တော်သည် ထိုနေ့က ခဲယမ်းမီးကျောက် တန်ချိန် ၄၅၀ သုံးစွဲခဲ့ရသော်လည်း တိုဘရွတ်မြို့သို့ ဖျက်သင်္ဘော သုံးစင်းဖြင့် နောက်ထပ်ရောက်ရှိလာသော ခဲယမ်းမီးကျောက်များမှာ တန်ချိန် ၁၉၀ သာရှိသည့်အပြင် အာဖရိကတပ်မကြီးတွင် တိုက်ပွဲဝင်နိုင်သော တင့်ကားစီးရေ ၃၅ စီးသာ ကျန်ရှိတော့သောကြောင့်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com







> အောင်ပွဲရသော စစ်သူကြီးသည် တိုက်ပွဲမဝင်မီကပင် အမျိုးမျိုးသော တွက်ချက်တိုင်းဆမှုများကို သူ့ခေါင်းထဲတွင် ကြိုတင်ပြုလုပ်ထားနှင့် ကြ၏။
>
> ဆန်စု

မောင်ဂိုမာရီက အမျိုးမျိုးသော တွက်ချက်တိုင်းဆမှုများ ဆောင်ရွက်တတ်သူ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com





ရွှန်းမဲလ် ဆုတ်ခွါရပြီ

နိုဝင်ဘာလ ၃ ရက်နေ့နံနက်လင်းအားကြီးအချိန်တွင် ရွှန်းမဲလ်သည် ဟစ်တလာထံသို့ မိမိအား လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်ခွင့်အပြည့်အား ပေးပါရန် အမိန့်တောင်းခံခဲ့သည် လွတ်လပ်စွာ လုပ်ဆောင်ခွင့်ဟူသည်ကား ဆုတ်ခွာခွင့်ပင် ဖြစ်သည်။ ဟစ်တလာထံမှ ခွင့်ပြုချက်ရရှိလိမ့်မည်ဟူ၍လည်း မျှော်လင့်ထားခဲ့သဖြင့် အီတလီတပ်အချို့ကိုပင် ဆုတ်ခွါရန် အမိန့်ပေးထား သည်။ နေ့လည် ၁ နာရီ မိနစ် ၃၀ တွင် ဟစ်တလာထံမှ အဖြေကို ပြန်လည်ရရှိခဲ့သည်။ ဟစ်တလာ၏အဖြေမှာ ရွှန်းမဲလ်၏တပ်များအဖို့ အောင်ပွဲ နှင့်သေခြင်းမှလွဲ၍ အခြားရွေးချယ်စရာ နည်းလမ်းမရှိကြောင်း၊ ထို့ကြောင့် ဆုတ်ခွါရန် လုံးဝခွင့်မပြုကြောင်းပင် ဖြစ်သည်။ သို့ဖြင့် ရွှန်းမဲလ်သည်

www.burmeseclassic.com

www.burmeseclassic.com



ဆုတ်ခွါနေခြင်းကို ရပ်ဆိုင်းထားလိုက်ရပြီး **" မဆုတ်ခွါဘဲ တောင့်ခံနေမည် ဆိုပါကလုံးဝချေမှုန်းခြင်းခံရတော့မည်ဖြစ်ကြောင်း "** ထိုနေ့ညနေပိုင်းတွင်ပင် ဟစ်တလာထံသို့ ထပ်မံအကြောင်းကြားစေခဲ့သည်။

နိုဝင်ဘာလ ၄ ရက်နေ့ နံနက်စောစောတွင် **ဖီးမာရှယ်ကက်** ဆာရင်းသည် ရွှန်းမဲလ်၏စစ်ဌာနချုပ်ကို ရောက်ရှိလာခဲ့ပြီးနောက် **" ဟစ်တလာသည် အရှေ့ဘက်စစ်မျက်နှာ(ဆိုဗီယက်စစ်မျက်နှာ)မှရရှိသော အတွေ့အကြုံများအရ ယခုကဲ့သို့အခြေအနေမျိုးတွင် မည်မျှပင်တန်ဖိုးကြီးကြီး ပေးရသည်ဖြစ်စေ အစွမ်းကုန်တောင့်ခံထားရမည်ဟု အမိန့်ပေးလိုက်ကြောင်း "** ပြောကြားခဲ့သည်။ သို့သော် နောင်သောအခါ ကက်ဆာရင်းရေးသား ထုတ်ဝေခဲ့သော ကိုယ်ရေး မှတ်တမ်းထဲတွင်မူ **" ဒါသက်သက်ရူးတာပဲ၊ သူ့အမိန့်ကို ဂရုစိုက်မနေနဲ့ "** ဟူ၍ပြောကြားခဲ့ပြီး သူ့အနေနှင့်ရွှန်းမဲလ်၏ ဆုတ်ခွါခြင်းကို လျစ်လျူရှုနေမည် ဖြစ်ပြီး ယင်းအတွက် ကျရောက်လာမည့် အကျိုးဆက်ကို တာဝန်ယူမည်ဖြစ်ကြောင်း အာမခံခဲ့သည်ဟူ၍ ဖော်ပြထားသည်။

မောင်ဂိုမာရီသည် နိုဝင်ဘာလ ၃ ရက်နေ့ နံနက်တွင် ရန်သူ့ တပ်များ အနောက်ဘက်သို့ ဆုတ်ခွါလျက်ရှိကြောင်း သိရှိရသောအခါ ဆုတ်ခွါလျက်ရှိသော ရန်သူ့စစ်ကြောင်းများကို လေကြောင်းမှအပြင်းအထန် လိုက်လံတိုက်ခိုက်စေခဲ့သည်။ ထို့ပြင် ထိုနေ့ညတွင်ပင် အမှတ်(၅၁)တစ်မနှင့် အမှတ်(၄) အိန္ဒိယတပ်မတို့ကို အလျားလေးမိုင်ခန့်ရှိသည့် စစ်မျက်နှာဖွင့်ကာ တင့်ကားပစ်အမြောက်များ ထုထပ်စွာချထားသော ရန်သူ့ခံစစ်ကြောင်းကို ထိုးဖောက်ချီတက်စေခဲ့သည်။ ထိုတပ်များနောက်မှ သံချပ်ကာတပ်မကြီး သုံးခုကို လိုက်ပါချီတက်စေခဲ့ရာ နိုဝင်ဘာလ ၄ ရက်နေ့နံနက်တွင် မောင်ဂိုမာရီ၏ တပ်များသည် ရည်မှန်းချက်အတိုင်း အောင်မြင်စွာ ထိုးဖောက်တိုက်ခိုက် ချီတက်နိုင်ခဲ့ကြသည်။ သို့ဖြင့် တောင်ဘက်ရှိတပ်များကို ဖြတ်တောက် ပိတ်ဆို့

www.burmeseclassic.com

www.burmeseclassic.com






"မင်းစစ်သူကြီးဖြစ်တယ်ဆိုပေမယ့် မင်းအထက်ကအမိန့်ပေးလာရင် အဲဒီအမိန့်ကို နာခံရလိမ့်မယ် " လို့ ရွှန်းမဲလ်အား တုံးတိတိသတိပေးခဲ့သည့် ဂျာမန်စစ်ရုံးချုပ်မှ စစ်သူကြီးဗွန်ကလူ

www.burmeseclassic.com

www.burmeseclassic.com





ဂျာမန်တပ်မှူး ဂျင်နရယ်ဗွန်သိုမာကို
လက်ရဖမ်းဆီးရမိလာခဲ့စဉ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့ပြီး အာဖရိကတပ်မကြီးကိုလည်း ကစဉ့်ကလျားဖြစ်သွားစေကာ တပ်မှူးဖြစ်သူ **ဂျင်နရယ်ပွန်သိုမာ** ကိုပင် လက်ရ ဖမ်းဆီး ရမိခဲ့သည်။

ထိုအချိန်တွင် မဟာမိတ်တပ်များသည် ဝန်ရိုးတန်းတပ်များ၏ ခံစစ်ကြောင်းအကြားတွင် ၁၂ မိုင်ခန့် ပြန်တောက်သွားသည်အထိ ထိုးဖောက်တိုက်ခိုက်မိပြီဖြစ်သည်။ ဝန်ရိုးတန်း တပ်မှူးရွှန်းမဲလ်အဖို့ အရန်တပ်လည်း မကျန်တော့သည့်အပြင် ဓာတ်ဆီလည်း ကုန်သွားပြီဖြစ်သောကြောင့် မိမိတပ်များကို ကယ်တင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းရင်း အပြင်း ဆုတ်ခွါစေရတော့သည်။ နောက်တစ်နေ့နံနက် (နိုဝင်ဘာလ ၄ ရက်နေ့တွင်) ဟစ်တလာထံမှ ဆုတ်ခွါခွင့်ပြုကြောင်း အမိန့်ရောက်လာခဲ့သည်။

ဝန်ရိုးတန်းတပ်များ ဆုတ်ခွါရာနောက်သို့ မဟာမိတ်တပ်များက အပြင်းအထန် လိုက်လံတိုက်ခိုက်ခဲ့ကြရာ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် တိုဘရွတ်မြို့ကိုလည်းကောင်း၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် **ဘင်ဂါဇီမြို့**ကိုလည်းကောင်း ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြသည်။ မဟာမိတ်တို့၏ ထိုးစစ်စတင်သော အောက်တိုဘာလ ၂၃ ရက်နေ့မှ နိုဝင်ဘာလ ၁၉ ရက်နေ့အတွင်း နှစ်ဘက်အကျအဆုံးမှာ ဝန်ရိုးတန်းတပ်များဘက်မှ ကျဆုံးသူ ၁၆၀၀၀ ခန့်၊ ဒဏ်ရာရရှိသူ ၁၅၀၀၀ ခန့်နှင့် စစ်သုံ့ပန်းအဖြစ် အဖမ်းခံရသူ ၃၀၀၀၀ ခန့်ရှိပြီး တင့်ကားအစီး ၅၀၀ ခန့်နှင့် အမြောက်အလက် ၁၀၀၀ နီးပါးခန့် ဆုံးရှုံးခဲ့သည်။ မဟာမိတ်တပ်များဘက်မှလည်း ကျဆုံး ဒဏ်ရာ ရရှိသူနှင့် ပျောက်ဆုံးသွားသူ ၁၃၅၀၀ ခန့်ရှိပြီး တင့်ကားအစီး ၄၅၀ ခန့် ပျက်စီးချွတ်ယွင်းသွားခဲ့သည်။

အယ်လ်အာလာမိန်းတိုက်ပွဲတွင် ဝန်ရိုးတန်းတပ်များ အရေးနိမ့်ခဲ့ရခြင်း၏ အဓိကအချက်မှာ စားရေရိက္ခာ၊ လောင်စာ၊ ခဲယမ်းမီးကျောက်ချို့တဲ့မှုပင် ဖြစ်သည်။ မြေထဲပင်လယ်ကို ဖြတ်သန်း၍လာရသော ထောက်ပံ့ဆက်သွယ်ရေးလမ်းကြောင်းမှာ အလွန်ရှည်လျားလှသည့်ပြင် ထိုထောက်ပံ့ရေး

www.burmeseclassic.com

www.burmeseclassic.com



လမ်းကြောင်းကို မဟာမိတ်တို့၏စစ်သင်္ဘောများ၊ စစ်လေယာဉ်များက အစဉ်နှောင့်ယှက် တိုက်ခိုက်ဖျက်ဆီးမှုကြောင့် ဝန်ရိုးတန်းတပ်များမှာ လိုအပ်သော စားရေရိက္ခာ၊ လောင်စာ၊ လက်နက် ခဲယမ်းမီးကျောက် အပြည့်အဝမရရှိခဲ့ချေ။ ထိုသို့ ခဲယမ်းမီးကျောက်ချို့တဲ့မှုကြောင့်ပင် အောက်တိုဘာလ ၂၃ ရက် နေ့တွင် မဟာမိတ်တပ်များက စတင်ထိုးစစ်ဆင်သောအခါ ဝန်ရိုးတန်းတပ်မှူး ဂျင်နရယ်စတွမ်းသည် မိမိအမြောက်တပ်များကိုပြန်လည်ပစ်ခတ်ခွင့် မပြုခဲ့ချေ။ ထိုအချက်နှင့်ပတ်သက်၍ ရွှမ်းမဲလ်က " **အကယ်၍ ထိုးစစ်ဆင်လာသော မဟာမိတ်တပ်များကို အမြောက်များဖြင့် ပစ်ခတ်ချေမှုန်းခဲ့မည်ဆိုပါက ထိုးစစ်ကို တနည်းတဖုံ ဟန့်တားထားနိုင်မည်ဖြစ်ကြောင်း** " မှတ်ချက်ချခဲ့သည်။ ထို့ပြင် မဟာမိတ်တပ်များ ထိုးစစ်စတင်နေချိန်တွင် ဝန်ရိုးတန်းတပ်များဘက်မှ တင့်ကားများမှာ ဓာတ်ဆီချို့တဲ့မှုကြောင့် အရေးကြီးသော လှုပ်ရှားနေရာချထားမှုများကို မပြုလုပ်နိုင်ခဲ့ချေ။ တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားနေစဉ် ကာလအတွင်းမှာပင် ဝန်ရိုးတန်းတပ်များသည် စားရေရိက္ခာ ခဲယမ်းမီးကျောက်၊ လောင်စာအပြည့်အဝ ထပ်မံမရရှိခဲ့သောကြောင့် ချို့ချို့တဲ့တဲ့နှင့်ပင် တိုက်ပွဲဝင်ခဲ့ကြရသည်။

အဓိကကျသော အခြားအချက်တစ်ရပ်မှာ မြောက်အာဖရိကစစ်မျက်နှာတွင် မဟာမိတ်လေတပ်က လေပြင်ကို စိုးမိုးထားနိုင်ခဲ့ခြင်းပင်ဖြစ်သည်။ မဟာမိတ်တို့၏ **စပစ်ဖိုင်းယား** အမျိုးအစားလေယာဉ်များကို ဝန်ရိုးတန်းလေယာဉ်များက မယှဉ်နိုင်ခဲ့ချေ။ သို့ဖြင့် တိုက်ပွဲကာလတစ်လျှောက်လုံး မဟာမိတ်လေတပ်သည် ဝန်ရိုးတန်းတပ်များကို အပြင်းအထန်ဗုံးကြဲတိုက်ခိုက်ခဲ့ကြခြင်းဖြင့် ထိုးစစ်ကို ထိရောက်စွာ အထောက်အကူပေးနိုင်ခဲ့ကြသည်။

အခြားအချက်တစ်ရပ်မှာ တင့်ကားအမျိုးအစားချင်း ကွာခြားမှုဖြစ်သည်။ အယ်လ်အာလာမိန်းတိုက်ပွဲမှာ သံချပ်ကာရထားတိုက်ပွဲဖြစ်သည့်အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



လျင်မြန်စွာ လှုပ်ရှားစစ်ကစားနိုင်သော တင့်ကားများကို အားထား တိုက်ခိုက်ရသော တိုက်ပွဲဖြစ်သည်။ ဤတွင် ထိုတိုက်ပွဲ၌ အသုံးပြုခဲ့သော မဟာမိတ်တို့၏ ဗြိတိန်လုပ် **ဂရန့်** နှင့် အမေရိကန်ပြည်ထောင်စုလုပ် ရှားမင်း တင့်ကားများမှာ ဝန်ရိုးတန်းတပ်များ၏ **မတ် ၃** နှင့် **မတ် ၄** တင့်ကား အမျိုးအစားများထက် အရည်အသွေးများစွာ သာလွန်လျက်ရှိသည့်အပြင်' တင့်ကားအရေအတွက်တွင်လည်း ဝန်ရိုးတန်းတပ်များသည် မဟာမိတ်တပ် များကို မမှီခဲ့ချေ။ သို့ဖြင့် ဖီးမာရှယ်ရွှန်းမဲလ်၏ဝန်ရိုးတန်းတပ်များသည် ဂျင်နရယ် (နောင်သောအခါ ဖီးမာရှယ်) မောင်ဂိုမာရီ၏ မဟာမိတ်တပ်များကို အရေးနိမ့်သွားခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြီးကို အဆုံးအဖြတ်ပေးသည့် တိုက်ပွဲကြီးတစ်ပွဲအဖြစ် သမိုင်းတွင် ရစ်ခဲ့တော့သည်။

ဤသည်မှာ အယ်လ်အာလာမိန်းတိုက်ပွဲ ဖြစ်စဉ်အစအဆုံး အကျဉ်းသာ ဖြစ်ပါ၏။ မောင်ဂိုမာရီသည် ရွှန်းမဲလ်အား မည်သို့မည်ပုံ အနိုင်တိုက်ခဲ့သည်အား အသေးစိတ်ထပ်မံ ဖော်ပြလိုပါသည်။ သို့မှသာ မောင်ဂိုမာရီ၏စွမ်းရည်နှင့် ကွပ်ကဲမှုကို လေ့လာသုံးသပ်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် မောင်ဂိုမာရီ၏တိုက်ပွဲကွပ်ကဲမှုကို အောက်ပါအတိုင်း အသေးစိတ် ထပ်မံဖော်ပြအပ်ပါသည်။

> **စစ်ခေါင်းဆောင်ကောင်းတစ်ဦးသည်ပြင်းပြသောရည်မှန်းချက်ဆန္ဒကို ခံယူနိုင်သော စွဲနှင့်ခံနိုင်လောက်သောကြံ့ခိုင်မှုကို များစွာရှိဖို့ လိုသည်။**
>
> **လူခင်ခေါ့ပ်**

**မောင်ဂိုမာရီရော ရွှန်းမဲလ်ပါ အထက်ပါအရည်အချင်းမျိုး ပြည့်စုံသူများ ဖြစ်၏။**

www.burmeseclassic.com

www.burmeseclassic.com





စစ်သားကောင်းဟူသည် တပ်စုကို ကွပ်ကဲအုပ်ချုပ်ရသည်ဖြစ်စေ၊ တပ်တော်ကြီး တစ်ခုလုံးကို ကွပ်ကဲအုပ်ချုပ်ရသည်ဖြစ်စေ၊ ရှေ့သို့မျှော်တွေးသကဲ့သို့ နောက်ကိုလည်း ပြန်လှည့်၍ကောင်းသုံးသပ် ကြည့်ရှုရာ၏၊ သို့သော် မျှော်မြင်ခြင်းအားကြီးသော မည်သို့ဆိုလျှင်ကား ရှေ့သို့သာ ဦးတည်ရာ၏၊

မက်အာသာ

မောင်ဂိုမာရီရော ရွှန်းမဲလ်ပါ အခြေအနေမှန်ကို ဆင်ခြင်သုံး သပ်နိုင်သူများဖြစ်ကြ၏။ ချာချီက မောင်ဂိုမာရီ၏တင်ပြချက်ကို လက်ခံသည်။ ဟစ်တလာက ရွှန်းမဲလ်၏တင်ပြချက်ကို လက်မခံ ခဲ့ချေ။ ရွှန်းမဲလ်အရေးနိမ့်ရသည့်အကြောင်းများတွင် ဤအချက် သည်လည်း တစ်ချက်အပါအဝင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)
# အယ်လ်အာလာမိန်းတိုက်ပွဲ အသေးစိတ်ဖော်ပြချက်များ


## အခန်း (၁)
## တိုက်ပွဲမဖြစ်ပွါးမှီ ယေဘုယျအခြေအနေ

### မောင်ဂိုမာရီ အမှတ်(၈)တပ်တော်မှူးဖြစ်လာခြင်း

ဒုတိယကမ္ဘာစစ်ကြီးစတင်ဖြစ်စတွင် မောင်ဂိုမာရီသည် အမှတ်(၃) တပ်မမှူးတာဝန်ကို ထမ်းဆောင်ရပြီး ပြင်သစ်ပြည်တွင် သွားရောက် တာဝန် ထမ်းဆောင်ရလေသည်။ ၁၉၄၀ ခုနှစ်၊ မေလ ၃၀ ရက်နေ့နံနက်တွင် အမှတ်(၂) တပ်မကြီးမှူးဖြစ်သူ ဗိုလ်ချုပ်ဗရွတ် GENERAL BROOK အား အင်္ဂလန်မှပြန်ခေါ်သောအခါ မောင်ဂိုမာရီသည် အမှတ်(၂) တပ်မကြီးမှူး ဖြစ်လာလေသည်။ ပြင်သစ်ပြည်ဒန်းကတ် DUNKIRK တွင် တာဝန် ထမ်းဆောင်နေရာမှ ဂျာမန်များ၏ထိုးစစ်ဒဏ်ကို မခံနိုင်ဘဲ ဆုတ်ခွါခဲ့ရာ ဇွန်လ(၁)ရက်နေ့ညနေပိုင်းတွင် အင်္ဂလန်သို့ ပြန်ရောက်ခဲ့သည်။ ပြင်သစ်ပြည်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com





အမှတ်(၈)တပ်တော်မှူးဖြစ်ခါစကမောင်ဂိုမာရီမှ အရာရှိ
တစ်ဦးချင်း စီနှင့် တွေ့ဆုံနေပုံ

ဒန်းကတ်မှာ အမှတ်(၂)တပ်မကြီးမှူး တာဝန်ထမ်းဆောင်ခဲ့သော်လည်း အင်္ဂလန်သို့ ပြန်ရောက်သောအခါ မောင်ဂိုမာရီသည် ၎င်းအား အမှတ်(၃) တပ်မမှူးအဖြစ် တာဝန်ထမ်းဆောင်ခွင့်ပြုပါရန် စစ်ရုံးချုပ်သို့ သွားရောက်၍ ကာကွယ်ရေးဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ဂျက်ဒယ် C.T.G.S JACK DILL သို့ သွားရောက်တင်ပြခဲ့ပါသည်။

ဗိုလ်ချုပ်ဂျက်ဒယ်မှ မောင်ဂိုမာရီအား တပ်မ(၃)မှူးအဖြစ် တာဝန် ထမ်းဆောင်ရန် ခွင့်ပြုခဲ့ပါသည်။ မောင်ဂိုမာရီသည် ၎င်း၏တပ်မ(၃)ကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်ဖွဲ့စည်းမှုများ ပြုလုပ်ခဲ့ပါသည်။ အင်္ဂလန်ကျွန်းအား ဂျာမန်များ တက်ရောက် တိုက်ခိုက်မှုမှ ကာကွယ်ရန် တာဝန်ထမ်းဆောင်ရာတွင် မောင်ဂိုမာရီ ပါဝင်ခဲ့ပါသည်။ ထိုသို့တာဝန်ထမ်းဆောင်နေရာမှ ၁၉၄၀ ခု၊ ဇူလိုင်လတွင် မောင်ဂိုမာရီသည် အမှတ်(၅) တပ်မကြီးမှူးအဖြစ် ရာထူးတိုးမြှင့်ခန့်အပ်ထားခြင်းခံရပါသည်။ ထိုအချိန်မှစ၍ မောင်ဂိုမာရီ၏တိုက်တွန်းမှုကြောင့် အင်္ဂလန်ပြည်တပ်တော်ကို လေ့ကျင့်ရေးများ အပြင်းအထန် လုပ်စေခဲ့ပါသည်။ တစ်ဖန် ၁၉၄၁ ခု၊ ဧပြီလတွင် မောင်ဂိုမာရီသည် အမှတ် (၁၂) တပ်မကြီးမှူး တာဝန်ကို လွှဲပြောင်းထမ်းဆောင်ရပြီး ထိုဒေသမှာ ဂျာမန်များ ကျူးကျော်တိုက်ခိုက်နိုင်သည့်ဒေသ အင်္ဂလန်ကျွန်း အရှေ့တောင်ဘက်ရှိ ကင့် KENT ဒေသဖြစ်ပါသည်။ ထိုမှတဖန် ၁၉၄၁ ခု၊ ဒီဇင်ဘာလတွင် အင်္ဂလန်ကျွန်း အရှေ့တောင်ဒေသ တပ်တော်မှူး COMMANDER OF SOUTH-EASTERN ARMY အဖြစ် ရာထူးတိုးမြှင့်ခန့်အပ်ခြင်း ခံရပြန်သည်။

ထိုအချိန်တွင်လည်း မောင်ဂိုမာရီသည် အင်္ဂလန်ရှိတပ်များအား လေ့ကျင့်မှုများကို အပြင်းအထန်လုပ်စေခဲ့ပြီး စစ်နည်းဗျူဟာလေ့ကျင့်ခန်းများကိုလည်း ဦးစီးညွှန်ကြား၍ လုပ်စေခဲ့ပါသည်။ ၁၉၄၂ ခုနှစ်၊ ဩဂုတ်လဆန်းတွင် စကော့တလန် SCOTLAND တွင် လေ့ကျင့်ခန်းကြီးတစ်ခု လုပ်မည်ဖြစ်၍ မောင်ဂိုမာရီသည် အင်္ဂလန်ကျွန်းကာကွယ်ရေးတပ်များ၏ ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ပက်ဂျက် GENERAL PAGET အတူ လိုက်ပါ၍ သွားခဲ့ပါသည်။ ထိုအချိန်တွင် အပြောင်းအလွဲများ အမျိုးမျိုးဖြစ်လာကာ မောင်ဂိုမာရီအား အမြန်ဆုံး အင်္ဂလန်သို့ ပြန်လာပြီး ဗိုလ်ချုပ်အလက်ဇင်းဒါး GENERAL ALEXANDER ထိုအမှတ်(၁) တပ်တော်မှူးတာဝန်ကို လွှဲပြောင်းယူရန် စစ်ရုံးမှတယ်လီဖုန်းဖြင့် အကြောင်းကြားလေသည်။ မောင်ဂိုမာရီသည် အမြန်ဆုံးလန်ဒန်သို့ ပြန်လာခဲ့ပါသည်။ နောက်တနေ့နံနက် ဩဂုတ်လ (၈) ရက်နေ့တွင် ယမန်နေ့က အမိန့်ဖြစ်သော တပ်တော်မှူး တာဝန်ထမ်းဆောင်

www.burmeseclassic.com



ရန် ညွှန်ကြားချက်ကို ပယ်ဖျက်၍ အီဂျစ်တွင်ရှိသော အမှတ် (၈) တပ်တော်မှူး တာဝန်လွှဲပြောင်းထမ်းဆောင်ရန်အတွက် အသင့်ပြုလုပ်ထားရန် ညွှန်ကြားခဲ့ပါသည်။

၁၉၄၂ ခု၊ ဩဂုတ်လ (၇)ရက်နေ့တွင် ဘုရင့်လေတပ်မတော်မှ ဘုံဘေသယ်ယူပို့ဆောင်ရေးလေယာဉ် R .A .F BOMBAY TRAN - SPORT တစ်စီးကို မက်ဆာရှမစ် MESSERSCMMITTT 109 S ဂျာမန်တိုက်လေယာဉ် (၂) စီးမှ ပစ်ခတ်တိုက်ခိုက်ကြလေသည်။ ထိုသို့ တိုက်ခိုက်သဖြင့် လေယာဉ်ပျက်စီး၍ ဗြိတိသျှအရာရှိ (၇)ဦး သေဆုံးရသည့်အနက် အမှတ်(၈) တပ်တော်မှူးအဖြစ် တာဝန်ထမ်းဆောင်ရန် ရွေးချယ်ထားသည့် ဗိုလ်ချုပ်ဂေါ့ LT. GEN W.N.E GOTT လည်း ပါဝင်ခဲ့လေသည်။ မောင်ဂိုမာရီသည် ၁၉၄၂ ခု၊ ဩဂုတ်လ (၁၀)ရက်နေ့ညတွင် အင်္ဂလန်မှလေယာဉ်ဖြင့် ထွက်ခဲ့ရာ ဂျီဘရော်တာသို့ (၁၁)ရက်နေ့နံနက်တွင် ရောက်ရှိလေသည်။ တဖန် ဂျီဘရော်တာမှ ဩဂုတ် (၁၁)ရက်နေ့ ညနေပိုင်းတွင် ဆက်လက်ထွက်ခွါခဲ့ရာ ကိုင်ရို CAIRO သို့ (၁၂)ရက်နေ့နံနက်တွင် ရောက်ရှိလေသည်။ မောင်ဂိုမာရီသည် ဗိုလ်ချုပ် အောချင်လက် GENERAL AUCHINLECK ဗိုလ်ချုပ်အလက်ဇင်းဒါး GENERAL ALEXAN - DER တို့နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ကိုင်ရိုရှိ ဗြိတိသျှသံရုံးတွင် ညအိပ်ခဲ့လေသည်။

နောက်တစ်နေ့နံနက် ဩဂုတ်လ (၁၃)ရက်နေ့ ၀၅း၀၀ နာရီ အချိန်တွင် ဗြိတိသျှသံရုံးမှ မော်တော်ယာဉ်ဖြင့် အမှတ် (၈)တပ်တော်ရှိရာ သဲကန္တာရဆီသို့ ထွက်ခဲ့လေသည်။ အမှတ် (၈)တပ်တော်၏ဦးစီးချုပ်ဖြစ်သော ဗိုလ်မှူးချုပ် ဒီရင်းဂန် သည် အလက်ဇန်းဒရီးယားမြို့ ALEXANDRIA မြို့ပြင်လမ်းတို့မှ မောင်ဂိုမာရီအား စောင့်ကြို၍ခေါ်ဆောင်ခဲ့ရာ နံနက် (၁၁) နာရီအချိန်ခန့်တွင် အမှတ်(၈) တပ်တော်တည်ရှိရာ ဌာနချုပ်သို့ ရောက်ရှိ

www.burmeseclassic.com

www.burmeseclassic.com




ခဲ့ပါသည်။ ခေတ္တ တပ်တော်မှူး ဗိုလ်ချုပ်ရင်မ်ဒင် LT.GEN RAMSDEN သည် ဗိုလ်ချုပ်မောင်ဂိုမာရီအား လာရောက်တွေ့ဆုံပြီး တပ်တော်၏ အခြေအနေအရပ်ရပ်နှင့် နောက်ဆုံးရန်သူ့အခြေအနေ၊ တပ်တော်၏ နောက်ဆုံးထုတ်ပြန်ထားသော အမိန့်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပါသည်။ ဗိုလ်ချုပ်မောင်ဂိုမာရီသည် ၄င်းအား ဗိုလ်ချုပ်အော်ချင်လက် ဩဂုတ်လ (၁၅)ရက်မတိုင်မီ တပ်တော်မှူးတာဝန်ကို လွှဲပြောင်းမယူရန် ပြောခဲ့သော်လည်း အခြေအနေ အရပ်ရပ်ကြောင့် မောင်ဂိုမာရီသည် ဩဂုတ်လ (၁၃)ရက်နေ့ နေ့လည် (၂)နာရီတွင် အမှတ်(၈) တပ်တော်မှူးတာဝန်ကို လက်ခံကြောင်း အရှေ့ အလယ်ပိုင်းဌာနချုပ်သို့ ကြေးနန်းဖြင့် အကြောင်းကြားခဲ့လေသည်။

> စစ်သူကြီးတစ်ဦးတွင် မရှိမဖြစ်သည့် အရေးကြီးဆုံးသော အရည်အချင်းများမှာ ပထမအရေးအခင်းကြီးငယ်မဟူ အခါခပ်သိမ်းပိုင်နိုင်စွာ ဆုံးဖြတ်လုပ်ဆောင်နိုင်စွမ်းသည် ကြံကြံခိုင်သော နှလုံးရည်နှင့် ဒုတိယမည်သည့်အရာကိုမျှ ဘာမဆိုသော လက်ရုံးရည်တို့ ဖြစ်သည်။
>
> ဂျိုမီနီ

မောင်ဂိုမာရီရော ရွှန်းမဲလ်ပါ အထက်ဖော်ပြပါ အရည်အချင်း မျိုးရှိသူများ ဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com




တိုက်ပွဲဝင်မည့် မဟာမိတ် တပ်များ၏အယ်လ်အာလာမိန်း

www.burmeseclassic.com

www.burmeseclassic.com



**မောင်ဂိုမာရီမရောက်မီ အယ်လ်အာလာမိန်းဒေသအခြေအနေ**

၁၉၄၁ ခုနှစ်ကုန်ပိုင်းတွင် ရွှန်းမဲလ်သည် အောင်ပွဲများ ဆက်တိုက်ခံသူ ဆီဒီရစ်စ် SIDI REZETH တိုက်ပွဲတွင် ဗြိတိသျှတပ်များကို အနိုင်ယူခဲ့လေသည်။ ထိုတိုက်ပွဲရှုံးပြီးနောက် ဗိုလ်ချုပ် ကန်နင်ဟန်ကို GEN. CUNNINGHAM ကို ဗိုလ်ချုပ်နင်းလ်ရစ်ချီ GEN. NEIL RITCHE ဖြင့် လဲလှယ်ပေးခဲ့လေသည်။ ဗိုလ်ချုပ်ရစ်ချီသည် ၁၉၄၂ ခု၊ ဇွန်လအထိ ဗြိတိသျှအရှေ့အလယ်ပိုင်းကြည်းတပ်ကို အုပ်ချုပ်ရလေသည်။ ဗိုလ်ချုပ်ရွှန်းမဲလ်သည် ၁၉၄၂ ခု၊ မေလ၌ တိုက်စစ်ဆင်သောအခါ ဗိုလ်ချုပ်ရစ်ချီသည် ဘရ်ဟာချမ် BIR HARCMEIM မှ ပြင်သစ်အစောင့်တပ်ကို လဲလှယ်မပေးဘဲ နိုက်ဘရစ် KINGHTS BRIDGE ဗိုလ်ချုပ်ရွှန်းမဲလ်၏ ထောင်ချောက်ထဲသို့ ဇွန် (၁၃)ရက်နေ့တွင် ဝင်ရောက်မိ၏။ ထို့ပြင် တိုဘရွတ် TOBRUK မြို့ကိုပါ ကောင်းမွန်စွာ ကာကွယ်မထားနိုင်ဘဲ ဂျာမန်လက်တွင်းသို့ ပေးအပ်လိုက်ရလေသည်။ ဗြိတိသျှတပ်များ ဖရိုဖရဲဖြစ်ကာ မာဆာမထရုတ် MASA MATRUTH မှ ဆုတ်ခွါရလေသည်။

ထိုကဲ့သို့ ဗိုလ်ချုပ်ရွှန်းမဲလ်က အောင်ပွဲများဆက်တိုက်ခံယူလျက် ရှေ့သို့ချီတက်လာရာ ဗြိတိသျှအာဏာပိုင်များသည် အရှေ့အလယ်ပိုင်းကြည်းတပ် ဗိုလ်ချုပ်တာဝန်ကို ဗိုလ်ချုပ်ရစ်ချီထံမှ ဗိုလ်ချုပ်အောချင်လက် GENERAL AUCHINLECK ကို လွှဲပြောင်းတာဝန်ပေးလိုက်လေသည်။ အယ်လ်အာလာမိန်းနေရာကို ပထမဆုံးအကြိမ်ခံစစ်ပြင်ဆင်၍ တိုက်ခိုက်သူမှာ ဗိုလ်ချုပ်အောချင်လက်ပင် ဖြစ်ပါသည်။ ထိုနေရာ၌ ဗိုလ်ချုပ်မောင်ဂိုမာရီ မရောက်မီ ရွှန်းမဲလ်တပ်များနှင့်ဗြိတိသျှတပ်များသည် ဇူလိုင်တစ်လလုံးနှင့် ဩဂုတ်လဆန်းအထိ အပြင်းအထန်တိုက်ခိုက်ကြပြီး နှစ်ဘက်လုံးသည်

www.burmeseclassic.com

www.burmeseclassic.com



အခိုင်အမာခံစစ်နေရာများကို ပြင်ဆင်နေကြလေသည်။ ဗိုလ်ချုပ် အောချင်လက် ကလည်း အယ်လ်အာလာမိန်းနေရာသည် အီဂျစ်ပြည်ဝန်ရိုးတန်းတပ်များ လက်သို့ ကျရေးမကျရေးအတွက် အဆုံးအဖြတ်ပေးမည့် အရေးအကြီးဆုံး အချက်အချာအကျဆုံးမြေဖြစ်ကြောင်း တွေ့ရှိသဖြင့် အစွမ်းကုန် ကာကွယ် ခဲ့လေသည်။

## မောင်ဂိုမာရီ၏ အယ်လ်အာလာမိန်းခံစစ်မူဝါဒသစ်

မောင်ဂိုမာရီသည် ၄င်းမရောက်မီက ဗိုလ်ချုပ်အောချင်လက် ချမှတ် ထားခဲ့သော ညွှန်ကြားချက်များနှင့် ထွက်ခွါရေးစီမံချက်များအားလုံးကို ပယ်ဖျက် ကြောင်းနှင့် မိမိတို့သည် ရှွှန်းမဲလ်လာရောက်တိုက်သော်လည်း နောက်သို့ တစ်လက်မမျှ ဆုတ်ခွါမပေးဘဲ အယ်လ်အာလာမိန်းခံစစ်ကြောင်း မှာပင် ရပ်တည်၍ ခုခံရမည်ဖြစ်ကြောင်း ဖေါ်ပြခဲ့လေသည်။ သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ ဤခံစစ်ကြောင်းနေရာမှ လုံးဝဆုတ်ခွါမှုပြုမည် မဟုတ် ကြောင်းကို တပ်တော်တစ်ခုလုံးရှိ အဆင့်အတန်းအားလုံးကို အသိပေး ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ပါသည်။ ခံစစ်ကြောင်းအတွင်း လိုအပ်သော ပြုပြင်ပြောင်းလဲဖွဲ့စည်းမှုများ ပြုလုပ်ခဲ့ပါသည်။ ရှေ့တန်းခံစစ်ကြောင်းများ တွင် အင်အားများထပ်မံဖြည့်ပေးခြင်းများ ခံစစ်ထုကို ပိုမိုခိုင်ခန့်အောင် ပြုလုပ်ခဲ့ပြီး လိုအပ်သော လက်နက် ခဲယမ်းမီးကျောက်၊ ရေရိက္ခာအစရှိသည် များကို စုဆောင်းမှုများ ပြုလုပ်ပါသည်။ ယခင်က အကာအကွယ် လုံးဝ မရှိခဲ့သော အလမ်ဟာဖါကုန်းမြင့်ဒေသ ALAM HALFA RIDGE သည် အချက် အချာဒေသတစ်ခုဖြစ်ကြောင်း မောင်ဂိုမာရီက သုံးသပ်ပြီး လုံလောက်သော တပ်များကို နေရာချထားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခင်က တပ်များသည် ရောထွေး၍ နေရာယူခြင်း၊ တာဝန်ထမ်းဆောင်ခြင်းများကို ပြန်လည်ပြုပြင်၍ မိမိ တပ်မလိုက်ပြန်လည် ဖွဲ့စည်းမှုများပြုလုပ်စေခြင်း၊ နေရာချထားမှုများကို ပြုလုပ်ပါသည်။ ဗိုလ်ချုပ်မောင်ဂိုမာရီမရောက်မီက အမှတ်(၈)တပ်တော်ဌာနချုပ်နှင့် လေတပ်ဌာနချုပ်တို့မှာ အလွန်ဝေးကွာလျက်ရှိပြီး လုပ်ငန်းလုပ်ဆောင်ရာတွင် အခက်အခဲရှိနိုင်ကြောင်း မောင်ဂိုမာရီသိရှိ၍ ၎င်း၏ဌာနချုပ်ကို လေတပ်ဌာနချုပ်ရှိရာသို့ ပြောင်းရွှေ့ပြီး လေတပ်နှင့်ကြည်းတပ်ရင်းနှီးစွာ အနီးကပ်ပူးပေါင်း ဆောင်ရွက်မှုများကို လုပ်ဆောင်အကောင်အထည်ဖော်စေခဲ့ပါသည်။ နောက်ဆုံးအနေဖြင့် အမှတ် (၈)တပ်တော်တွင် အချို့သောအထက်တန်းတပ်မှူးများသည် အလွန်ပင်ပန်းနေသဖြင့် ၎င်းတို့အား အနားပေး၍ လူသစ်စိတ်သစ်နှင့် တက်တက်ကြွကြွတာဝန်ထမ်းဆောင်မည့် တပ်မှူးအသစ်များနှင့် အစားထိုးလဲလှယ်ပေးခဲ့ပါသည်။ ၎င်းရောက်ရှိသည့်အချိန်မှစ၍ ဩဂုတ်လအကုန်အထိ ပြင်ဆင်ဖွဲ့စည်းမှုများကို ပြုလုပ်ခဲ့ပါသည်။ စိတ်ဓါတ်ကျဆင်းနေသော အမှတ် (၈) တပ်တော်အား စိတ်ဓါတ်တက်ကြွမှုနှင့် ယုံကြည်မှုများ ပြန်လည် တိုးတက်ရရှိလာစေပါသည်။

> ခေါင်းဆောင်ကောင်းတစ်ဦးသည် ပြင်းပြသောရည်မှန်းချက်ဆန္ဒကို ခံယူနိုင်ဖို့သာ ရွှဲနှင့်စံနိုင်လောက်သောကြံ့ခိုင်မှုကို များစွာရှိဖို့လိုသည်။
>
> လူခင်ခေါ်ပ်

မောင်ဂိုမာရီရော ရွှန်းမဲလ်ပါ အထက်ပါအရည်အချင်းမျိုး ပြည့်စုံသူများ ဖြစ်၏။

www.burmeseclassic.com



## ခံစစ်ပြင်ဆင်မှုများ

အလွန်စေ့စပ်သေချာသော စစ်ပညာပြည့်ဝသော ဗိုလ်ချုပ် မောင်ဂိုမာရီသည် အခြေအနေသုံးသပ်၍ အယ်လ်အာလာမိန်းခံစစ်ကို စနစ်တကျ ပြင်ဆင်စေပါသည်။ အင်္ဂတေကတုတ်များ သေချာစွာရုပ်ဖျက်ထားသော အမြောက်နေရာများ၊ ခြေလျင်တပ်များကို ထုဖြင့်နေရာချထားပြီး သံဆူးကြိုးများ အထပ်ထပ်ကာရံစေ၍ မိုင်းကွင်းများကိုလည်း ထုဖြင့်နေရာချထားခြင်းကျင်းမှုများ ပြုလုပ်လေသည်။ ဤခံစစ်နေရာမှာ မြောက်ဘက်တွင် မြေထဲပင်လယ်ကမ်းစပ်မှ တောင်ဘက်တွင် ကွာတာရာမြေနိမ့်ပိုင်း QATTA - RA DEPRESSION အထိရှိပြီး အလက်ဇင်းဒရီးယား ALEXAN- DRIA မြို့နှင့် မိုင် (၉၀)မျှကွာဝေး၍ နိုင်းမြစ်ဝှမ်းသို့ လာရာလမ်းကို ပိတ်ဆို့နေလေသည်။ ဤခံစစ်နေရာကို ရွေးချယ်ခြင်းမှာ စစ်ဗျူဟာအရ များစွာ တန်ဖိုးရှိခြင်းကို တွေ့ရပါသည်။ မြောက်ဘက်တွင် မြေထဲပင်လယ်ရှိပြီး တောင်ဘက်တွင် ကွာတာရာမြေနိမ့်ပိုင်းရှိပြီး ၎င်းမှာလည်း ကားများ ဖြတ်သန်းသွားလာနိုင်ခြင်းမပြုသောကြောင့် သဘာဝအတားအဆီးများသဖွယ် ဖြစ်နေ၏။

## ဝန်ရိုးတန်းတပ်များ၏ စစ်အင်္ဂါစဉ်

၁၉၄၂ ခု၊ ဩဂုတ်လထဲတွင် အီဂျစ်ရှိ ဝန်ရိုးတန်းတပ်များ၏ အင်အားမှာ သံချပ်ကာတပ်မ (၄)ခု၊ ခြေလျင်တပ်မ (၉)ခုရှိ၍ တပ်မကြီး (၄)ခုဖွဲ့ထားပြီး ဂျာမန်တပ်မ (၅)ခုနှင့် အီတလီတပ်မ (၄)ခုဖြစ်လေသည်။ ၎င်းစစ်ဌာနချုပ်၏အရှေ့ပိုင်းစစ်ဌာနချုပ်မှာ အာဖရိကတွင်ရှိပြီး SUPER LIBIA ဟုခေါ်၍ စစ်သူကြီး ဘက်ဆီရို BASCIO က အုပ်ချုပ်လေသည်။ သို့သော် လက်တွေ့စစ်မြေပြင်တွင်အုပ်ချုပ်သူမှာကား စစ်သူကြီး ရွှန်းမဲလ်ဖြစ်ပြီး

www.burmeseclassic.com



၄င်း၏စစ်ဌာနချုပ်ကို ဂျာမန်၊ အီတလီ၊ အာဖရိကပန်ဇာ တပ်တော် GERMAN ITALIAN ARMOURED ARMY OF AFRICA ဟုခေါ်၍ အရှေ့ပိုင်းစစ်မျက်နှာမှာ ဂျာမန်၊ အီတလီတပ် အားလုံးပါဝင်သည်။ ဝန်ရိုးတန်းတပ်များ၏စစ်အင်္ဂါစဉ်မှာ အောက်ပါအတိုင်း ဖြစ်လေသည် -

| တပ်အမည် | ပါဝင်သောတပ်ဖွဲ့များ | အမျိုးအစား |
|---|---|---|
| အာဖရိက(ဂျာမန်) | ၁၅ ပန်ဇာတပ်မ | သံချပ်ကာ |
| | ၂၁ ပန်ဇာတပ်မ | သံချပ်ကာ |
| | ၉၀ အပေါ့စားတပ်မ | ယာဉ်တင်ခြေလျင် |
| ထောက်လှမ်းရေးတပ် (ဂျာမန်) | ထောက်လှမ်းရေးတပ်ရင်း (၁၅ နှင့် ၂၁ ပန်ဇာ တပ်များမှ ဖြစ်သည်) | |
| လေထီးတပ်မဟာ ၂၈၈ အထူးတပ်(ဂျာမန်) | တပ်ရင်းလေးရင်း | အကြီးစားသံချပ်ကာ ယာဉ်တင်တပ် |
| ၂၀ အီတလီတပ်မကြီး | ၁၃၂ အေရီယက်တပ်မ | သံချပ်ကာ |
| | ၁၃၃ လစ်တိုရီယိုတပ်မ | သံချပ်ကာ |
| | ၁၀၁ ကရီယက်တပ်မ | ယာဉ်တင်ခြေလျင် |
| ၂၁ အီတလီတပ်မကြီး | ၂၅ ဘိုလိုနာတပ်မ | ခြေလျင် |
| | ၁၀၂ ကရင်တိုတပ်မ | ခြေလျင် |
| | ၁၆၄ ခြေလျင်တပ်မ (ဂျာမန်) | ခြေလျင် |
| ၁၀ အီတလီတပ်မကြီး | ၂၇ ဘရက်ဆီယာတပ်မ | ခြေလျင် |
| | ၁၈၅ ဖေါ်ရီတပ်မ | ယာဉ်တင်ခြေလျင် |

www.burmeseclassic.com

www.burmeseclassic.com



**မဟာမိတ်တပ်များ၏ စစ်အင်္ဂါစဉ်**


၁၉၄၂ ခု၊ ဩဂုတ်လ၌ အင်္ဂလိပ်တွင်ရှိသော မဟာမိတ်တပ်များ အင်အားမှာ သံချပ်ကာတပ်မ (၄)ခု၊ ခြေလျင်တပ်မ (၅)ခုပါဝင်ပြီး ဗိုလ်ချုပ် အလက်ဇင်းဒါးအင်္ဂလိပ်သို့ ရောက်လာသောအချိန်တွင် တပ်မ (၅)ခုသာလျှင် တိုက်ပွဲဝင်ရန် အဆင်သင့်ဖြစ်နေလေသည်။ မောင်ဂိုမာရီဦးစီးသော မဟာမိတ် တပ်တိုက်ပွဲဝင်ရန် အစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။ အမှတ် (၈) တပ်တော်ကို (၁၃)နှင့် (၃၀)တပ်မကြီး (၂)ခုဖြင့် ဖွဲ့စည်းထား၍ အောက်ပါ တပ်များပါဝင်လေသည် -

- အမှတ်(၉)၊ ဩစတေးလီးယန်းတပ်မ
- အမှတ်(၂)၊ နယူးဇီလန်တပ်မ
- အမှတ်(၅)၊ အိန္ဒိယတပ်မ
- တောင်အမေရိကတပ်မ
- အမှတ်(၇)၊ သံချပ်ကာတပ်မ
- ပြင်သစ်တပ်မဟာ
- ဂရိတပ်မဟာ

www.burmeseclassic.com

www.burmeseclassic.com





သဲကန္တာရအတွင်းမှ တိုက်ပွဲဝင်အီန္ဒိယတပ်သားများ

တိုက်ပွဲအတွက် ပြင်ဆင်ခြင်း

မောင်ဂိုမာရီသည် မိမိတပ်တော်ကို ပြန်လည်ဖွဲ့စည်း၍ ထိုးစစ်အတွက် ပြင်ဆင်နေစဉ် ရွှန်းမဲလ်ကလည်း မိမိပြင်ဆင်မှုကသာ အလျင်ပြီးရမည်ဟု မျှော်လင့်ခဲ့လေသည်။ မိမိပြင်ဆင်မှုမှာ အချိန်ကြာလျှင် ဗြိတိသျှ

www.burmeseclassic.com

www.burmeseclassic.com



ပို၍အချိန်ရမည်ကိုသိပြီး အမြန်ဆုံးပြင်ဆင်မှုများပြုလုပ်၍ ၎င်းတို့ကောင်းစွာ မပြီးပြတ်သေးမီ ဝင်ရောက်တိုက်ခိုက်ရန် ဆုံးဖြတ်လေသည်။ မောင်ဂိုမာရီကလည်း ရွှန်းမဲလ်သည် ဩဂုတ်လမကုန်မီ တိုက်မည်ကိုသိရှိပြီး မိမိတပ်များကို အောက်ပါရည်ရွယ်ချက်များဖြင့် နေရာချထားလေသည် -

- ပင်လယ်နှင့် ရူဝေဆက်တောင်တန်း RUWEISAT RIDGE ကြားကို အခိုင်အမာတပ်ဖွဲ့ထားရန်၊
- အလမ်ဟာဖါတောင်တန်းကို ခံစစ်နေရာခိုင်ခိုင်မာမာ ပြင်ဆင်ထားပြီး ၎င်းတောင်တန်း၏တောင်ဘက်သို့ ချီတက်လာသောရန်သူကို နံဘေးမှဝင်ရောက်တိုက်ခိုက်ရန်၊




တိုက်ပွဲကို စောင့်စားနေသည့် အမှတ်(၄)အိန္ဒိယတပ်မ

www.burmeseclassic.com

www.burmeseclassic.com





သဲကန္တာရအတွင်းမှ တိုက်ပွဲဝင်အိန္ဒိယစစ်သားများ

ကျွန်ုပ်သည် ရှန်းမဲလ်နှင့် သူ့တပ်ကို ဖျက်ဆီးရန်သာ အခွင့်ကျူးသွင်းလျက် ရှိသည်။

မောင်ဂိုမာရီ

www.burmeseclassic.com

www.burmeseclassic.com



**စစ်ရေးစီမံချက်ပြုလုပ်ရာတွင် အမြော်အမြင်ရှိရ၏။ ယင်းစီမံချက်အား အကောင်အထည်ဖော်ရာ၌လည်း ရဲရဲဝံ့ဝံ့အကောင်အထည်ဖော်ရမည်ဖြစ်၏။**

**ဘောကျွန်**


အယ်လ်အာလာမိန်းတိုက်ပွဲတွင် မောင်ဂိုမာရီသည် ထိုအဆိုအမိန့်အတိုင်း ဆောင်ရွက်ခဲ့၏။

## မောင်ဂိုမာရီ၏လှည့်စားမှု

ရွှန်းမဲလ်လာရောက်တိုက်ခိုက်သောအခါ ပို၍ ခက်ခဲသည့်နေရာကို ရွေးချယ်စေရန် အလမ်ဟာဖါ၏ တောင်ဘက်ဒေသများမှာ မြေမာ၍ အခြေအနေကောင်းမွန်သည်။ ချိန်းယာဉ်၊ ဘီးယာဉ် များသွားလာနိုင်သည်ဟု ဖော်ပြထားသော မြေပုံတစ်ခုကို ဂျာမန်တို့တွေ့ရှိစေရန် ကင်းထောက် ကားကြီးတစ်ခုကို ဖောက်ခွဲ၍ မြေပုံကို ၄င်းကားနှင့်အတူ ထားခဲ့၏။ ထားခဲ့သည့်နေရာမှာလည်း ဂျာမန်များထောင်ထားသော မိုင်းကွင်းများအနီးတွင် ဖြစ်လေသည်။ မောင်ဂိုမာရီသည် ရွှန်းမဲလ်၏ တိုက်စစ်ဆင်ပုံ၊ အားသန်ပုံကိုလည်း ကြိုတင်လေ့လာထားလေသည်။ ရွှန်းမဲလ်သည် သူ၏ညာဘက်မှ နေ၍လှုပ်ရှားမှုလွယ်ကူသော သံချပ်ကာကားများကို အသုံးပြု၍ တိုက်တက်သည့်အလေ့ရှိပြီး အလမ်ဟာဖါဒေသသည် ရွှန်းမဲလ် ခံစစ်၏ ညာဘက်တွင်ရှိသောနေရာဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com




မဟာမိတ်နှင့် ဝင်ရိုးတန်းတပ်များ၏ အလမ်ဟာဖါတိုက်ပွဲ အတွင်း တ

www.burmeseclassic.com

www.burmeseclassic.com



အလမ်ဟာဖါတိုက်ပွဲ

**ဂျာမနီတို့က စတင်တိုက်ခိုက်ခြင်း။** ဩဂုတ်လ (၂၉)ရက်နေ့တွင် ရွှန်းမဲလ်သည် သူ၏တပ်များသို့ (၃)ရက်အတွင်း အလက်ဇင်းဒရီးယား **ALEXANDRIA** မြို့သို့ ရောက်ရှိမည်ဖြစ်ကြောင်းနှင့် ယခုတိုက်မည့် တိုက်ပွဲမှာ ရန်သူများကို နောက်ဆုံးအပြီးအပိုင် ချေမှုန်းသောတိုက်ပွဲ ဖြစ်မည်ဟု အမိန့်ထုတ်ပြန်ခဲ့လေသည်။ ဩဂုတ်(၃၀)၊ (၃၁)ရက် ညသန်းခေါင်ကျော် အချိန်လောက်တွင် ရွှန်းမဲလ်သည် စစ်ကြောင်း(၃)ကြောင်းဖြင့် စတင်တိုက်ခိုက်လေသည်။ မြောက်ဘက်တွင် ရောင်ပြတိုက်ခိုက်သော စစ်ကြောင်း တစ်ကြောင်း၊ ဗဟိုတွင် ရန်သူများကို ထိန်းသိမ်းထားရန် တိုက်ခိုက်သည့် စစ်ကြောင်း တစ်ကြောင်းနှင့် တောင်ဘက်အစွန်းဆုံးတွင် အဓိကစစ်ကြောင်းအဖြစ် အားအကောင်းဆုံးတပ်များဖြင့် တိုက်ခိုက်လေသည်။ တောင်ဘက် စစ်ကြောင်းတွင် (၁၅)နှင့် (၂၁)ပန်ဇာတပ်မများ၊ (၉) အပေါ့စားတပ်မနှင့် အီတလီ အေရီယက် **Ariiete armoured division** သံချပ်ကာတပ်မတို့ ပါဝင်ကြလေသည်။ ကွာတာရာမြေနိမ့်ပိုင်းတွင် မြောက်ဘက်မှ မိုင်းကွင်းများ ဖြတ်ကျော်ပြီးသောအခါ ရွှန်းမဲလ်သည် မြောက်ဘက် အလမ်ဟာဖါတောင်တန်းသို့ လှည့်၍ ချီတက်ခဲ့သည်။

မောင်ဂိုမာရီသည် ရွှန်းမဲလ်၏တိုက်မည့်ပုံသဏ္ဍာန်ကို ကြိုတင်မှန်းဆထားရှိပြီးသည့်အတိုင်း မိမိ၏သံချပ်ကာတပ်များကို အလမ်ဟာဖါတောင်တန်းနှင့် အယ်လ်အာလာမိန်းနေရာရှိ နယူးဇီလန်စစ်ကြောင်းကြားတွင် နေရာချထားလေသည်။ ရူဝေဘတ်တောင်တန်းကို တောင်အာဖရိကတပ်မ စစ်မျက်နှာမှ ပြန်လည်ခေါ်ယူထားသောတပ်မဟာတစ်ခုဖြင့် အင်အားဖြည့်တင်းထားလေသည်။ အမှတ်(၅၀)တပ်မမှ တပ်မဟာတစ်ခုကို ယခင် အမှတ်(၁၀) သံချပ်ကာတပ်မနေရာယူခဲ့သော နေရာတွင်အစားထိုး၍ နေရာ ယူစေခဲ့

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ဤနည်းဖြင့် မောင်ဂိုမာရီသည် ၎င်း၏တပ်များကို အင်အား မျှတအောင် နေရာချထားခဲ့သဖြင့် ရွှန်းမဲလ်၏ ထိုးစစ်ကိုခုခံနိုင်ရန် အဆင်သင့်ဖြစ်ခဲ့လေသည်။

**ဂျာမန်တပ်များပြန်လည်ဆုတ်ခွါခြင်း။** မောင်ဂိုမာရီ၏သံချပ်ကာတပ်များ နေရာယူထားပုံကောင်းမွန်ခြင်းကြောင့် ဂျာမန်ပန်ဇာတပ်မများတွင် များစွာဆုံးရှုံးပြီး ရွှန်းမဲလ်သည် တိုက်ပွဲမှ၎င်း၏တပ်များကို ပြန်လည်ရုပ်သိမ်းခဲ့ရ၏။ ထို့နောက် မိမိစစ်နည်းဗျူဟာကို ပြောင်းလဲပြီး စက်တင်ဘာလ (၂)ရက်နေ့တွင် မောင်ဂိုမာရီ၏တန်ပြန်တိုက်ခိုက်ခြင်းကို စောင့်စားနေလေသည်။ သို့သော် မောင်ဂိုမာရီသည် ရွှန်းမဲလ်မျှော်လင့်သည့်အတိုင်း တန်ပြန်တိုက်ခိုက်မှုမပြုဘဲ အယ်လ်အာလာမိန်းခံစစ်ကြောင်းကိုသာ ပိုမိုခိုင်ခန့်အောင်ပြုလုပ်ခဲ့လေသည်။ စက်တင်ဘာလ (၃)၊ (၄)ရက်ညများတွင် မောင်ဂိုမာရီသည် အမှတ်(၁၃) တပ်မကြီးကို မိုင်းကွင်းမှကြားကွက်လပ်တွင် အင်အား ဖြည့်တင်းစေပြီး ရန်သူ၏သံချပ်ကားများကို ဖျက်ဆီးရန် မိမိတပ်ဖွဲ့များကို မှာကြားခဲ့၏။ သို့သော် စက်တင်ဘာလ (၇)ရက်နေ့တွင် ရွှန်းမဲလ်က မိမိတပ်များကို ပြန်လည်ဆုတ်ခွါစေသဖြင့် တိုက်ပွဲပြီးဆုံးခြင်းသို့ ရောက်လေ သည်။

**အလမ်ဟာဖါတိုက်ပွဲအပြီးစိတ်ဓါတ်အခြေအနေ။** ဤတိုက်ပွဲပြီးဆုံးသွားသည့်အခါ အမှတ် (၈)တပ်တော်၏ကျဆင်းနေသော စိတ်ဓါတ်မှာ အတိုင်းထက်အလွန်တက်ကြွလာခြင်းပင် ဖြစ်လေ၏။ အမှတ် (၈) တပ်တော်မှာ ခံစစ်ပြုလုပ်သော တပ်တော်တစ်ခုသာမဟုတ်ဘဲ တိုက်စစ်အတွက် လက်နက်ကောင်း တစ်ခုဖြစ်ကြောင်းကိုလည်း သိရှိလာကြလေသည်။ ၎င်းအပြင်

www.burmeseclassic.com



မောင်ဂိုမာရီကျင့်သုံးသော စစ်နည်းဗျူဟာများမှာလည်း များစွာပင် အကြိုး သက်ရောက်မှုရှိ၍ အတုယူထိုက်လှပေသည်။ ရန်သူအား ၎င်း၏တီးလုံး အတိုင်း တသွေမတိမ်းအကခိုင်းနိုင်ခြင်းမှာ မောင်ဂိုမာရီ၏ ထူးခြား ပြောင်မြောက်သော လုပ်ဆောင်ချက်များပင် ဖြစ်ပါသည်။

**ရည်ရွယ်ချက် တိကျခိုင်မြဲခြင်း။** အမှတ် (၈)တပ်တော်၏ လောလောဆယ် ရည်ရွယ်ချက်မှာ တိုက်ခိုက်ရေး လက်နက်အင်အားကောင်းလာပြီး ကြီးကျယ် သော ထိုးစစ်မဆင်နွှဲနိုင်မီ ၎င်း၏အင်အားနှင့် ရရှိထားသောနေရာကို မထိခိုက် စေရန်နှင့် အင်အားမဖြုန်းတီးရန်ပင် ဖြစ်၏။ မောင်ဂိုမာရီသည် ဤကဲ့သို့ အင်အားနှင့်ထိုးစစ်မဆင်နိုင်မည် တန်ပြန်တိုက်ခိုက်ခြင်းပြုလုပ်ရန် ဆွဲဆောင်မှု ကို မလိုက်လျောဘဲ မိမိ၏ရည်ရွယ်ချက်ကို စွဲမြဲစွာ ထားရှိ နိုင်ခဲ့လေသည်။

**အလမ်ဟာဖါတိုက်ပွဲအရေးကြီးပုံ။** ဤတိုက်ပွဲနှင့်ပတ်သက်၍ မောင်ဂိုမာရီ ကိုယ်တိုင်က ၎င်းကိုယ်တိုင်ရေးသော အယ်လ်အာလာမိန်းမှ ဆန်ဂရိုမြစ်သို့ FROM EL ALAMEIN TO THE RIVER SANGRO စာအုပ်တွင် ဤတိုက်ပွဲမှာ များစွာအရေးကြီးကြောင်း၊ အကယ်၍သာ တိုက်ပွဲတွင် အမှတ် (၈)တပ်တော်က ရှုံးခဲ့ပါက အီဂျစ်ကိုပါ ရန်သူ့လက်သို့ ကျဆုံးရမည်ဖြစ်ပြီး ဤတိုက်ပွဲအောင်မြင်ခြင်းကြောင့် အယ်လ်အာလာမိန်းတိုက်ပွဲကို အောင်မြင်ပြီး တူနီးရှားအထိ ချီတက်နိုင်ခဲ့ပုံကို အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည် -

**အယ်လ်အာလာမိန်းတိုက်ပွဲမဖြစ်ပွါးမီ တပ်များအနေအထား**

အယ်လ်အာလာမိန်း မစမီ မဟာမိတ်တပ်များနှင့် ဂျာမနီ၊ အီတလီ တပ်များကို အောက်ပါအတိုင်း ပြန်လည်နေရာချထားခဲ့ကြလေသည်-

www.burmeseclassic.com

www.burmeseclassic.com



| နေရာဒေသ | မဟာမိတ် | ဝန်ရိုးတန်းတပ်များ |
|---|---|---|
| မြောက်ဘက်စစ်မျက်နှာ တယ်အလ်အစွာ-မစ် တေးရီးယားတောင်တန်း ရုဝေဆတ်တောင်တန်း အပါအဝင် | အမှတ်(၃၀)တပ်မကြီး<br>အမှတ်(၉)သြစတြေးလီယန်းတပ်မ<br>အမှတ်(၅)ခြေလျင်တပ်မ<br>အမှတ်(၂)နယူးဇီလန်တပ်မ | ဘယ်ရာဂရီယာရီတပ်မ<br>၁၆၄ ခြေလျင်တပ်မ<br>၁၀၂ တရင်တိုတပ်မ<br>၂၅ တိုလွှန်နာတပ်မ<br>၁၅ ပန်ဇာတပ်မ<br>၁၃၃လစ်တိုရီးယားတပ်မ |
| <u>တောင်ပိုင်းစစ်မျက်နှာ</u> (DEIR EL MUNASSIB - QARETEL HIMEIMAT- HUNTER PLATEAU အပါအဝင်) | <u>အမှတ်(၁၀)တပ်မကြီး</u><br>အမှတ်(၁)တောင်အာဖတပ်မ<br>အမှတ်(၄)အိန္ဒိယတပ်မ<br>အမှတ်(၁၃)တပ်မကြီး<br>အမှတ်(၅၀)ခြေလျင်တပ်မ<br>အမှတ်(၄၄)ခြေလျင်တပ်မ<br>ပြင်သစ်တပ်များ<br>တပ်မ (နောက်ပိုင်းတွင်) | ၉၀ အပေါ့စားတပ်မ<br>၁၀၁ ထရှီယက်တပ်မ<br><br><br>၂၇ ထရက်စီယာတပ်မ<br>ဖေါ်ဂိုးတပ်မ<br><br>ပေဗီယာတပ်မ<br><br>၂၁ ပန်ဇာတပ်မ<br>၁၃၂ အရှီယက်တပ်မ |

www.burmeseclassic.com

www.burmeseclassic.com



## မောင်ဂိုမာရီ၏ ပြင်ဆင်မှုများ

တိုက်ပွဲမစတင်မီ မောင်ဂိုမာရီသည် အမှတ်(၈)တပ်တော်အတွက် ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပါသည်။ အရေးကြီးဆုံးအချက် (၃)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) **ခေါင်းဆောင်မှု** ဒုတိယဗိုလ်မှူးကြီးမှ အထက်တပ်မှူးများကို အနားပေးသင့်သူပေး၍ အောက်တိုဘာလဆန်းအတွင်း ပိုမိုစိတ်တိုင်းကျ ဖြစ်အောင် ဆောင်ရွက်ခဲ့ပါသည်။

(ခ) **လက်နက်ပစ္စည်း** မဟာမိတ်တို့အခြေအနေမှာကောင်းမွန်လာပြီဖြစ်၍ အမေရိကန်မှပို့ပေးသော ရှားမင်းတင့်ကားများ၊ ယန္တယားအမြောက်များ SELF PROPELLED GUNS မိုင်းဖော်သံချပ်ကားများပါ ရောက်ရှိ လာခဲ့လေသည်။

(ဂ) **လေ့ကျင့်ရေး** အမှတ်(၈)တပ်တော်၏ လေ့ကျင့်ရေးအခြေအနေတိုးတက်လာစေရန် အောက်ပါစနစ်များအရ ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးခဲ့ လေသည်။

(ကက) တိုက်ပွဲဝင်ရမည့်တပ်တိုင်းကို ဝိုင်ယာသံဆူးကြိုးများ၊ မိုင်းကွင်းများကျော်ဖြတ်၍ ဖောက်ဝင်ခြင်းများ BREAK IN တိုက်ပွဲဝင်စနစ်များသင်ကြားရန် ဆက်တိုက်လေ့ကျင့်ခြင်းများ ပြုလုပ်စေ၏။

(ခခ) လက်ရုံးတပ်များအားလုံး စုပေါင်းတိုက်ခိုက်မှုများအရ လေ့ကျင့်စေခြင်း။

www.burmeseclassic.com

www.burmeseclassic.com



(ဂဂ) လာမည့်တိုက်ပွဲအတွက် အရေးကြီးအဆုံးဟု ယူဆရသော အောက်ပါ တို့ကို အထူးဂရုစိုက်သင်ကြားပေးလေသည် -

- ညအချိန်ခရီးသွားလာခြင်း၊ အရပ်မျက်နှာ ထိန်းသိန်းခြင်း။ သွားလာလှုပ်ရှားမှု ထိန်းသိမ်းအုပ်ချုပ်ပုံ။
- မိုင်းများဖေါ်ခြင်း၊သံဆူးကြိုး အတားအဆီးများ ဖေါက်ဝင်ခြင်း။
- အချက်ပြဆက်သွယ်ရေးစက်များ ကိုင်တွယ်အသုံးပြုခြင်း။



မဟာမိတ် မိုင်းရှင်းတပ်သားများ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)
# တိုက်ပွဲဖြစ်ပွါးပုံအဆင့်ဆင့်


## တိုက်ပွဲအတွက် အမိန့်များ

မောင်ဂိုမာရီသည် အယ်လ်အာလာမိန်းတိုက်ပွဲအတွက် စစ်ဆင်ရေးအမည်ကို **ခြေမြန်စစ်ဆင်ရေး** OPERATION LIGHTFOOT ဟုခေါ်တွင် စေခဲ့လေသည်။ ထို့နောက် အောက်တိုဘာလ(၆)ရက်နေ့တွင် တိုက်ခိုက်ရေးအမိန့်များကို ထုတ်ပြန်ခဲ့လေသည်။ ၎င်းတို့မှာ တစ်ချိန်တည်းတစ်ပြိုင်တည်း သုံးနေရာထိုးဖေါက်တိုက်ခိုက်ရန်ဖြစ်ပြီး အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အဓိကစစ်ကြောင်းမှာ မြောက်ဘက်တွင်ရှိပြီး အမှတ်(၃၀)တပ်မကြီးက ဆင်နွှဲရန်ဖြစ်၏။ အဓိကတာဝန်မှာ ရန်သူမိုင်းကွင်းတွင် လမ်းနှစ်လမ်းရှင်းပြီး ရန်သူခြေလျင်တပ်များကို ချေမှုန်းရန်ဖြစ်သည်။ ၎င်းကို တပ်မလေးခုဖြင့် ပြုလုပ်ရန်ဖြစ်ပြီး အောက်ပါတပ်များ ပါဝင်ပါသည် -

www.burmeseclassic.com

www.burmeseclassic.com




အယ်လ်အာလာမိန်းတိုက်ပွဲ ဒုတိယအဆင့်

www.burmeseclassic.com

www.burmeseclassic.com



- အမှတ်(၉) ဩစတြေးလီးယမ်းတပ်မ
- အမှတ်(၅) ခြေလျင်တပ်မ
- အမှတ်(၂) နယူးဇီလန်တပ်မ
- အမှတ်(၁) တောင်အာဖရိကတပ်မ
- အမှတ်(၄) အိန္ဒိယတပ်မ

(ခ) အမှတ်(၁၀)တပ်မကြီးက အမှတ်(၁)နှင့်(၈) သံချပ်ကာတပ်များဖြင့် အမှတ်(၃၀)တပ်မကြီးမှာ ရှင်းလင်းထားသော မိုင်းကွင်းဖြတ်လမ်းများမှ ဝင်ရောက်ပြီး ရန်သူသံချပ်ကာတပ်များကို တိုက်ခိုက်ဖျက်ဆီးရန်မှာ ၎င်း၏အဓိကတာဝန် ဖြစ်သည်။ တစ်ချိန်တည်းတွင် အမှတ်(၃၀)တပ်မကြီးကိုလည်း ကူညီတိုက်ခိုက်ရန် ဖြစ်သည်။

(ဂ) တောင်ဘက်တွင် ရန်သူ့ခံစစ်ကြောင်းများကို ဖြိုခွင်းရန် အမှတ်(၁၃)တပ်မကြီးက တာဝန်ယူရ၍ ၎င်းတပ်ကြီး၏ အဓိကတာဝန်မှာ အဓိကစစ်ကြောင်းသည် တောင်ဘက်မှဖြစ်သည်ဟု ရန်သူထင်မြင်အောင် အဓိကအင်အားကို တောင်ဘက်မှသုံးရန် အထူးသဖြင့် ရန်သူအမှတ်(၂) ပန်ဇာတပ်မကို တောင်ဘက်သို့ ဆွဲထုတ်ရန် ဖြစ်သည်။ ထိုးစစ်သည့် လုံးဝအောင်မြင်လျှင် အမှတ် (၇) သံချပ်ကာတပ်မသည် ရန်သူ့နယ်မြေမှဖြတ်ပြီး မြောက်ဘက်သို့ အပြတ်ထိုးစစ်ဆင်ရန် ဖြစ်သည်။ ပါဝင်သောတပ်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

- အမှတ်(၄၄) ခြေလျင်တပ်မ
- အမှတ်(၅၀) ခြေလျင်တပ်မ
- အမှတ်(၇) ခြေလျင်တပ်မ

www.burmeseclassic.com

www.burmeseclassic.com



(ဃ) စတင်တိုက်ခိုက်ခြင်းကို ၂၁း၄၀ နာရီမှ ၂၂း၀၀ နာရီအထိ ပြင်း ပြင်းထန်ထန်အမြောက်များက ပစ်ကူပေးပြီး တိုက်ပွဲစသည်နှင့် တစ်ပြိုင်နက် ရန်သူ ရှေ့ပိုင်းနေရာများကို ဖြိုခွင်းရန် ဖြစ်သည်။

(င) သဲကန္တာရလေတပ်သည် တိုက်ပွဲမစမီ လေကြောင်းစိုးမိုးမှုရရန် ကြိုးပမ်းရမည်ဖြစ်၏။ ထို့ပြင် တိုက်ပွဲမစမီရော တိုက်ခိုက်နေစဉ် ရန်သူ့အခြေခံစခန်းများကို တိုက်ခိုက်ရမည်ဖြစ်၏။ လေကြောင်း စိုးမိုးမှုရသည်နှင့် ကြည်းတပ်ကို ကူညီရန် ဖြစ်သည်။

(စ) ဘုရင့်ရေတပ်တော်မှ ရန်သူနေရာအချို့တွင် တိုက်ပွဲစမည့်ည၌ ရောင်ပြကမ်းခြေတက်ခြင်းများ ပြုလုပ်ရန်ဖြစ်ပြီး ရန်သူအရန်တပ် များကို ထိန်းသိမ်း ထားရန် ဖြစ်လေသည်။

(ဆ) အရန်တပ်များအဖြစ် အောက်ပါတပ်များထားရှိပါသည် -

- ဂရိတပ်မဟာတစ်ခု
- ပြင်သစ်တိုက်ခိုက်ရေးတပ်မဟာ(၃)ခု
- အမှတ်(၉) သံချပ်ကာတပ်မဟာ
- အမှတ်(၂၃) သံချပ်ကာတပ်မဟာ

www.burmeseclassic.com

www.burmeseclassic.com



စစ်ပွဲဟူသည် နှစ်ဘက်သောတပ်မှူးများ၏ ခိုင်မြဲသော၊ ပြင်းပြသောအောင်စိတ်သာ ဖြစ်သောကြောင့် စစ်ပွဲတစ်ခု၌ အခြေအနေသည် မိမိလည်း မနိုင်၊ သူလည်း မရှုံးဖြစ်နေချိန်တွင် အနိုင် မခံအရှုံးမပေးသော အောင်စိတ် သာလွန်ပြင်းထန်သည့် စစ်ဗိုလ်ချုပ်ကြီးက အနိုင်ရ စမြဲဖြစ်သည်။

မောင်ဂိုမာရီ

မောင်ဂိုမာရီသည် အထက်ပါ သူ၏အဆိုအမိန့်အတိုင်း အယ်လ်အာလာမိန်းတိုက်ပွဲတွင် ပြင်းပြသောအောင်နိုင်စိတ်ဖြင့် ရွှန်းမဲလ်ကို အနိုင်တိုက်ခဲ့၏။

## မောင်ဂိုမာရီ၏ လှည့်စားမှုစီမံချက်

ဗိုလ်ချုပ်ကြီး ALEXANDERရော မောင်ဂိုမာရီပါ သဲကန္တာရအတွင်း ထိုးစစ်ပြင်ဆင်မှုများ ပြုလုပ်နေခြင်းကို ရန်သူမသိအောင်ပြုလုပ်၍ မရသည် ကို သိရှိကြလေသည်။ သို့သော် တိုက်ခိုက်မည့်နေ့ရက်၊ အချိန်၊ နေရာနှင့် အင်အားကိုမူ ရန်သူအားလှည့်စား၍ ဖြစ်နိုင်သည်ဟု ယုံကြည်ကြလေသည်။ ထို့ကြောင့် လှည့်စားမှုအမိက အစီအစဉ်များကို အောက်ပါအတိုင်း အချိန်ယူ၍ စနစ်တကျပြုလုပ်ခဲ့ကြလေသည် -

(က) စစ်မျက်နှာတစ်ခုလုံးတွင် ယာဉ်တုကိုအမြဲတစေ တစ်ပုံစံတည်း ဖြစ်အောင် ပြုလုပ်ခြင်းဖြင့် မိမိ၏ စုစည်းခြင်းများကို ရန်သူ လေကြောင်း ဓါတ်ပုံရိုက်ကင်းထောက်ခြင်းများမှ မသိရန် ပြု

www.burmeseclassic.com



လုပ်ခဲ့၏။ ၎င်းကို တိုက်ပွဲမစမီအစောဆုံးပြုလုပ်ခဲ့ကြလေသည်။

(ခ) မြောက်ပိုင်းတွင် ယာဉ်အတုများ အောက်၌ အမြောက်များ၊ သံချပ်ကာကားများကို ထားခြင်းအားဖြင့် ရန်သူကိုယာဉ်အတုများ ထားသည်ဟု အထင်မှားစေခဲ့လေသည်။ ထိုပြုလုပ်ခြင်းများကို အောက်တိုဘာ(၁)ရက်နေ့တွင်ပြီးသော်လည်း တိုက်ပွဲမစသေး သဖြင့် ရန်သူက အခြားနေရာများတွင် တိုက်မည်လောဟု အထင်မှားစေခဲ့၏။

(ဂ) မြောက်ဘက်တွင် အဓိကစစ်ကြောင်းဖြင့် တိုက်ခိုက်ရန် ယာဉ်အတုများကို စီစဉ်ပြီးနောက် အဓိကစစ်ကြောင်းသည် တောင်ဘက်တွင်ပြုလုပ်မည်ဟု ရန်သူအထင်မှားစေရန် အောက်ပါတို့ကို လုပ်ဆောင်စေခဲ့သည် -

(ကက) တောင်ပိုင်းတွင် ကား၊ အမြောက်၊ တင့်ကားအတု အမြောက်အများပြုလုပ်ခဲ့၏။

(ခခ) ဓာတ်ဆီပိုက်လိုင်းအသစ် အတုတစ်ခုကို တောင်ပိုင်းသို့ ဦးတည်လျက် ဆောက်လုပ်စေခဲ့၏။

(ဂဂ) စက်အတုတစ်ခုမှ နေ၍ တောင်ပိုင်းတွင် မဟာမိတ်သံချပ်ကာများစုစည်းမည့်အကြောင်း ဝိုင်ယာလက်သတင်းမှားများ ပို့ပေးခဲ့၏။

(ဃဃ)နိုဝင်ဘာ(၅)ရက်နေ့တွင် မဟာမိတ်များစတင်တိုက်ခိုက်မည်ဟု ရန်သူအထင်ရှိစေရန် သတင်းများလုပ်ကြံ သတင်းပို့ပေးခဲ့၏။

(ငင) တပ်မကြီးကို ဖုံးကွယ်ထားရန်မှာ အရေးအကြီးဆုံးဖြစ်သဖြင့် ၎င်း၏ လှုပ်ရှားမှုများကို ရန်သူမသိအောင် မရိပ်မိအောင် ပြုလုပ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



> စစ်တို့၏သဘောကား၊ အင်အားနည်းသည် များသည်မှာ ပဓာနမဟုတ်၊ သူရ သတ္တိနှင့် စစ်ပရိယာယ်သည်သာ ပဓာနဖြစ်သည်၊
>
> ဘုရင့်နောင်ကျော်ထင်အနော်ရထာ

ရွှန်းမဲလ်က ဘုရင့်နောင်ကျော်ထင်အနော်ရထာကဲ့သို့ အင်အား အနည်းအများကို ပဓာနမထားဘဲ စွန့်စားရဲသူဖြစ်၏။

## မဟာမိတ်နှင့်ဝန်ရိုးတန်းတပ်များ အင်အားနှိုင်းယှဉ်ချက်

အမှတ်(၈)တပ်တော်အတွက် လက်နက်ပစ္စည်းများ။ အမှတ်(၈) တပ်တော်သည် ယခုအချိန်တွင် လူအင်အား၊ လက်နက်အင်အားများစွာ ရှိခဲ့လေသည်။ ၂၅ ပေါင်ဒါအမြောက်များ၊ ၆ ပေါင်ဒါအမြောက်များ မြောက်များစွာ ရရှိခဲ့သဖြင့် နောက်ပိုင်းတွင် စစ်မျက်နှာနှစ်ခုတိုက်လျှင် တစ်လက်ကျပင် ပစ်ခတ်နိုင်ခဲ့လေသည်။ ဘုရင့်လေတပ်မတော်က လေကြောင်းစိုးမိုးမှု ရနေသည့်အပြင် အမေရိကန်ပြည်မှ လေယာဉ်များလည်း ထပ်မံရောက်ရှိ လာလေသည်။ ထို့အပြင် အမေရိကန်ပြည်မှ ရှားမင်းတင့်ကားများ၊ ၁၀၅ မီလီမီတာ ယန္တရားအမြောက်များလည်း ရရှိသည့်အပြင် အင်္ဂလန်မှ အထူး လေ့ကျင့်ထားသည့် အမှတ် (၄၄)၊ (၅၀)နှင့် (၅၁) တပ်မဟာများလည်း ရောက်ရှိလာခဲ့လေသည်။

www.burmeseclassic.com



**ရွှမ်းမဲလ်တပ်များ၏လက်နက်ပစ္စည်းချို့တဲ့မှုများ။** မောင်ဂိုမာရီ၏ အမှတ် (၈)တပ်တော်သည် ယခင်ကထက် အထက်တန်းတန်ဘိုး လူလက်နက်ပစ္စည်း စစ်ကူများရရှိနေချိန်တွင် ရွှမ်းမဲလ်တပ်များ၏အခြေအနေမှာ လူသူလက်နက် ပစ္စည်းချို့တဲ့မှုကြောင့် များစွာဆိုးရွားနေချိန်ဖြစ်လေသည်။ ထိုအချိန်တွင် ရွှမ်းမဲလ်မှာ ဖျားနေသဖြင့် ဂျာမနီသို့ပြန်၍ ဆေးဝါးကုသခံရန် ပြင်နေချိန် ဖြစ်လေသည်။ ရွှမ်းမဲလ်သည် ဟစ်တလာနှင့်တွေ့ဆုံ၍ မိမိအာဖရိကတပ်တော်အတွက် စစ်ကူအမြန်ဆုံးနှင့်အများဆုံးပို့ပေးရန် ပြောခဲ့သော်လည်း အချည်းနှီးသာ ဖြစ်ခဲ့လေသည်။ ယခုအခါ အာဖရိကတပ်တော်သည် အလက်ဇင်းဒီးယားမြို့သို့ပင် ချီတက်မိနေပြီဖြစ်သော်လည်း ၎င်း၏ထောက်ပံ့ပို့ဆောင်ရေးအခြေအနေကို ထိုးထွက်အောင်မပြုလုပ်နိုင်ပါက အချည်းနှီး ဖြစ်မည်ကို ဟစ်တလာအား ပြောကြားခဲ့လေသည်။ အထူးသဖြင့် ဓာတ်ဆီ ရရှိရေးကို အမျိုးမျိုးတောင်းပန်ပြောဆိုခဲ့လေသည်။ သို့သော် ၎င်းလိုလား သော ဓာတ်ဆီကိုပင် ဂျာမနီမှလုံလောက်စွာပို့မပေးနိုင်ခဲ့ပေ။

> **ထောက်ပံ့ရေးနှင့် ရွှေ့ပြောင်းရေးအချက်အလက်များသည် ခေါင်းဆောင်တိုင်း ပြုလုပ်သည့် စီမံချက်၏အခြေခံဖြစ်ရမည်၊ သို့မှသာ ထိုအချက်အလက်များနှင့် ပတ်သက်၍ မည်သည့်အချိန်တွင် မည်ကဲ့သို့အရဲစွန့်၍ လုပ်ကိုင်ရမည်ကို သိရှိ နိုင်ပေမည်၊ စစ်ပွဲများတွင် အရဲစွန့်လုပ်ကိုင်မှသာ အောင်မြင်မှုရပေသည်၊**
>
> **ဝေဗယ်**

မြောက်အာဖရိကစစ်မျက်နှာတွင် ဗြိတိသျှတပ်မှူးကြီးများက ဝေဗယ်၏အဆိုအမိန့်ကို လိုက်နာလာကြ၍ နောက်ပိုင်း၌ အောင်ပွဲ ခံနိုင်လာကြ၏။

www.burmeseclassic.com

www.burmeseclassic.com




**ဖေါက်ဝင်ခြင်း (THE BREAK - IN)**

**အောက်တိုဘာ(၂၃/၂၄)ရက်နေ့ည။** ထိုည ၂၀း၄၀ နာရီတွင် အလတ်စားမြေပြင်ပစ် အမြောက်အလက် (၁၀၀၀)ကျော်တို့သည် ကြိုတင် သိရှိထားသော အမြောက်နေရာများကို ပစ်ခွဲခဲ့ကြလေသည်။ ၂၂း၀၀ နာရီတွင် အမြောက်များကို ရန်သူအရှေ့ပိုင်းနေရာများသို့ ပြောင်းလဲပစ်စေ၍ (၃၀) တပ်မကြီးတစ်လျှောက်တွင် စတင်ချီတက်တိုက်ခိုက်ရန် ဖြစ်သည် -

- အမှတ်(၉) ဩစတြေးလီးယန်းနှင့် အမှတ်(၅၁)ခြေလျင်တပ်မတို့သည် မိုင်းကွင်းအတွင်း မြောက်ပိုင်းလမ်းကို ရှင်းလင်းတာဝန်ယူရမည်။
- အမှတ်(၂)နယူးဇီလန်တပ်မနှင့် အမှတ်(၉)သံချပ်ကာ တပ်မဟာတို့သည် မိုင်းကွင်းအတွင်း တောင်ပိုင်းလမ်းကို ရှင်းလင်းရန်တာဝန်ယူရပြီး တိုက်ခိုက်ရန်လမ်းကြောင်းမှာတောင်ဘက်သို့ ၄င်းမှ အနောက်တောင်ဘက် **MITEIRIYA** တောင်တန်းအထိ ဖြစ်၏။
- အမှတ်(၄)ခြေလျင်တပ်မသည် **RUWEISAT** တောင်တန်းနောက်ဘက်စွန်းရှိ ရန်သူနေရာကို ဝင်စီးရန် ဖြစ်၏။
- ဩစတြေးလီးယန်းနှင့် တပ်မဟာတစ်ခုက TEL EL EISA နှင့် ပင်လယ်ကြားတွင် ရောင်ပြတိုက်ခိုက်ရန် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com




အယ်လ်အာလာမိန်းတိုက်ပွဲတွင် မဟာမိတ်တပ်များဖောက်ဝင်၍

[illegible]ဆင်းနေပုံ

www.burmeseclassic.com

www.burmeseclassic.com


အမှတ်(၁၃)တပ်မကြီး စစ်မျက်နှာအကန့်တွင် အောက်ပါအစီအစဉ်အတိုင်း ချီတက်တိုက်ခိုက်ကြရန် ဖြစ်ပါသည် -

- အမှတ်(၇) သံချပ်ကာတပ်မ နှင့် အမှတ်(၄၄) ခြေလျင်တပ်မတို့သည် တောင်ပိုင်းမိုင်းကွင်းထဲ၌ လမ်းနှစ်သွယ်ရှင်းရမည်ဖြစ်ပြီး HIMEIMAT မြောက်ဘက်တွင် ရှင်းလင်းရန် ဖြစ်လေသည်။
- အမှတ်(၁) လွတ်လပ်သော ပြင်သစ်တပ်မဟာက လမ်းလွှဲစစ်ဆင်မှုတစ်ရပ်ကို HUNTERS PLATEAU တောင်ကုန်းတွင် ပြုလုပ်ရန် ဖြစ်သည်။

**အမှတ်(၃၀)တပ်မကြီးစစ်မျက်နှာအကန့်တွင်စတင်တိုက်ခိုက်ခြင်း။** အောက်တိုဘာလ (၂၄)ရက်နေ့ ဝ၈း၃ဝ နာရီခန့်တွင် မိုင်းကွင်းကြီးတွင် လမ်းနှစ်သွယ်ရှင်းလင်းပြီး၏။ ရန်သူက ပြင်းထန်စွာခုခံသဖြင့် ၄င်းလမ်းနှစ်သွယ်နှင့် MITEIRIYA တောင်တန်းတွင် အမြောက်များဖြင့် ပြင်းပြင်းထန်ထန် စုပြုံပစ်ခတ်ကြလေသည်။ အမှတ်(၁)နှင့် (၁၀)သံချပ်ကာတပ်မတို့သည် (၂၄) ရက်နေ့ ဝ၂း၀၀ နာရီတွင် ခံမျဉ်းကို မြောက်ဘက်နှင့်တောင်ဘက် လမ်းနှစ်သွယ်မှ အသီးသီးကျော်မိကြ၏။ သို့သော် မြောက်ဘက်တွင် ရန်သူ့ခံစစ်နေရာတစ်ခုက ပြင်းပြင်းထန်ထန် (၅၁)တပ်မကို တွန်းလှန်ခဲ့ကြ၏။ ထို့နောက် အမှတ်(၁၀)နှင့် (၉)သံချပ်ကာတပ်မတို့က MITEIRIYA တောင်တန်းသို့ ဆက်သွယ်ရန် ကြိုးစားသောအခါ ရန်သူတို့က ပြင်းထန်စွာ ပြန်လည်တိုက်ခိုက်ကြ၍ တောင်တန်း၏နောက်ဘက်သို့ ဆုတ်ခွါကြရပြီး မိုင်းကွင်းထဲမှာပင် နေခဲ့ကြရ၏။

www.burmeseclassic.com

www.burmeseclassic.com





တိုက်ပွဲဝင်ဗြိတိသျှတင့်ကားများ

www.burmeseclassic.com

www.burmeseclassic.com



**အမှတ်(၁၃)တပ်မကြီးဘက်တွင်စတင်တိုက်ခိုက်ခြင်း။** တစ်ချိန်တည်းမှာပင် တောင်ဘက်စစ်မျက်နှာပြင်၌ HIMEIMAT မြောက်ဘက်တွင် မိုင်းကွင်းအတွင်း အမှတ်(၇) သံချပ်ကာတပ်မနှင့် အမှတ်(၄၄)ခြေမြန်တပ်မတို့က ဦးဆောင်၍ မိုင်းကွင်းအတွင်း အတွင်းလမ်းနှစ်သွယ်ရရှိစေရန် တိုက်ခိုက်ရှင်းလင်းခြင်းမှာ ရန်သူခုခံမှုပြင်းထန်၍ မအောင်မြင်ခဲ့ပေ။ အမှတ်(၁)ပြင်သစ်တပ်မဟာက HUNTER'S PLATEAU တောင်တန်းကိုရရှိသော်လည်း ၄င်း၏အကူပစ်လက်နက်များက သဲပျော့များကိုဖြတ်၍ မလိုက်နိုင်ခဲ့သဖြင့် ပြန်လည်ဆုတ်ခွါပေးရလေသည်။

**အောက်တိုဘာ(၂၄)ရက်နေ့အခြေအနေ။** မြောက်ဘက်စစ်မျက်နှာတွင် ရန်သူနေရာများကို တိုက်ခိုက်၍ အောင်မြင်စွာ ခြေကုတ်စခန်းများ ပြုလုပ်နိုင်ခဲ့သော်လည်း သံချပ်ကာတပ်ဖွဲ့များထိုးဖေါက်၍ ကွင်းပြင်ထွက်ရန် အတွက်တိုက်ခိုက်ခြင်းများမှာ မအောင်မြင်သဖြင့် မောင်ဂိုမာရီသည် ဖောက်ဝင်ခြင်းအဆင့်ပြီး၍ အောက်ပါအတိုင်း **ခြေမှုန်းရေးတိုက်ပွဲများ CRUMBLING ATTACKS** လုပ်ရန် မအောင်သေးသည့် လုပ်ငန်းများကို လုပ်ရန် အောက်ပါအတိုင်း တာဝန်ခွဲဝေပေးခဲ့ပါသည် -

- အမှတ်(၂)နယူးဇီလန်တပ်မဟာက အနောက်တောင်ဘက်သို့ တိုက်ခိုက်ချေမှုန်းရန်။
- အမှတ်(၃၀)တပ်မကြီးက RUWEISAT တောင်တန်းမှ အနောက်တည့်တည့်သို့ ပြင်းပြင်းထန်ထန်တိုက်ခိုက်ချေမှုန်းရန်။
- အမှတ်(၁၃) တပ်မကြီးက တောင်ဘက်မိုင်းကွင်းများတွင် လမ်းနှစ်သွယ်ရှင်းလင်းခြင်းကို ဆက်လက်ပြုလုပ်ရန်။

www.burmeseclassic.com

www.burmeseclassic.com





သဲကန္တာရအတွင်း ရှေ့သို့ချီတက်နေသည့် တိုက်ပွဲဝင် ဗြိတိသျှ တပ်သားများ

**ထွေးလုံးတိုက်ခိုက်ခြင်း (THE DOG FIGHT)**

အောက်တိုဘာလ(၂၄/၂၅)ရက်တိုက်ပွဲများ။ မြောက်ပိုင်းမိုင်းကွင်းလမ်းပွင့် အမှတ်(၁)သံချပ်ကာတပ်မနှင့် အမှတ်(၅၁)ခြေလျင်တပ်မတို့က (၂၄)ရက်နေ့ (၁၅း၀၀)နာရီတွင် ဆက်လက်တိုက်ခိုက်ရန် ပြင်းထန်စွာတိုက်ခိုက်ပြီးသောအခါ

www.burmeseclassic.com

www.burmeseclassic.com



အမာခံကတုတ်မှတစ်ပါး ရည်မှန်းချက်အားလုံးကို ရရှိလေသည်။ ၁၈း၀၀ နာရီခန့်တွင် အမှတ်(၁)သံချပ်ကာတပ်မမှ အမှတ်(၂)တပ်မဟာသည် အနောက်ဘက်မိုင်းကွင်းမှ ကျော်လွန်မိပြီးဖြစ်ပြီး နေရာများအခိုင်အမာ ယူခဲ့လေသည်။ တစ်ချိန်တည်းမှာပင် တောင်ပိုင်းမိုင်းကွင်းနေရာတွင် တောင်အာဖရိကတပ်မသည် MITEIRIYA တောင်တန်းပေါ်ရှိ နောက်ဆုံး ရည်မှန်းချက်များကို ရရှိပြီးဖြစ်လေသည်။ ၂၂း၀၀ နာရီခန့်တွင် နယူးဇီလန်တပ်မနှင့် အမှတ်(၁၀)သံချပ်ကာတပ်မတို့သည် ဆက်လက်တိုက်ခိုက်၍ မိမိရရှိထားသောပေါင်းကူးခြေကုတ်စခန်းကို ချဲ့ထွင်နိုင်ခဲ့ကြ၏။ အောက်တိုဘာ(၂၅)ရက်နေ့ ၀၈း၀၀ နာရီခန့်တွင် အမှတ်(၁၀)သံချပ်ကာတပ်မ၏ ရှေ့ပြေးတပ်မဟာသည် မိုင်းကွင်းအပြင်ဘက်ကိုက်(၂၀၀၀)ခန့်ကျော်လွန်မိ၍ ၎င်းကိုလက်ယာဘက်မှ အမှတ်(၁) သံချပ်ကာတပ်မ၏ ရှေ့ပြေးတပ်မဟာနှင့် ဆက်သွယ်မိကြလေသည်။

ထို့ပြင် အောက်တိုဘာ(၂၄/၂၅)ညတွင် အမှတ်(၁၃)တပ်မကြီးသည် မိုင်းကွင်းတောင်ဘက်တွင် မိမိတို့လမ်းများရရှိရေးအတွက် ဆက်လက်တိုက်ခိုက်၍အစတွင် အောင်မြင်မှုရရှိခဲ့သော်လည်း ရန်သူက ပြင်းပြင်းထန်ထန်ပြန်လည်ပစ်ခတ်ခဲ့၍ ရပ်တန့်ခဲ့ရပြန်လေသည်။ အမှတ်(၇)သံချပ်ကာတပ်မတို့ရောက်သော် တိုက်ခိုက်ရေးတပ်အဖြစ် အသုံးချလိုသဖြင့် အမှတ် (၁၃) တပ်မကြီးဘက်မှ တိုက်ခိုက်ခြင်းကို လမ်းလွှဲစစ်ဆင်ရေးများမှအပ ဆက်တိုက်ခွင့်ကို မောင်ဂိုမာရီမပေးခဲ့ပေ။ အောက်တိုဘာ(၂၅)ရက်နေ့ နံနက်တွင် ဖောက်ဝင်ခြင်းအဆင့်မှ လုံး၀အောင်မြင်ပြီးဟု ဆိုနိုင်လေသည်။ သို့သော် ရန်သူမိုင်းကွင်းများမှာ ထင်သည်ထက်များသည်ကို သိရှိကြရ လေသည်။ အမှတ်(၃၀)တပ်မကြီးသည် ရန်သူခံစစ်ကြောင်းမှ (၆)မိုင်မျှ ဖေါက်ဝင် နိုင်လေသည်။ အမှတ်(၁၃)တပ်မကြီးသည် မိုင်းကွင်းများကို ဖေါက်ဝင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အမှတ်(၂၁) ပန်ဇာတပ်မနှင့် အမှတ်(၁၃၂) အောရိယက်တပ်မတို့ကို တောင်ဘက်စစ်မျက်နှာပြင်တွင် ထိန်းထားနိုင်ပြီး အမှတ်(၁၀)တပ်မကြီး သည် ထိုဆက်သွယ်ရေးလမ်းကြောင်းကို အန္တရာယ်ပြုနိုင်သော နေရာများတွင် ထိန်းထားနိုင်ပြီး ၎င်း၏တင့်ကား (၇၀၀)ကျော်နှင့်အမြောက်များကို ရန်သူ တန်ပြန်တိုက်ခိုက်မှုကို ဖြိုခွင်းရန် အသုံးပြုနိုင်ခဲ့လေသည်။ အယ်လ်အာလာ မိန်းနေရာ အနောက်ဘက် (၆၅)မိုင်ခန့်တွင် ရေတပ်ကမ်းတက်စစ်ဆင်ရေး ရောင်ပြန်ပြုလုပ်သဖြင့် ဂျာမနီတို့အားထားရသော အမှတ်(၉၀) အပေါ့စား တပ်မကို DABA တွင် တပ်ခွဲစေပြီး တကယ့်တိုက်ပွဲတွင်ပါဝင်ဆင်နွှဲနိုင်ခြင်း မရှိခဲ့ပေ။

**ဂျာမနီတို့၏တန်ပြန်တိုက်ခိုက်ခြင်းများ။** ၂၅ ရက်နေ့ နံနက်လင်းစ လောက်တွင် အမှတ်(၁၅)ပန်ဇာတပ်မသည် မြောက်ဘက်တွင် မဟာမိတ်တပ် များအား တန်ပြန်တိုက်ခိုက်ခဲ့၏။ သို့သော် ၎င်းတို့အသုံးပြုသော စစ်နည်း ဗျူဟာမှာ တင့်ကားအနည်းငယ်စီသာပါစေသော တပ်ဖွဲ့များဖြင့် တန်ပြန် တိုက်ခိုက်ခြင်းဖြစ်သည့်အပြင် မဟာမိတ်တပ်များမှာ မိမိတို့စိတ်ကြိုက် မြေ နေရာ ရွေးချယ်ရရှိပြီးဖြစ်ရကား ရန်သူတန်ပြန်တိုက်ခြင်းများကို အကျအဆုံး အလွန်များစေရန် ခုခံတွန်းလှန်နိုင်ခဲ့လေသည်။

**အောက်တိုဘာ(၂၅/၂၆)ရက်နေ့တိုက်ပွဲများ။** ဩစတြေးလီးယန်းတပ်မ၏ တိုက်ခိုက်မှုကြောင့် ဂျာမန်(၃၀၀)ခန့်ကျဆုံးထိခိုက်မှုဖြစ်ခဲ့လေသည်။ ၎င်းတို့ သည် ညတိုက်ပွဲများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့လေသည်။ အမှတ်(၁) သံချပ်ကာတပ်မသည် ၎င်းတာဝန်ဖြစ်သော KIDNEY RIDGE တောင်တန်းဒေသဘက်တွင် ကွင်းတက်တိုက်ခိုက်မှုများ မရှိခဲ့ပေ။ အောက်တို

www.burmeseclassic.com

www.burmeseclassic.com




ဘာ (၂၆)ရက်နေ့တွင် အမှတ်(၁)တောင်အာဖရိကတပ်မနှင့် အမှတ် (၂) နယူးဇီလန်တပ်မတို့သည် ရှေ့သို့ကိုက်(၁၀၀၀)ခန့် ချီတက်နိုင်ခဲ့သဖြင့် စစ် မျက်နှာစာထုကို ပိုမိုကျယ်ပြန့်စေခဲ့ပါသည်။ ထိုညမှာပင် အမှတ်(၇) ယာဉ်တပ်မဟာသည် ကစ်နီတောင်ကြော KIDNEY RIDGE ပေါ်တွင် တပ်စွဲနိုင်ခဲ့လေသည်။ ထိုနေ့တွင် မောင်ဂိုမာရီ၌ တိုက်ပွဲဝင်နိုင်သော တင့်ကားပေါင်း (၈၀၀)ကျော်နှင့် ခဲယမ်း၊ မီးကျောက်အခြေအနေမှာ လုံလောက်စွာ ရှိလေသည်။ နယူးဇီလန်တပ်မနှင့် အာဖရိကတပ်မတို့တွင် အထိခိုက် အကျအဆုံးများခဲ့သော်လည်း တပ်အစားထိုးလဲလှယ် ပေးနိုင်ခဲ့ခြင်း မရှိပါ။

**အောက်တိုဘာ(၂၇/၂၈)ရက်နေ့တိုက်ပွဲများ။** ရွှန်းမဲလ်သည် ၂၆ ရက်နေ့တွင် အီဂျစ်သို့ပြန်လည်ရောက်ရှိခဲ့ပြီး ၄င်းရောက်ရှိခြင်းသည် တိုက်ပွဲဆင်နွှဲနေသော ဝန်ရိုးတန်းတပ်များတွင် သိသိသာသာ စိတ်ဓါတ်တက်ကြွခဲ့လေသည်။ ၄င်းသည် ယခင်ဆုံးရှုံးမှုများကို အဖတ်ဆယ်နိုင်ရန် စစ်ဆင်မှုများကို အမြန်ပြုလုပ်လေသည်။ အမှတ်(၂၁)ပန်ဇာနှင့် အမှတ် (၁၃၂)တပ်မများကို အမြန်ဆုံး မြောက်ဘက်သို့ ချီတက်စေပြီး အမှတ်(၁၀၂) ထရီယက်တပ်မနှင့် အမှတ်(၉၀) အပေ့စ်စားတပ်မတို့ကို အဓိကတိုက်ပွဲနေရာသို့ ပို့ခဲ့၏။ ဤတပ်မများ၏ အစိတ်အပိုင်းတော်တော်များများကို တန်ပြန်တိုက်ခိုက်ရေးတပ်များအဖြစ် ဖွဲ့စည်းခဲ့လေသည်။ ၂၆ ရက်နေ့ နေ့လည်မှ ၂၈ ရက်နေ့များတွင် မိမိတပ်များ အင်အားနည်းနေသည်ကို သို့သော်လည်း မိမိသုံးနေကြစစ်နည်းဗျူဟာဖြစ်သော တင့်ကားတုဖြင့် စစ်ဆင်ခြင်းများကို ပြုလုပ်ခဲ့လေသည်။ သို့သော် ဤကဲ့သို့ တန်ပြန် တိုက်ခိုက်တိုင်း မဟာမိတ်လေယာဉ်များက ၄င်းအမြောက်များနှင့် ကြည်းတပ်များက ပြင်းပြင်းထန်ထန်ခုခံ၍ တပ်လန်ခဲ့ရလေသည်။ အချို့အချိန်များတွင် ရွှန်းမဲလ်၏ တန်ပြန်တိုက်ခိုက်မှု

www.burmeseclassic.com

www.burmeseclassic.com




အယ်လ်အာလာမိန်းတိုက်ပွဲတွင် မဟာမိတ်တပ်များ ဖောက်

www.burmeseclassic.com

www.burmeseclassic.com


များသည် မောင်ဂိုမာရီ၏ တပ်များအား ခြိမ်းခြောက်နိုင်ခဲ့သော်လည်း တပ်များပြန်လည်စုစည်းခြင်းကို မဟန့်တားနိုင်ခဲ့ပါ။

**အောက်တိုဘာ(၂၈/၂၉) နှင့် (၂၉/၃၀)ရက်တိုက်ပွဲများ။** တိုက်ပွဲသည် ယခုအချိန်တွင် နှစ်ဘက်စလုံးအရေးကြီးလာသော အဆင့်သို့ ရောက်ရှိလာသည်။ နှစ်ဘက်စလုံးတပ်များသည် ခြေကုန်လက်ပမ်းကျလာသည်။ မောင်ဂိုမာရီ၏ တပ်များသည် အရှုံးအနိုင်အဆုံးအဖြတ်ပေးရန် ချင်းနင်း ဖောက်ထွင်းမှုကို အောင်မြင်စွာ ဆင်နွှဲနိုင်ခြင်းမရှိသေးချေ။ ထို့ကြောင့် မောင်ဂိုမာရီသည် ဖေါက်ထွင်းမှုကို ပြုလုပ်နိုင်ရန်အတွက် တပ်များကို ပြန်လည်စုဖွဲ့ပြီးနောက် စစ်ဆင်ရေး အသစ်တစ်ရပ်ကို စီမံကိန်းချမှတ်လေသည်။ ထိုစစ်ဆင်ရေး အမည်ကို အထူးယမ်းဘီလူးစစ်ဆင်ရေး OPERATION SUPER CHARGE ဟု သတ်မှတ်လေသည်။ ယခုအချိန်အထိ မောင်ဂိုမာရီတွင် တင့်ကားပေါင်း (၈၀၀) ကျော်နှင့် မကုန်မခန်းနိုင်လောက်အောင် ခဲယမ်းမီးကျောက်များ လက်ဝယ်ရှိလေသည်။ သဲကန္တာရကြွက်များနှင့် ခြေလျင်တပ်မဟာအချို့ကို တောင်ပိုင်းစစ်မြေပြင်အကန့်မှဆွဲထုတ်၍ အဓိက ထိုးနှက်ချက်ကို ဆင်နွှဲရန် မြောက်ပိုင်းသို့ ပြောင်းရွှေ့၍ အင်အားဖြည့်တင်းလိုက်လေသည်။

## ဖေါက်ထွက်ခြင်း (THE BREAK- OUT)

**အောက်တိုဘာ(၃၁)မှနိုဝင်ဘာ(၃)ရက်အထိတိုက်ပွဲများ။** မောင်ဂိုမာရီ၏ ရည်ရွယ်ချက်မှာ ရွှမ်းမဲလ်၏တပ်များကို တစ်ချီထဲဖြင့်အပြီးအပိုင် အောင်ပွဲခံနိုင်မည့် အချိန်မကျရောက်မီအချိန်အတောအတွင်း၌ ရွှမ်းမဲလ်က တခြား

www.burmeseclassic.com



အစီအစဉ်များကို မစဉ်းစားမပြုလုပ်နိုင်ရန်အတွက် အဖွဲ့ငယ်ကလေးများဖြင့် **သွေးတိုးစမ်းစစ်ဆင်ရေး CRUMBLING OPERATIONS** များကို ပြုလုပ်၍ အလုပ်ရှုပ်နေအောင် ထိန်းထားရန် ဖြစ်လေသည်။ ရွှန်းမဲလ်တပ်များသည် ယခုအချိန်တွင် လူသူလက်နက်ခဲယမ်း၊ ဓာတ်ဆီအင်အားမှာ ဆိုးရွားသော အခြေအနေတွင် ဆိုက်ရောက်နေလေသည်။ ရောမမြို့နှင့် ဟစ်တလာ၏ စစ်ဌာနချုပ်များသို့ အကူအညီများပေးပို့ပါမည့်အကြောင်း မေတ္တာရပ်ခံချက်များသည် လေထဲ၌ပြန့်နှံ့သွားလေသည်။ သို့သော် ထောက်ပံ့ရေး အခြေအနေများမှာလည်း တိုးတက်ကောင်းမွန်လာခဲ့ခြင်းမရှိခဲ့ပါ။

အောက်တိုဘာ (၃၀) ရက်နေ့ညနှင့် (၃၁)ရက်နေ့အထူးပိုင်း အချိန်တွင် ပင်လယ်ကမ်းခြေကိုသိမ်းပိုက်ရန် လှည့်စားမှုဖြင့် သြစတြေးလီးယားတပ်မသည် မြောက်ဘက်လမ်းမှ တိုက်ခိုက်ခဲ့လေသည်။ အောက်တိုဘာ(၃၁) ရက်နေ့ညနှင့် နိုဝင်ဘာ(၁)ရက်နေ့သို့ အကူးပိုင်းအချိန်လောက်တွင် အနောက်ဘက်ဆီသို့ ဦးတည်၍ ထိုးစစ်ဆင်ကာ ဂျာမန်စစ်ကြောင်းကို ဖေါက်ထွင်းတိုက်ခိုက်သွားရန်အတွက် နယူးဇီလန်တပ်မကို တာဝန်ပေးထားခဲ့လေသည်။ နယူးဇီလန်တပ်မက ဖေါက်ထွင်းနိုင်သည်နှင့်တစ်ပြိုင်နက် အမှတ် (၁)၊ အမှတ်(၇)၊ အမှတ်(၁၀)သံချပ်ကာတပ်မများပါဝင်သော အမှတ်(၁၀) တပ်မကြီးသည် ပွင့်ထွက်သွားသောနေရာကိုဖြတ်၍ ရန်သူ့ခံစစ်ကြောင်း၏ နောက်ကြော၌ရှိသည့် သဲကန္တာရလွင်ပြင်ဆီသို့ ဆက်လက်ချီတက်သွားပြီးလျှင် အာဖရိကတပ်မကြီးကို အပြီးအပိုင်ခြေမှုန်းသုတ်သင်ပစ်ရန် မောင်ဂိုမာရီက စစ်ဆင်ရေးသစ်တစ်ရပ်ကို အထူးယမ်းဘီလူးစစ်ဆင်ရေး OPERATION SUPERCHARGE ဟု အမည်ပေး၍ တိုက်စစ်ဆင်ရန် စီမံခဲ့လေသည်။

www.burmeseclassic.com


www.burmeseclassic.com



အမှတ်(၂)နယူးဇီလန်တပ်မသည် အမြောက်များ၏ ပိုက်စိတ်တိုက်ပစ်ကူဖြင့် နိုဝင်ဘာလ(၂)ရက်နေ့ ၀၁း၀၀ နာရီတွင် စတင်တိုက်ခိုက်ရာ ၀၆း၀၀ နာရီတွင် ရှေ့ပြေးတပ်မဟာနှစ်ခုသည် မိမိတို့ရည်မှန်းချက်များကို ရောက်ရှိ၍ ရန်သူ့မိုင်းကွင်းတွင် နောက်ထပ်လမ်းသစ်ရှင်းပြီး ဖြစ်လေသည်။ အမှတ်(၉) သံချပ်ကာတပ်မဟာနှင့် အမှတ်(၂)နယူးဇီလန်တပ်မဟာတို့သည် ဆစ်ဒီအဘတ်လ်ရာမန် SIDI ABDEL RAHMAN မြို့အနီးလမ်းကို နံနက်စောစောတွင်ရောက်၍ ပေါင်းကူးစခန်းပြုလုပ်စဉ် ရန်သူ့ရှေ့ကာ တင့်ကားပစ်အမြောက်များဖြင့် တွေ့ရှိပြီး ၇၅ ရာခိုင်နှုန်းမျှ ပျက်စီးဆုံးပါးခဲ့ရလေသည်။ သို့သော် ၎င်း၏ပေါင်းကူးခြေကုတ်စခန်းကို ထိန်းသိမ်းထားနိုင်၍ အမှတ်(၁) သံချပ်ကာတပ်မကို ကွင်းပြင်သို့ထွက်နိုင်စေခဲ့၏။ ထိုအခါ အမှတ်(၁) သံချပ်ကာတပ်မသည် အမှတ်(၂)ပန်ဇာတပ်မနှင့် တဲအလ်အကွား ကျူးရား TELEL AQQARQIR တွင် ပြင်းပြင်းထန်ထန်တိုက်ကြ၍ အယ်လ်အာလာမိန်းတိုက်ပွဲစတင်သည်မှစ၍ ပထမဆုံးအကြိမ် တင့်ကား တပ်မခြင်း ယှဉ်ပြိုင်တိုက်ခိုက်ခြင်းဖြစ်၍ နှစ်ဘက်စလုံးအကျအဆုံး များပြားလှသည်။ ဗြိတိသျှတို့ဘက်မှ တိုက်လေယာဉ်များသည်လည်း ကူညီတိုက်ခိုက် ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုးစစ်ဆင်နွှဲနေသော မဟာမိတ် တင့်ကားများ

**နိုဝင်ဘာ(၃/၄)ရက်နေ့တိုက်ပွဲများ။** မောင်ဂိုမာရီသည် အမှတ်(၅၁) ခြေလျင်တပ်မနှင့် အမှတ်(၄)ခြေလျင်တပ်မမှ တပ်မဟာတစ်ခုကို (၃)ရက်နေ့ ညတွင် TELEL AQQARQIR တောင်ဘက်၌ အမှတ်(၁)သံချပ်ကာ တပ်မကို ခုခံနေသောရှေ့ကာတင့်ကားပစ်အမြောက်များအား နံဘေးမှ ပန်းမိ စေရန် တိုက်ခိုက်စေခဲ့လေသည်။ တိုက်ခိုက်ခြင်းမှာ စနစ်ကျပြီး လျင်မြန်မှုရှိ၍ အောင်မြင်ခဲ့၏။ နိုဝင်ဘာ(၄)ရက်နေ့နံနက်တွင် ရန်သူရှေ့ကာ တင့်ကားပစ် အမြောက်များသည် ဆုတ်ခွါ၍ အမှတ်(၁၀)သံချပ်ကာတပ်မကြီးမှ သံချပ်ကာ တပ်မနှင့် နယူးဇီလန်တပ်မတို့သည် လွတ်လပ်စွာ စစ်ကစားနိုင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အယ်လ်အာလာမိန်းတိုက်ပွဲမှာ အောင်မြင်ပြီး ရန်သူဗိုလ်ချုပ် ဗွန်သိုမာ VON THOMA ထိုညနေပိုင်းတွင် လက်ရဖမ်းမိလေသည်။

**နိုဝင်ဘာ(၄/၅)ရက်နေ့တိုက်ပွဲများ။** မောင်ဂိုမာရီသည် နောက်သို့ ဆုတ်ခွါနေသောရန်သူကို ဖြတ်တောက်ရန် မြောက်ဘက်တွင် ကမ်းနားလမ်းကို MATRUN PUKA တွင် ပိတ်ဆို့၍ ၄င်း၏အနောက်ဘက်တွင် MATRUN PUKA တွင် ပိတ်ဆို့ပြီး အမှတ်(၁၃)တပ်မကြီးက အနောက်သို့ အပြင်းချီတက်၍ အီတလီတပ်များကို ချေမှုန်းနိုင်ရန် စီစဉ်ခဲ့လေသည်။ ရွှမ်းမဲလ်သည် ၄င်း၏ကျန်ရှိသောအင်အားစုများအနက် မပျက်မစီးဘဲ ကျန်ရစ်သည့် အနည်းငယ်မျှသောတင့်ကားများကို နောက်ထပ် မပျက်စီးစေရန်အတွက် ဆုတ်ခွါသွားလေသည်။ သို့သော် ဤသို့ဆုံးဖြတ်ချက်ချမှတ်ရာ၌ (၂၄)နာရီ တိတိ နောက်ကျသွားသဖြင့် တပ်တော်၏ခြေလျင်တပ်အားလုံး တင့်ကား၊ အမြောက်နှင့် လော်လီကားများစွာ ဆုံးရှုံးခဲ့ရပြီး မောင်ဂိုမာရီ၏တိုက်စစ်ဆင်မှုကို လုံးဝမဟန့်တားနိုင်ခဲ့ချေ။ထိုအကြောင်းကို ဗိုလ်ချုပ်ဖရစ်ဘေယာလိုင်း ရေးသားသည့် THE FATAL DECISIONS စာအုပ်ပါ EL ALAMEIN တိုက်ပွဲတွင် အောက်ပါအတိုင်း ဖော်ပြခဲ့လေသည် -

" BUT THEN TWENTY FOUR HOURS DELAY HAD COST THE ARMY ITS ENTIRE INFANTY STRENGTH AS WELL AS A GREAT NUMBER OF TANKS, LORRIES AND GUNS. THE ARMY, AS A RESULT, WAS NO LONGER ABLE TO HOLD UP MONTGOMERY'S PURSUIT ANYWHERE " .

www.burmeseclassic.com

www.burmeseclassic.com



## တိုက်ပွဲပြီးဆုံးခြင်းနှင့် လိုက်စစ်ဆင်ရန်ပြင်ဆင်ခြင်း

ဤနည်းအားဖြင့် အယ်လ်အာလာမိန်းတိုက်ပွဲသည် ပြီးဆုံးခဲ့၍ ဝန်ရိုးတန်းတပ်များသည်စစ်မျက်နှာစာတစ်ခုလုံးကို ဆုတ်ခွါပေးခဲ့ကြရလေသည်။ အမှတ်(၈)တပ်တော်သည် အဆုံးအဖြတ်ပေးနိုင်သောတိုက်ပွဲတစ်ခုကို အောင်ပွဲခံလိုက်ရခြင်းဖြစ်၏။ သို့သော် မောင်ဂိုမာရီသည် ဤတိုက်ပွဲကိုတင်းပြည့်ကြပ်ပြည့် အမြတ်ထုတ်စစ်ဆင်ခြင်းမပြုလုပ်နိုင်ခဲ့ချေ။ ထိုအချက်သည်ပင် ရွှန်းမဲလ်အတွက် အလွန်ကံကောင်းသွားလေသည်။ အဘယ်ကြောင့်ဆိုသော် မောင်ဂိုမာရီသည် လိုက်စစ်ဆင်၍ ရွှန်းမဲလ်တပ်များကိုဖြတ်တောက် တိုက်ခိုက်ရန် စီမံခဲ့သော်လည်း နိုဝင်ဘာလ(၆)ရက်နေ့ညတွင် မိုးသည်းထန်စွာ ရွာသဖြင့် နိုဝင်ဘာလ (၇)ရက်နေ့တွင် ၎င်း၏သံချပ်ကာတပ်များသည် သဲပျော့တွင် လှုပ်ရှားမရဖြစ်ခဲ့ရ၏။ ထိုအကြောင်းကို မောင်ဂိုမာရီက ၎င်းရေးသားသော အယ်လ်အာလာမိန်းမှ စင်ဂရီ့မြစ်သို့စာအုပ်တွင် အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည် -

" BY NIGHTFALL 6 NOVEMBER, ADVANCED TROOPS WERE NEARING MARRUN, CHASING CROSS AREA, WHERE I HOPED TO CUT OFF A CONSIDERABLE BODY OF THE ENEMY SURVIVOURS. HEAVY RAINS INTERFERED WITH MY PLANS. AT 7 NOVEMBER THE FORCE WAS BAGGED IN THE DESERT, WITH ITS PETROL AND SUPPLIES HELD UP SOME MILES BEHIND " .

www.burmeseclassic.com

www.burmeseclassic.com



## အယ်လ်အာလာမိန်းတိုက်ပွဲဖြစ်ပွါးပြီးအခြေအနေ

မောင်ဂိုမာရီသည် အယ်လ်အာလာမိန်းတိုက်ပွဲ၌ အောင်ပွဲခံလိုက်ရခြင်းမှာ မဟာမိတ်များအဖို့ ပထဦးဆုံးအောင်ပွဲပင် ဖြစ်ကြောင်း ဗြိတိသျှဝန်ကြီးချုပ် ဝင်စတန်ချာချီ WINSTON CHURCHILL ကိုယ်တိုင်ထုတ်ဖော် ပြောကြားခဲ့လေသည်။ ထိုအောင်ပွဲကြောင့် ဗြိတိသျှတို့ လွန်စွာပင်စိတ်ဓါတ် တက်ကြွရခဲ့ကြပြီး မောင်ဂိုမာရီ၏အမည်မှာ အင်္ဂလန်တပြည်လုံးတွင်ရေပန်းစား၍ နေခဲ့လေသည်။ တိုက်ပွဲပြီးသောအခါ အောက်ပါအကျိုးတရားများဖြစ်ပေါ်ခဲ့ပါသည် -

- ဝန်ရိုးတန်းဟပ်များ၏ သုံးပုံတစ်ပုံခန့်သာ လွတ်မြောက်သွားခဲ့သည်။
- ရွှန်းမဲလ်တွင် တိုက်ခိုက်ရေးလက်နက်အဖြစ် တင့်ကား(၁၅၀) ခန့်သာရှိတော့ပြီး ၄င်းတို့အနက် (၇၀) ခန့်မှာ အေရိယက်တပ်မပိုင်ဖြစ်၍ ဆုတ်ခွါသွားရင်း လမ်းတွင် ကျန်ရစ်ခဲ့သည်။
- ဝန်ရိုးတန်းတပ်များ၏ ဆုံးရှုံးမှုမှာ တိုက်ပွဲမှာ (၁၀၀၀၀) ခန့်သေပြီး (၁၅၀၀၀)ခန့်ဒဏ်ရာရရှိ၍ တင့်ကား(၄၅၀)ကျော်နှင့်အမြောက်လက်နက်ပေါင်း (၁၀၀၀)ခန့်နှင့် ခဲယမ်းရိက္ခာများကျန်ခဲ့ပြီးဗိုလ်ချုပ်(၉)ယောက်အပါအဝင် သုံ့ပန်း(၃၀၀၀၀)ခန့်မဟာမိတ်များက ဖမ်းဆီးရမိလေသည်။
- မဟာမိတ်တပ်များဘက်တွင် ၁၃၀၀၀ (သေကြေဒဏ်ရာရပျောက်ဆုံး)ရှိ၍ တိုက်ပွဲဝင်တပ်များ၏ ၈ ရာခိုင်နှုန်းမျှသာရှိပါသည်။ အမြောက် (၁၀၀)မျှပျက်စီးပြီး တင့်ကား(၅၀၀)မျှ ပျက်စီးခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စစ်ပွဲဟူသည် နှစ်ဘက်သောတပ်မှူးများ၏ ခိုင်မြဲသော၊ ပြင်းပြသောအောင်စိတ်သာဖြစ်သောကြောင့် စစ်ပွဲတစ်ခု၌ အခြေအနေသည် မိမိလည်း မနိုင်၊ သူလည်း မရှုံးဖြစ်နေချိန်တွင် အနိုင် မခံအရှုံးမပေးသော အောင်စိတ် သာလွန်ပြင်းထန်သည့် စစ်ဗိုလ်ချုပ်ကြီးက အနိုင်ရ စမြဲဖြစ်သည်၊

မောင်ဂိုမာရီ

မောင်ဂိုမာရီသည် အထက်ပါ သူ၏အဆိုအမိန့်အတိုင်း အယ်လ်အာလာမိန်းတိုက်ပွဲတွင် ပြင်းပြသောအောင်နိုင်စိတ်ဖြင့် ရွှန်းမဲလ်ကို အနိုင်တိုက်ခဲ့၏။



အယ်လ်အာလာမိန်းစစ်မြေပြင်မြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)
# မောင်ဂိုမာရီ၏ကွပ်ကဲမှုအပေါ် လေ့လာသုံးသပ်ချက်

## မောင်ဂိုမာရီ၏ကွပ်ကဲမှုစနစ်

မောင်ဂိုမာရီသည် ထူးခြားသော ဗိုလ်ချုပ်တစ်ယောက်ဖြစ်ပါသည်။ သူကွပ်ကဲမှုစနစ်မှာ အခြားအခြားသောဗိုလ်ချုပ်များနှင့်များစွာသော အယူအဆများတွင် ကွဲပြားမည်မှာ အမှန်ပင်ဖြစ်ပါ၏။ ဒုတိယကမ္ဘာစစ်မဖြစ်မီ တပ်ရင်းမှူး၊ တပ်မဟာမှူးဘဝတွင် သူ၏ကွပ်ကဲပုံစနစ်များကို အချို့က လက်ခံလိုခြင်းမရှိပါ။ မောင်ဂိုမာရီသည် စေ့စပ်သေချာ၍ စည်းစနစ်ကြီးသူဖြစ်ပြီး အပျော်အပါး အရက်သေစာသောက်စားခြင်းမရှိဘဲ ဘာသာတရား ကိုင်းရှိုင်း၍ ၎င်း၏ လက်အောက်ငယ်သားများကို ဆုံးမသြဝါဒပေး၍ ဘာသာ တရားကိုင်းရှိုင်းကြရန် တိုက်တွန်းနိုးဆော်လေ့ရှိသည်။ ၎င်းကိုယ်တိုင် ရေးသားခဲ့သော ၎င်း၏ အတ္ထုပ္ပတ္တိစာအုပ်တွင် တပ်မှူးတစ်ယောက်သည် ဘာသာတရား ကိုင်းရှိုင်း သက်ဝင်မှုမရှိလျှင် တပ်တော်တပ်ဖွဲ့များကို မဆိုထားဘိ တပ်သား တစ်ဦးချင်း ကိုပင် အောင်မြင်မှုရရှိရေးအတွက် ဦးဆောင်ဦးရွက်ပြုနိုင်မည် မဟုတ်ကြောင်း အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည် -

" I DO NOT BELIEVE THAT TODAY A COM - MANDER CAN INSPIRE GREAT ARMIES, OR SINGLE UNIT, OR EVEN INDIVIDUAL MAN, AND LEAD THEN TO ACHIEVE' GREAT VICTORIES, UNLESS HE HAS A PROPER SENSE OF RELIGIOUS TRUTH; HE MUST BE PREPARED TO ACKNOWLEDGE IT, AND TO LEAD HIS TROOPS IN THE LIGHT OF THAT TRUTH "

www.burmeseclassic.com

www.burmeseclassic.com



မောင်ဂိုမာရီသည် တပ်မှူးတစ်ယောက်အဖြစ် အုပ်ချုပ်ကွပ်ကဲရာတွင် ခေါင်းဆောင်သည် အလွန်အရေးကြီးကြောင်း၊ ထို့ကြောင့် တပ်မှူးများသည် ခေါင်းဆောင်ကောင်းများပီသစွာ မိမိလက်အောက်ကို မိသားစုစိတ်ဓါတ် အပြည့်အဝဖြင့် အုပ်ချုပ်ကွပ်ကဲပါက အောင်မြင်မှုရမည်ကို ယုံကြည် လေသည်။ ခေါင်းဆောင်မှုဥပဒေသနှင့်အညီ ကျင့်ကြံရန် လိုအပ်ကြောင်း ခံယူပါသည်။ ငယ်သားများ၏အခြေအနေကို သိပြီး ငယ်သားများကလည်း မိမိ အခြေအနေကိုသိ၍ ထက်အောက်ဆက်ဆံရေး ပြေပြစ်မှုရှိရန် လိုအပ်ကြောင်း နှင့် ယခုခေတ်ရဲဘော်များသည် သတင်းစာဖတ်ခြင်း၊ ရုပ်ရှင်၊ ရုပ်မြင်သံကြား အစရှိသည်တို့မှတဆင့် ဗဟုသုတကြွယ်ဝသူများဖြစ်ကြောင်း အခြားကမ္ဘာ့ သတင်းများ၊ ကမ္ဘာအခြေအနေများကိုလည်း လေ့လာ၍ ဗဟုသုတရှိကြသူများ ဖြစ်ကြလေသည်။ ထို့ကြောင့် ရဲဘော်များသည် တွေးခေါ်သုံးသပ်နိုင်သည်။ ဘာတွေဖြစ်နေသလဲ၊ ဘာကိုလုပ်ခိုင်းချင်သလဲ၊ ဘာ့ကြောင့်လဲ၊ ဘယ်တော့လဲ ဆိုသည်များကို သိလိုပေသည်။ ထို့ကြောင့် ဤအချက်များကို စစ်ခေါင်းဆောင် များက နားလည်ပြီး လိုက်နာလုပ်ဆောင်ခြင်းအားဖြင့် ရဲဘော်များ၏ အားကိုး ယုံကြည်မှုကို ရယူလျှင် ဘာမဆိုခိုင်းတာ အားလုံးရဲဘော်များက လုပ်ဆောင် မည်ဖြစ်ကြောင်းကို ၄င်းကိုယ်တိုင်ရေးသော အတ္ထုပ္ပတ္တိတွင် အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည် -

" IF ALL THESE THINGS ARE UNDERSTOOD BY THE MILITARY LEADER, AND HE ACTS ACCORD - INGLY , HE WILL FIND IT IS NOT DIFFICULT TO GAIN THE TRUTH AND CONFIDENCE OF SUCH MAN. THE BRITISH SOLDIER RESPONDS TO LEADERSHIP IN A

www.burmeseclassic.com

www.burmeseclassic.com



MOST REMARKABLE WAY AND ONCE YOU HAVE WON HIS HEART. HE WILL FOLLOW YOU ANYWHERE "

မောင်ဂိုမာရီသည် တပ်ဖွဲ့ကွပ်ကဲအုပ်ချုပ်ရာတွင် ခေါင်းဆောင်မှု စိတ်ဓါတ်၊ စည်းကမ်း၊ လေ့ကျင့်မှုစသည်များသည် အလွန်အရေးကြီးကြောင်းကို ယုံကြည်လေသည်။ တပ်မတော်တစ်ခုတွင် အမြောက်များ၊ တင့်ကားများနှင့်တပ်ဖွဲ့ဝင်တွေ အများအပြားရှိသော်လည်း ထိုအင်အားသည် တကယ့်အင်အားအစစ်မဟုတ်ကြောင်း၊ တကယ့်အင်အားအစစ်မှာ အထက်ဖော်ပြပါအင်အားများနှင့် စိတ်ဓါတ်၊ တိုက်ခိုက်လိုစိတ်၊ အချင်းချင်းယုံကြည်မှု၊ ရဲဘော်စိတ်ရှိမှု အစရှိသောအရည်အချင်းများနှင့် ပြည့်စုံမှသာ တကယ့် အင်အားကောင်းသည့်တပ်တော်တစ်ခုဖြစ်နိုင်ကြောင်း။ ထို့ကြောင့် သူသည် ၎င်း၏တပ်တော်ကို ကွပ်ကဲအုပ်ချုပ်ရာတွင် ဖော်ပြပါအရည်အချင်းများနှင့် ပြည့်စုံအောင် အမြဲလုပ်ဆောင်လေ့ရှိပါသည်။ ၎င်းကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိတွင် ထိုအချက်များနှင့်ပတ်သက်၍ အောက်ပါအတိုင်းဖော်ပြခဲ့ပါသည်။

**တိုက်ပွဲအတွင်း ကွပ်ကဲပုံ**

မောင်ဂိုမာရီသည် တိုက်ပွဲမစတင်မီအချိန်ယူ၍ တိုက်ပွဲအတွက်လိုအပ်သော လေ့ကျင့်မှုစိတ်ဓါတ်စည်းကမ်းအစရှိသည်တို့ကို စိတ်ကြိုက်လေ့ကျင့်ပြီးနောက် ၎င်း၏တိုက်ပွဲစီမံချက်များကို ကိုယ်တိုင်တပ်ရင်းမှူးအဆင့်အထိ အသေးစိတ်ရှင်းလင်းပြသမှုများ၊ တွေ့ကြုံရမည့်အခက်အခဲများကိုတပ်တော်အတွင်း လှည့်လည်၍ ရှင်းလင်းခဲ့ပါသည်။ တဖန်တပ်မှူးများမှ ရဲဘော်အဆင့်အထိ အသေးစိတ်လုပ်ဆောင်ရမည့် အစီအစဉ်များကို ရှင်းပြစေပါသည်။ တိုက်ပွဲကွပ်ကဲရာတွင် ပြောင်းလွယ်ပြင်လွယ်ရှိစွာ ကွပ်ကဲခဲ့

www.burmeseclassic.com





ဗြိတိသျှတပ်မတော်သားများထံ  လက်နက်ချနေသည့်  ဂျာမန် ပန်ဇာ တင့်ကားတစ်စီး

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ အခြေအနေတစ်ခုမအောင်မြင်ဘဲရှိနေလျှင် ချက်ချင်းအခြေအနေကို သုံးသပ်သိရှိပြီးနောက် အမြန်ဆုံးအခြားအစီအစဉ်တစ်ခုကို အချိန်မီ ပြောင်းလဲ စီစဉ်ပေးနိုင်သည်ကို တွေ့ရှိရပါသည်။ ၄င်းသည် နေရာတကာတွင် ရှေ့တန်း တပ်မှူးများ၏စစ်ဆင်မှုကို ဝင်ရောက်စွက်ဖက်ခြင်းမရှိပါ။ ၄င်း ညွှန်ကြားသည့် အတိုင်း ဆင့်ကဲဆင့်ကဲတိကျစွာ လုပ်ဆောင်စေပါသည်။ တိတိကျကျ ရှင်းရှင်း လင်းလင်းညွှန်ကြားပါလျက် လိုက်နာဆောင်ရွက် လုပ်ဆောင်နိုင်ခြင်းမရှိသော တပ်မှူးများကိုလည်း ရာထူးမှ ထုတ်ပယ်ပစ်ရန် ဝန်လေးသူမဟုတ်ပါ။

အယ်လ်အာလာမိန်းတိုက်ပွဲအတွင်း အောက်တိုဘာ(၂၅)ရက်တွင် တိုက်ပွဲသည် အပြင်းအထန်ဖြစ်၍ တပ်များအချို့စစ်မျက်နှာတွင် ရှေ့သို့မတိုး နိုင်ဘဲ တန့်နေခဲ့ပါသည်။ ထိုအချိန်တွင် နေ့လည် ၁၄း၃၀ နာရီခန့်တွင် အမှတ် (၁၀)တပ်မကြီးမှ အမှတ်(၁၀)သံချပ်ကာတပ်မနှင့် တောင်ပိုင်း စစ်မျက်နှာ အကန့်မှ တပ်မကြီး(၃၀)သည်လည်း မိုင်းကွင်းများအတွင်း များစွာ အခက်အခဲ များနှင့်ရင်ဆိုင်နေရကြောင်း၊ အကယ်၍ ၄င်းသည် ရှေ့သို့ ဆက်တက်ပါက အခက်အခဲများစွာ တွေ့မည်ဖြစ်ကြောင်း၊ ၄င်း၏ တပ်မှာလည်း ယခုကဲ့သို့ ခက်ခဲနေသော စစ်ဆင်ရေးမျိုးကို ဆင်နွှဲရန် လေ့ကျင့်မှုမရှိကြောင်း၊ ၄င်းအား ရှေ့သို့ဆက်မတက်ဘဲ လက်ရှိနေရာတွင်ပင် ဆက်လက် တပ်စွဲ ခွင့်ပြုပါရန် တင်ပြသည်ကို တပ်မကြီးမှူးဖြစ်သူ ဗိုလ်ချုပ် LUMSDEN *က သဘော မတူခဲ့ပါ။ မောင်ဂိုမာရီသည် (၁၅း၃၀)နာရီခန့်တွင် တပ်မကြီးမှူးများ ဖြစ်ကြ သော ဗိုလ်ချုပ် LEESE နှင့် ဗိုလ်ချုပ် LUMSDEN တို့ကို ၄င်း၏ ကွပ်ကဲမှုဌာနချုပ်သို့ခေါ်ယူ၍ အခြေအနေကိုမေးမြန်းရာ အမှတ်(၁၀) သံချပ်ကာတပ်မမှ တပ်ရင်းတစ်ရင်းသည် မိုင်းကွင်းများအပြင်တွင် ရောက်ရှိ လေသည်။ တဖန်ဗိုလ်ချုပ် LUMSDEN သည် ထိုတပ်မမှူးနှင့် တယ်လီဖုန်း အဆက်အသွယ်လုပ်ရာ အကယ်၍မိုင်းကွင်းကို ကျော်ဖြတ်မည်ဆိုလျှင် ၄င်း၏ တပ်မသည် ထိခိုက်ကျဆုံးမှု များပြားမည် ဖြစ်ကြောင်း တင်ပြခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဗိုလ်ချုပ် LUMSDEN က မောင်ဂိုမာရီအား ၄င်းကိုယ်တိုင်တပ်မမှူးနှင့်စကားပြောရန် တင်ပြသဖြင့် စကားပြောခဲ့လေသည်။ ထိုသို့ စကားပြောသောအခါ မောင်ဂိုမာရီအား အံ့သြလောက်အောင် ထိုတပ်မမှူးသည် ၄င်း၏ဦးဆောင်တပ်မဟာများ၏ နောက်ကိုက်(၁၆၀၀၀) (၁၀)မိုင်ခန့်လောက်တွင်ရှိသည်ကို သိရသဖြင့် စိတ်ဆိုးစွာဖြင့် တပ်မကို ဦးဆောင်ပြီး ရှေ့မှတိုက်ရန်နှင့် တပ်မနောက်က လိုက်ရန် ၄င်းကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိတွင် အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည် -

" I DID SO AT ONCE AND DISCOVERED TO MY HORROR THAT HE HIMSELF WAS SOME 16,000 YARDS NEARLY 10 MILES BEHIND HIS LEADING ARMOURED BRIGADE. I SPOKE TO HIM IN NO UNCERTAIN VOICE, AND ORDERED HIM TO GO FORWARD AT ONCE AND TAKE CHARGE OF HIS BATTLE; HE WAS TO FIGHT HIS WAY OUT, AND DIVISION FROM INFRONT AND NOT FROM BEHIND "

မောင်ဂိုမာရီသည် လူ့သဘာဝကို လေ့လာကျွမ်းကျင်သူဖြစ်၏။ စစ်ပွဲမဖြစ်ချိန်တွင် ၄င်းသည် တပ်တော်တစ်ခုလုံးအတွင်း မိသားစုသဖွယ် အေးဆေးစွာ ကွပ်ကဲအုပ်ချုပ်ခဲ့သော်လည်း စစ်ပွဲဖြစ်ချိန်တွင် အမိန့်နှင့် တာဝန်ကို တိတိကျကျလုပ်စေလိုသော ဆုံးဖြတ်ချက်ခိုင်မာသူတစ်ယောက် ဖြစ်သည်ကို တွေ့ရှိရပါသည်။ အမှတ်(၁၀) သံချပ်ကာတပ်မမှူးကိစ္စနှင့် ပတ်သက်၍ လုံးဝမကျေနပ်ဘဲ သူ၏အမိန့်များမှာ ပြောင်းလဲမှုမရှိကြောင်း တပ်မကြီးမှူးနှစ်ယောက်လုံးအား ပြောဆိုခဲ့ပြီး အမှတ်(၁၀)တပ်မကြီး ဗိုလ်ချုပ် LUMSDEN အား သူ၏စီမံချက်အတိုင်း မိုင်းကွင်းများအတွင်းမှ လျှပ်ရှားမှု

www.burmeseclassic.com

www.burmeseclassic.com



လုပ်နိုင်သောကွင်းပြင်သို့ထွက်ရန်နှင့် တွေဝေ၍ ဆုံးဖြတ်ချက် မခိုင်မာပါက ၄င်းကိုယ်တိုင်သော်၄င်း၊ အမှတ်(၁၀)သံချပ်ကာတပ်မမှူးကို သော်၄င်း၊ ဖြုတ်ပစ်၍ ၄င်းတို့နေရာတွင် သင့်တော်သူများကို ခန့်ထားမည် ဖြစ်ကြောင်း အတ္ထုပ္ပတ္တိတွင် အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည် -

**" I THEN TOLD CORPS COMMANDERS THAT MY ORDERS WERE UNCHANGED; THERE WOULD BE NO DEPARTURE FROM MY PLAN, I KEPT LUMSDEN BEHIND WHEN THE OTHERS HAD LEFT AND SPOKE VERY PLAINLY TO HIM. I SAID I WAS DETERMINED THAT THE ARMOURED DIVISION WOULD GET OUT OF THE MINEFIELD AREA AND INTO THE OPEN WHERE THEY COULD MANEUVER; ANY WAVERING OR LACK OF FIRMNESS NOW WOULD BE FATAL. IF HE HIMSELF, OR THE COMMANDER OF 10TH AMOURED DIVISION, WAS NOT " FOR IT " THEN I APPOINTED OTHERS WHO WERE ".**

**ကွပ်ကဲမှုအား လေ့လာသုံးသပ်ခြင်း**

မောင်ဂိုမာရီသည် ခေါင်းဆောင်မှုအရည်အချင်းပြည့်ဝပြီး စစ်ပညာကြွယ်ဝသော ဗိုလ်ချုပ်တစ်ယောက်ဖြစ်၏။ ၄င်းနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရသော ဗိုလ်ချုပ်ရွှန်းမဲလ်မှာ အလွန်တိုက်ရည်ခိုက်ရည်ပြည့်ဝပြီး ရဲစွမ်းသတ္တိနှင့် ပြည့်စုံသည့်အပြင် ကွပ်ကဲခေါင်းဆောင်မှုအထူးကောင်းမွန် ပြောင်မြောက်သော သူတစ်ယောက်ဖြစ်ပါသည်။ ထို့ကြောင့် ဤမျှအရည်အချင်းပြည့်ဝသော ဗိုလ်ချုပ်ရွှန်းမဲလ်ကို ယှဉ်ပြိုင်တိုက်ခိုက်၍ အနိုင်ယူခဲ့သော ဗိုလ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



မောင်ဂိုမာရီသည် မည်မျှအရည်အချင်းပြည့်ဝသည်ကို လေ့လာသိရှိနိုင် ပါသည်။ အချို့သောစစ်ပညာရှင်များက မောင်ဂိုမာရီသည် အစစအရာရာ လူလက်နက် ခဲယမ်းသာလွန်၍ နိုင်ခြင်းဖြစ်သည်ဟု ယူဆကြ၏။ ဤအချက်များသည် စစ်ပွဲနိုင်ရေးအတွက် အကြောင်းတစ်ရပ်သာ ဖြစ်ပါသည်။ အမှန်မှာ မောင်ဂိုမာရီ၏စစ်ဗျူဟာပြင်ဆင်ဆောင်ရွက်နိုင်မှု အခြေအနေနှင့် ကိုက်ညီအောင် စီမံကျင့်သုံးနိုင်မှု၊ စနစ်တကျအသေးစိတ်စီစဉ်နိုင်မှု၊ ရန်သူအား လှည့်စားနိုင်မှု၊ ရည်ရွယ်ချက်တိကျခိုင်မြဲမှုအစရှိသော အရည်အသွေးများ ပြည့်ဝ၍ ရွှန်းမဲလ်အား အောင်မြင်ခြင်းဖြစ်ပါသည်။ ၄င်းမည်သည့် နေရာတွင် တိုက်မည်၊ မည်သည့်နေရာတွင် ထိုးနှက်မည်၊ အင်အား မည်မျှရှိနေသည်ကို ဂျာမန်အထက်ဌာနချုပ်ကပင် လုံးဝမသိအောင် လှည့်စားနိုင်ခဲ့ကြောင်း ဗိုလ်ချုပ် ဘေရာလိုင်း BAYERLEIN က ၄င်းကိုယ်တိုင်ရေးသော အယ်လ်အာလာ မိန်းတိုက်ပွဲတွင် အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်။

**" AS A RESULT OF ALL THESE MEASURES, DECEPTION OF THE GERMAN INTELLIGENCE WAS SO SUCCESSFUL THAT THE GERMAN FIGHT COMMAND KNEW NEITHER THE DATE SET FOR THE ATTACK NOR ITS POINT OF MAIN EFFORT, NOR ASSEMBLY AREAS OF THE TANKS ".**

မောင်ဂိုမာရီသည် စစ်အောင်ရာသော အကြောင်းကြီးများနှင့်အညီ ကျင့်သုံးလုပ်ဆောင်သူဖြစ်ပါသည်။ ရည်ရွယ်ချက်တိကျခိုင်မြဲစွာ ရပ်တည်သူ ဖြစ်ပါသည်။ ၄င်း၏တာဝန်မှာ အာဖရိကမှ ရွှန်းမဲလ်၏တပ်များကို အပြီးအပိုင် မောင်းထုတ်ရန်ဖြစ်သည်ကို ၄င်းအမှတ်(၈)တပ်တော်မှူး တာဝန်ထမ်းဆောင် နေချိန်မှစ၍ သိရှိခဲ့၍ ထိုရည်ရွယ်ချက်ကို အောင်မြင်စွာအကောင်အထည်

www.burmeseclassic.com

www.burmeseclassic.com



စစ်ပွဲမှန်သမျှတို့သည် လှည့်စားသော ပရိယာယ်အပေါ်တွင် မူတည်ထား၏၊ ထို့ကြောင့် ထိုးစစ်ဆင်နိုင်သောအခါ ထိုးစစ်မဆင်နိုင်သေးသကဲ့သို့ ရန်သူက ထင်လာအောင် ဟန်ဆောင်ကြရမည်၊ တပ်များလှုပ်ရှားနေသောအခါ ငြိမ်သက်အေးချမ်းစွာနေကြသကဲ့သို့ ဟန်ဆောင်ကြရမည်၊ ကျွန်ုပ်တို့ ရန်သူနှင့်နီးသောအခါ ရန်သူ့စိတ်ထဲတွင် ကျွန်ုပ်တို့အဝေးမှာ ရှိသည်ဟု ထင်လာအောင် ဟန်ဆောင် ရမည်၊ တကယ်ဝေးကွာနေသောအခါ ရန်သူ့စိတ်ထဲ နီးကပ်နေပြီဟုထင်လာအောင် ဟန်ဆောင်ပရိယာယ်တို့ကို ဖန်တီးသုံးစွဲရမည်၊

ဆန်ဇူ

မြောက်အာဖရိကတိုက်ပွဲစဉ်များတွင် မောင်ဂိုမာရီသည် လှည့်စားမှုပရိယာယ်များကို အပြည့်အဝအသုံးချကာ ဂျာမန်တို့အပေါ် အောင်ပွဲခံခဲ့၏။

အောင်ပွဲရသောစစ်သူကြီးသည် တိုက်ပွဲမဖြစ်မီကပင် အမျိုးမျိုးသောတွက်ချက်တိုင်းဆမှုများကို သူ့ခေါင်းထဲတွင် ကြိုတင်ပြုလုပ်ထားနှင့် ကြ၏၊

ဆန်ဇူ

မောင်ဂိုမာရီက အမျိုးမျိုးသော တွက်ချက်တိုင်းဆမှုများ ဆောင်ရွက်တတ်သူ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဖော်နိုင်ရန်အတွက် အချိန်နှစ်လခန့်ယူပြီး စီစဉ်ဆောင်ရွက်ခဲ့လေသည်။ ထို့ကြောင့် အလမ်ဟာဖါတိုက်ပွဲတွင် ရွှန်းမဲလ်၏တပ်များကို အပြတ်ထုတ်တိုက်စစ်ဆင်ပါက ရသော်လည်း ၎င်း၏ရည်ရွယ်ချက်ဖြစ်သော အဆုံးအဖြတ်ပေးနိုင်သည့်တိုက်ပွဲဆင်နွှဲလောက်အောင် အင်အားမရှိသေး၍ တိုက်စစ်မဆင်ခဲ့ကြောင်း ၎င်းကိုယ်တိုင်ရေးသော အယ်လ်အာလာမိန်းမှ စင်ဂရိုမြစ်သို့ စာအုပ်တွင် ဖော်ပြခဲ့ပါသည်။

မောင်ဂိုမာရီသည် ၎င်း၏စီမံချက်အတိုင်း ၎င်း၏ရည်ရွယ်ချက်ကို ဆောင်ရွက်ရန် စီစဉ်ခဲ့ပါသည်။ ထိုစီမံချက်ကို မည်သူမျှဝင်ရောက် နှောင့်ယှက်စွက်ဖက်၍ မရပါ။ ဆန်ဇုက ဘုရင်ဝင်ရောက်နှောင့်ယှက် စွက်ဖက်ခြင်းကို မခံရဘဲ စစ်တိုက်နိုင်သည့် အရည်အချင်းနှင့်ပြည့်စုံသော စစ်သူကြီးသည် အောင်ပွဲကိုရအံ့ဟူသော အဆိုကို မောင်ဂိုမာရီသည် လိုက်နာကျင့်သုံးသူဖြစ်ပါသည်။ ဆန်ဇုက **" စစ်တိုက် သောအခါ တစ်ခါတစ်ရံ ဘုရင်၏အမိန့်ကို ပယ်ရှား၏ "** ဟုဆိုပါသည်။ ထိုအဆိုကိုလည်း မောင်ဂိုမာရီ လက်ခံပုံရပါသည်။ အဘယ်ကြောင့်ဆိုသော် ဗြိတိသျှဝန်ကြီးချုပ်ချာချီ CHURCHILL က ၎င်းအား စက်တင်ဘာလအတွင်း တိုက်ခိုက်ရန် အမိန့်ပေးသောအခါ ၎င်းက ဗိုလ်ချုပ်အလက်ဇန်းဒါး ALEXANDER နှင့် တိုင်ပင်ပြီး ၎င်းအနေနှင့် အောက်တိုဘာလ မရောက် မချင်း မတိုက်နိုင်ကြောင်း၊ စက်တင်ဘာလအတွင်း တိုက်ခိုက်စေလိုလျှင် အခြားတစ်ယောက်အား ၎င်းနေရာတွင် အစားထိုးတိုက်ခိုက်စေလိုကြောင်း အောက်တိုဘာလတွင် တိုက်လျှင်နိုင်မည်ကို အာမခံရဲကြောင်း၊ သူစက်တင် ဘာလထဲမှာ တိုက်ရမလားဟုဆိုသော အချက်သုံးချက်ကို ဗိုလ်ချုပ် ALEXANDER မှ တစ်ဆင့် ချာချီ CHURCHILL ထံသို့ တင်ပြ ခဲ့ကြောင်း အယ်လင်မိုးဟက် ALAN MOORE HEAD ရေးသော မောင်ဂိုမာရီ၏ အတ္ထုပ္ပတ္တိစာအုပ်တွင် အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည် -

www.burmeseclassic.com



1. " IF THE ATTACK STARTS IN SEPTEMBER IT WILL FAIL. "
2. IF WE WAIT UNTIL OCTOBER I WILL PERSO -NA LLY GUARANTEE GREAT SUCCESS AND DESTRUCTION OF ROMMEL'S ARMY.
3. AM I TO ATTACK IN SEPTEMBER ?

မောင်ဂိုမာရီသည် တပ်တော်အတွင်း ဆင့်ကဲဆင့်ကဲကွပ်ကဲမှုများ အရသာ ဆောင်ရွက်စေသည်။ စစ်ဦးစီးချုပ်၊ တပ်မကြီးမှူး၊ တပ်မမှူး၊ တပ်ရင်းမှူးများအနေဖြင့် ဆင့်ကဲဆင့်ကဲတာဝန်ယူ အုပ်ချုပ်သောစနစ်ကို ၎င်း၏တပ်တော်အတွင်း တိကျစွာလိုက်နာဆောင်ရွက်စေသည်ကို တွေ့ရှိရပါသည်။ နေရာတကာတွင် အသေးအဖွဲ့ကအစ ချုပ်ကိုင်လိုခြင်း၊ သိရှိလိုခြင်း မရှိပါ။ စီမံချက်များကို ဆင့်ကဲဆင့်ကဲဆောင်ရွက်စေ၍ ဆင့်ကဲဆင့်ကဲ သတင်းပို့သည့်စနစ်အရ လုပ်ကိုင်ဆောင်ရွက်သည့်မှုအရသာ ဆောင်ရွက် စေလိုသည့် ဆန္ဒရှိသောပုဂ္ဂိုလ်ဖြစ်ပါသည်။ ၎င်းအမှတ်(၈)တပ်တော်မှူးတာဝန် ထမ်းဆောင်စက အရာရှိတစ်ယောက်သည် နံနက်အစီရင်ခံစာများကို ၎င်းအား အိပ်ယာမှ နှိုး၍ တင်ပြသဖြင့် မောင်ဂိုမာရီသည် အလွန်စိတ်ဆိုးကာ ထိုကဲ့သို့ ရှောင်းလှုပ်ရှားမှုအသေးစိတ်အစီရင်ခံစာများကို မသိလိုကြောင်း နောင်ထပ်ဤကဲ့သို့ အစီရင်ခံစာများဖြင့် သူ့ထံမလာရန် ပြောခဲ့ဖူးလေသည်။

မောင်ဂိုမာရီသည် ရန်သူကိုတိုက်ခိုက်ရာတွင် ကြည်းတပ်တစ်ခုတည်း သီးခြားတိုက်ခိုက်ခြင်းအားဖြင့် အောင်နိုင်မှုရမည်ဟု မယုံကြည်ပါ။ ထို့ကြောင့် ယခင်ကြည်းတပ်ဌာနချုပ်သည် လေတပ်ဌာနချုပ်နှင့်ဝေးကွာသော သဲကန္တာရ အလယ်မှ ရွှေ့ပြောင်းပြီး လေတပ်နှင့်လည်း နီးသောပင်လယ်ကမ်းစပ်အနီးရှိ လေတပ်ဌာနချုပ်အနီးသို့ ၎င်း၏ကြည်းတပ်ဌာနချုပ်ကို ပြောင်းရွှေ့စေခဲ့

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ဤကဲ့သို့အားဖြင့် သဲကန္တာရလေတပ်နှင့် စည်းလုံး ဆောင်ရွက်မှု ရရှိစေရန် အထူးဂရုပြုဆောင်ရွက်ခဲ့လေသည်။ ဤကဲ့သို့ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ခဲ့ခြင်းကြောင့် ကြည်းတပ်အရာရှိများနှင့် လေတပ် အရာရှိများမှာ အထူးစည်းလုံးမှုရရှိခဲ့လေသည်။ ထိုအကြောင်းများကြောင့် အလမ်ဟာဖါ တိုက်ပွဲနှင့် အယ်လ်အာလာမိန်းတိုက်ပွဲတို့တွင် သဲကန္တာရလေတပ်၏ အနီးကပ် လေကြောင်းအကူအညီပေးမှု CLOSE AIR SUPPORT ကြောင့် တိုက်ပွဲ အောင်မြင်ရေးအတွက် များစွာ အထောက်အကူရရှိခဲ့သည်ကို တွေ့ရှိရ ပါသည်။ ဘုရင့်လေတပ်မတော် ဗုံးကြဲလေယာဉ်အုပ်များသည် ပြိုင်ဘက်ကင်းစွာ ပျံသန်း လျက် ၎င်းတို့တပ်များအပေါ် ဗုံးမိုးများရွာချသဖြင့် ၎င်းတို့တပ်များ အထိ အခိုက် အလွန်များပြားပြီး ရဲဘော်များ စိတ်ဓါတ်ကျရပုံကို ဗိုလ်ချုပ် ဘေရာလိုင်း က အောက်ပါအတိုင်း ရေးသားခဲ့ပါသည် -

**" BOMBER SQUADRON OF THE ROYAL AIR FORCE, FLYING WITHOUT OPPOSITION AND IN MASS FORMATIONS, DROPPED ONE BOMB CARPET AFTER ANOTHER, COVERING ENORMOUS CASUALTIES AMONG OUR TROOPS AND PRODUCING A CONSI - DERABLE EFFECT UPON THEIR MORAL " .**

**သင်ခန်းစာ ဖော်ထုတ်ချက်များ**

ဤအယ်လ်အာလာမိန်းတိုက်ပွဲကို လေ့လာသုံးသပ်ခြင်းအားဖြင့် စစ်ပွဲ တစ်ပွဲအနိုင်တိုက်ခိုက်နိုင်ရေးသည် လူလက်နက်ပစ္စည်းပြည့်စုံမှုဖြင့်မပြီးဘဲ ထိုကဲ့သို့လူလက်နက်ပစ္စည်းအားဖြင့် ပြည့်စုံသော တပ်မတော်တစ်ခုကို ကွပ်ကဲ အုပ်ချုပ်သော ထိပ်ဆုံးတပ်တော်မှူးမှ အောက်ဆုံးတပ်မှူးများ အပါအဝင်

www.burmeseclassic.com

www.burmeseclassic.com



ကွပ်ကဲခေါင်းဆောင်မှု အထူးကောင်းမွန်ရန် လိုအပ်ကြောင်းကို သင်ခန်းစာ ဖော်ထုတ်၍ လေ့လာမှတ်သားနိုင်ပါသည်။ မောင်ဂိုမာရီနိုင်ရခြင်းမှာ ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်ဖြစ်သူ ချာချီ CHURCHILL မှစ၍ အရှေ့အလယ်ပိုင်း တပ်များ ၏ တပ်မှူးဖြစ်သူ ဗိုလ်ချုပ်အလက်ဇန်းဒါး ALEXANDER တို့ကပါ မောင်ဂိုမာရီ၏တင်ပြချက်များကို လက်ခံ၍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခဲ့ ကြသဖြင့် အောင်မြင်ခြင်းဖြစ်ပါ၏။ အကယ်၍သာ မောင်ဂိုမာရီ၏ တင်ပြ ချက်များကို လက်မခံဘဲ တိုက်ပွဲကိုစောစီးစွာ တိုက်ခိုက်စေပါက အဖြေသည် တမျိုးပြောင်းဘွယ်ရာ ရှိပါသည်။

ထို့ကြောင့် ရှေ့တန်းစစ်မျက်နှာတွင် လက်တွေ့တိုက်ခိုက်နေသော တပ်မှူးသည် မည်မျှပင်အရည်အချင်းပြည့်ဝသော်လည်း နောက်ပိုင်းမှ ခေါင်းဆောင်ကြီးများသည် အခြေအနေကို မသုံးသပ်တတ်ပါက ဆုံးရှုံးမှု တွေ့ရမည်ဖြစ်ပါသည်။ အယ်လ်အာလာမိန်းတိုက်ပွဲတွင် ကွပ်ကဲခေါင်းဆောင် ခဲ့သော အမှတ်(၈)တပ်တော်မှူး ဗိုလ်ချုပ်မောင်ဂိုမာရီနှင့် အရှေ့အလယ်ပိုင်း တပ်မှူးများ၏ တပ်မှူးဖြစ်သူဗိုလ်ချုပ်အလက်ဇန်းဒါးတို့မှာ ဗြိတိသျှအင်ပါယာ တွင် တကယ်တော်သော တကယ်အရည်အချင်းပြည့်ဝသော နိုင်ငံရေး အတွေး အခေါ်များရှိသူများဖြစ်ကြ၏။ ထို့ပြင် မောင်ဂိုမာရီသည် အရည်အချင်း ပြည့်ဝသော စစ်မဟာဗျူဟာ ပညာရှင်တစ်ယောက်ဖြစ်သာမက ယန္တယား ဗွာပ်များနှင့် စစ်ဆင်ရေးအတတ်တို့ကို ကောင်းစွာတတ်သိနားလည်သောသူ တစ်ယောက် ဖြစ်ကြောင်း ဗိုလ်ချုပ်ဘေရာလိုင်းက အောက်ပါအတိုင်း ရေးသား ဖော်ပြခဲ့ပါသည် -

" A NEW COMMANDER IN- CHIEF MIDDLE EAST WAS APPOINTED: THIS WAS GENERAL SIR HAROLE ALEXANDER, THE MOST SKILFUL STRATEGIST AND

www.burmeseclassic.com



**THE BEST POLITICAL BRAIN AT DISPARTIAL OF THE BRITISH EMPIRE. GENERAL SIR BERNARD LAW MONTGOMERY TOOK OVER COMMAND OF THE ENGLISH ARMY, ONE OF THE MOST UNCONVEN -TIONAL BUT ALSO MOST TALENTED OF THE BRITISH, GENERALS AN OUTSTANDING STRATEGIST WHO HAD A CLEAR UNDERSTANDING OF THE NATURE AND PROBLEMS OF MECHANIZED WARFARE ".**

တစ်ဖက်တွင် ဂျာမန်တပ်များကို ကွပ်ကဲခေါင်းဆောင်သော ဗိုလ်ချုပ်ရွန်းမဲလ်မှာလည်း အရည်အချင်းပြည့်ဝသော ဗိုလ်ချုပ်တစ်ယောက်ဖြစ်ပါသည်။ ပထမကမ္ဘာစစ်အတွင်းမှာပင် အရာရှိငယ်ဘဝဖြင့် တိုက်ခိုက်ခဲ့ရာ အလွန် ရဲစွမ်းသတ္တိနှင့်ပြည့်ဝပြီး စွန့်စွန့်စားစားတိုက်ခိုက်ခဲ့သဖြင့် သူရသတ္တိဘွဲ့ **IRON CROSS** ပင် ရရှိခဲ့သူဖြစ်၏။ ရွန်းမဲလ်ကို ဗြိတိသျှဝန်ကြီးချုပ်ဖြစ်သော ချာချီ **CHURCHILL** ကိုယ်တိုင်က ရဲရင့်ပြီး ထက်မြက်သော စစ်သူကြီးတစ်ယောက်ဖြစ်ကြောင်း ချီးကျူးခဲ့ပါသည်။ ထိုမျှတိုက်ရည်ခိုက်ရည် ကောင်းပြီး ရဲစွမ်းသတ္တိနှင့်ပြည့်စုံသော စစ်သူကြီးတစ်ဦးသည် မြေပြင်တွင် လက်တွေ့တိုက်ခိုက်နေသော်လည်း သူ၏အခြေအနေမှန်ကို မသုံးသပ်တတ်ဘဲ ၄င်းတင်ပြချက်များကို လက်မခံဘဲ နောက်ပိုင်းမှ တိုင်းပြည်အာဏာရှင် ဟစ်တလာ **HITLER** က မှားယွင်းမိုက်မဲသော အမိန့်များကို ပေးခဲ့လေသည်။ ထိုအမိန့်များကြောင့် ရွန်းမဲလ်သည် ဆုံးရှုံးမှု များနှင့် ရင်ဆိုင်ခဲ့ရလေတော့၏။

ထို့ကြောင့် တိုက်ပွဲအောင်မြင်ရေးတွင် ရှေ့တန်းမှတပ်မှူးသည် မည်မျှပင် အရည်အချင်းပြည့်ဝစေကာမူ နောက်ပိုင်းမှလိုအပ်ချက်များနှင့် စနစ်တကျထောက်ပံ့ကူညီမှုများ မပြုလုပ်ပါက ထိုတပ်မှူးသည် မည်သည့်နည်းနှင့်မျှ တိုက်ပွဲကိုနိုင်အောင်တိုက်နိုင်မည်မဟုတ်ကြောင်း သင်ခန်းစာ

www.burmeseclassic.com

www.burmeseclassic.com



ဖော်ထုတ်ရရှိပါသည်။ ရွှန်းမဲလ်သည် သူ၏တပ်များ အင်အားနည်းလာသည့်အတွက် ဟာစ်တလာထံအင်အားဖြည့်တင်းပေးရန် တောင်းခံခဲ့သော်လည်း မရခဲ့ပါ။ ထိုတိုက်ပွဲအတွက် အထူးလိုအပ်သော ဓာတ်ဆီ၊ ခဲယမ်း၊ ရိက္ခာများကို လုံလောက်စွာ ပို့မပေးသည့်အပြင် ဆုတ်ခွါမိန့်တောင်းသည်ကိုလည်း ခွင့်မပြုဘဲ ဆက်တိုက်ရန်သာ အမိန့်ပေးခဲ့ပါသည်။ ထို့ကြောင့် ရွှန်းမဲလ်က သူအလိုရှိတာက အမြောက်တွေ၊ လောင်စာတွေ၊ လေယာဉ်ပျံတွေသာ ဖြစ်တယ်၊ သူအလိုမရှိတာကတော့ ကြံ့ကြံ့ခိုင် ထိန်းသိမ်းရမယ်ဆိုတဲ့ အမိန့်ဖြစ်တဲ့အကြောင်း သူ့အနေနဲ့ အာဖရိကတိုက်ပွဲစဉ်တစ်လျှောက်လုံးမှာ ပထမဆုံးအကြိမ် ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားခဲ့ရကြောင်း အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည် -


" ARMS, PETROL AND AIRCRAFT COULD HAVE HELPED US, BUT NOT ORDERS, WE WERE COMPLETELY STUNNED, AND FOR THE FIRST TIME DURING THE AFRICAN CAMPAIGN I DID NOT KNOW WHAT TO DO ".

စစ်ပွဲတစ်လျှောက်အောင်မြင်ရေးမှာ နိုင်ငံခေါင်းဆောင်မှ အစရှဲဘော်အထိ ဆင့်ကဲဆင့်ကဲတာဝန်သိသိ ပူးပေါင်းဆောင်ရွက်မှုရှိရန် လိုအပ်ကြောင်းကို ဂျာမန်တပ်များဆုံးရှုံးခဲ့ရသည့်အဖြစ် ထိုအယ်လ်အာလာမိန်းတိုက်ပွဲမှ သင်ခန်းစာဖော်ထုတ်၍ ယူနိုင်ပါသည်။ ပူးပေါင်း ဆောင်ရွက်မှု၊ ရဲဘော်စိတ်ရှိမှု၊ အုပ်ချုပ်မှုကောင်းခြင်း၊ အခြေအနေမှန်ကို သုံးသပ်နိုင်မှုတို့သည် စစ်ပွဲအောင်မြင်ရေးအတွက် သော့ချက်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com





အယ်လ်အာလာမိန်းတိုက်ပွဲကြီးအား အနိုင်တိုက်ပြီးနောက်
တွေ့ရသည့် မောင်ဂိုမာရီ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

## နိဂုံး

အယ်လ်အာလာမိန်းတိုက်ပွဲတွင် နှစ်ဘက်သောတပ်တော်မှူးများ၏ အုပ်ချုပ်ကွပ်ကဲခေါင်းဆောင်မှုများကို လေ့လာခြင်းအားဖြင့် ကျွန်ုပ်တို့သည် သင်ခန်းစာများရယူနိုင်ပါသည်။ တိုက်ပွဲတွင် ခေါင်းဆောင်များသည် မည်မျှ အရေးကြီးကြောင်း ငယ်သားများ၏ယုံကြည်အားကိုးမှုရှိရန် ခေါင်းဆောင်များ သည် မည်သို့ကျင့်ကြံရမည်၊ မည်သည့်အရည်အချင်းနှင့် ပြည့်စုံရန် လိုအပ် သည်များကို ကျွန်ုပ်တို့လေ့လာသိရှိခဲ့ရပြီး ဖြစ်ပါသည်။ ယနေ့ ကျွန်ုပ်တို့ တိုင်းပြည်အခြေအနေအရ အရည်အချင်းပြည့်ဝသော စစ်ခေါင်းဆောင်များ သည် တပ်မတော်အတွက် အထူးလိုအပ်ပါသည်။ လက်ရှိဆင်နွှဲနေရသော စစ်ပွဲများသည် အတိတ်က ဆင်နွှဲခဲ့ရသောစစ်ပွဲများနှင့်စာလျှင် ခက်ခဲမှု ရှိပါသည်။ နောင်အနာဂတ်တွင် ယခုတွေ့ကြုံနေရသော စစ်ပွဲများထက် ပိုမို ခက်ခဲသောစစ်ပွဲများကို ရင်ဆိုင်ရမည်မှာ သေချာလှ ပါသည်။

ထိုကဲ့သို့ ခက်ခဲသောစစ်ပွဲများကို ဦးဆောင်၍ အောင်မြင်စွာ တိုက်ခိုက်နိုင်ရန်အတွက် အရည်အချင်းပြည့်ဝသော စစ်ခေါင်းဆောင်များက ဦးဆောင်၍ တိုက်ခိုက်ရန် အထူးလိုအပ်လှပါသည်။ တစ်ချိန်က တပ်မတော် တွင် စစ်သားဆိုးများမရှိ၊ အရာရှိဆိုးများသာ ရှိသည်ဟူသော ဆောင်ပုဒ် ရှိခဲ့ပါသည်။ ထိုဆောင်ပုဒ်ကို ပယ်ဖျက်၍ တပ်မတော်တွင် အရာရှိဆိုးလည်း မရှိ၊ စစ်သားဆိုးလည်း မရှိဟူသောဆောင်ပုဒ်အသစ်ကို ချမှတ်နိုင်ရန်အတွက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် အရည်အချင်းပြည့်သော စစ်ခေါင်းဆောင်များဖြစ်ရန် မိမိကိုယ် မိမိပြုစုပျိုးထောင်ကြရန် များစွာလိုအပ်ပါသည်။ မောင်ဂိုမာရီနှင့် ရွှန်းမဲလ် တို့သည် ကမ္ဘာကျော်စစ်ခေါင်းဆောင်ကြီးများဖြစ်ကြသည်ကို ကျွန်ုပ်တို့ လေ့လာတွေ့ရှိခဲ့ရပြီး ဖြစ်ပါသည်။ ၎င်းတို့၏ကောင်းမွန်သော အရည်အချင်း များကို အတုယူ၍ အရာရှိကောင်းများဖြစ်ရန် ပြုစုပျိုးထောင် လေ့ကျင့် လိုက်နာ ဆောင်ရွက်ကြရန် အထူးလိုအပ်လှပါသည်။

ယနေ့ကျွန်ုပ်တို့၏ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုကို ခံယူလျက် အနာဂတ်တွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် သစ်ကြီး ဖြစ်ပေါ်နိုင်ရေးအတွက် ကြိုးပမ်းတည်ဆောက်နေလျက် ရှိပါသည်။ ထိုသို့တည်ဆောက်နေချိန်တွင် ကျွန်ုပ်တို့သည် တပ်မတော်၏သားကောင်း ရတနာများအဖြစ် မိမိနိုင်ငံကာကွယ်ရေးနှင့် ထူထောင်ရေးအတွက် ပါဝင်ရန် အမှန်လိုအပ်လှပါသည်။ တပ်မတော်သည် တိုင်းပြည်တွင် အဆင့် အမြင့်ဆုံး လေ့ကျင့်ဖွဲ့စည်းထားသောအဖွဲ့အစည်းတစ်ရပ်ဖြစ်ပါသည်။ ကျွန်ုပ်တို့ နိုင်ငံ၏ သမိုင်းစဉ်ကို ပြန်လည်လေ့လာကြည့်ပါက တိုင်းပြည်တွင် တပ်မတော် စွမ်းအားထက်လျှင် ထက်သလို တိုင်းပြည်တည်တံ့ခိုင်မြဲမှု ရှိခဲ့၏။ တပ်မတော် ညံ့လျှင် ညံ့သလို တိုင်းပြည် ယိမ်းယိုင်ခဲ့သည်ကိုလည်း တွေ့ရှိနိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ဤကဲ့သို့ သမိုင်းစဉ်တွင် ဖြစ်ပေါ်ခဲ့သော စစ်ပွဲကြီးများမှ ခေါင်းဆောင်ကြီးများ၊ စစ်သူကြီးများ၏ ကွပ်ကဲအုပ်ချုပ်ပုံများကို လေ့လာပြီး တပ်မတော်အရာရှိများ၏ မရှိမဖြစ်သော အရည်အချင်းများ ဖြစ်သည့် စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည် အစရှိသည့် အရည်အချင်းများနှင့် ပြည့်ဝသော တပ်မတော် ခေါင်းဆောင်များ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာနိုင်ရေးအတွက် အထူးလေ့ကျင့်အားထုတ်၍ စစ်ပညာရပ်များကို လေ့လာမှတ်သားကြပါရန် လေးနက်စွာ တိုက်တွန်းလျက် နိဂုံးချုပ်အပ်ပါသည်။

ကြည်း ၈၆၇၉ ဗိုလ်မှူးကြီးကိုလေး (အငြိမ်းစား)

စစ်သူကြီးတစ်ဦးတွင် မရှိမဖြစ်သည့် အရေးကြီးဆုံးသော အရည်အချင်းများမှာ ပထမအရေးအခင်းကြီးငယ်မဟူ အခါခပ်သိမ်းပိုင်နိုင်စွာ ဆုံးဖြတ်လုပ်ဆောင်နိုင်စွမ်းသည် ကြံ့ကြံ့ခိုင်သော နှလုံးရည်နှင့် ဒုတိယမည်သည့်အရာကိုမျှ ဘာမထီသော လွှက်ရုံးရည်တို့ ဖြစ်သည်၊

ဂျိုမီနီ

မောင်ဂိုမာရီရော ရွှန်းမဲလ်ပါ အထက်ဖော်ပြပါ အရည်အချင်း မျိုးရှိသူများ ဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



# မှီငြမ်းကိုးကားသည့် စာအုပ်များစာရင်း

၁။ THE MEMOIRS OF FIELD MARSHAL MONTGOMERY.

၂။ EL ALAMEIN TO THE RIVER SANGRO, BY FIELD MARSHAL MONTGOMERY.

၃။ MONTGOMERY A BIOGAPHY, BY ALAN MOORE HEAD.

၄။ THE FATAL DECISIONS, EL ALAMEIN, BY LIEUTENANT GENERAL FRITZ BAYERLEIN.

၅။ THE ROMMEL PAPERS, EDITED BY B. H. LIDDELL HART.

၆။ MONTY, THE MAKING OF A GENERAL BY NIGEL HAMILTON.

၇။ THE LONELY LEADER, MONTY BY ALISTAIR HORNE WITH DAVID MONTGOMERY.

၈။ A LIFE OF FIELD MARSHAL ERWIN ROMMEL BY DAVID FRASER.

၉။ GREAT MILITARY BATTLES BY CYRIL FALLS.

www.burmeseclassic.com

www.burmeseclassic.com



၁၀။ THE NORTH AFRICAN CAMPAIGN BY BISHESHWAR PRASAD.

၁၁။ THE BATTLE OF EL ALAMEIN BY FRED MAJDALANY.

၁၂။ THE BATTLE OF EL ALAMEIN BY FRITZ BAYERLEIN.

၁၃။ ကွပ်ကဲမှု လမ်းညွှန်စာစောင် (စစ်ဦးစီးတက္ကသိုလ်)

၁၄။ ခေါင်းဆောင်မှုစာစောင် (စစ်ဦးစီးတက္ကသိုလ်)

၁၅။ စစ်ပညာဂျာနယ်များ (လေ့ကျင့်ရေးညွှန်ကြားရေးမှူးရုံး)

၁၆။ ရွှန်းမဲလ် (ဇေယျကျော်ထင် ဒု-ဗိုလ်မှူးကြီးမောင်ဘို)

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏ကိုယ်ရေးအကျဉ်း



ဗိုလ်မှူးကြီးကိုလေး(အငြိမ်းစား)

၁၃၀၀ ပြည့်နှစ်၊ တန်ခူးလဆန်း(၁၃)ရက်နေ့တွင် စစ်ကိုင်းမြို့၌ အဖ ဦးလှမောင်၊ အမိ ဒေါ်မမကြီးတို့မှ ဖွားမြင်သည်။ စစ်ကိုင်းမြို့နယ်၊ ရွာသစ်ကြီး၊ ရွှေစေတီဘုန်းတော်ကြီးကျောင်းနှင့် မန္တလေးမြို့ ရေရှင်နယ်(ဗဟိုအမျိုးသားအထက်တန်းကျောင်း)တွင် မူလတန်းနှင့် အထက်တန်းပညာများ သင်ကြားခဲ့ပြီး ၁၉၅၄ ခုနှစ်တွင် တပ်မတော်(ရေ)သို့ ဝင်ရောက်အမှုထမ်းသည်။ အင်္ဂလန်နိုင်ငံသို့ အင်ဂျင်နီယာပညာတော်သင်အဖြစ် စေလွှတ်ခံရပြီး ၁၉၅၆ ခုနှစ်မှ ၁၉၅၉ ခုနှစ်ထိ တက္ကသိုလ်ပညာရပ်များကို ဆက်လက် သင်ယူခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် တပ်မတော်(ကြည်း)တွင် ပြန်တမ်းဝင်အရာရှိအဖြစ်ခန့်အပ်ခံရပြီး ဗိုလ်မှူးကြီးအဆင့်အထိ မြန်မာနိုင်ငံအနှံ့ တာဝန်ကျရာတပ်အသီးသီးသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးနှင့်လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းဌာနနှင့် ယာဉ်နှင့်စက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းတို့တွင် အထွေထွေမန်နေဂျာ၊ ဦးဆောင်ညွှန်ကြားရေးမှူး တာဝန်များကို ထမ်းဆောင်ခဲ့ပြီး ၁၉၈၈ခုနှစ်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်တာဝန် ထမ်းဆောင်သည်။

စာရေးသူသည် စွယ်စုံရအားကစားသမားတစ်ဦးဖြစ်ပြီး ဘော်လီဘော၊ သေနတ်ပစ်နှင့် ပြေးခုန်ပစ်တို့တွင် မြန်မာ့လက်ရွေးစင်အဖြစ် နှစ်ပေါင်းများစွာ နိုင်ငံကိုယ်စားပြုခဲ့သည်။ တပ်မတော်(ရေ)တပ်တွင်အမှုထမ်းစဉ် တပ်မတော်(ရေ)ထူးတဲံဆောင်ဘွဲ့နှင့် အဏ္ဏဝါမောင်ဘွဲ့များ ရရှိခဲ့သည်။ အားကစားကိုထူးချွန်စွာလိုက်စားခဲ့သည့်အပြင် မြန်မာနိုင်ငံအားကစားမြှင့်တင်ရေးလုပ်ငန်းများတွင် ယနေ့တိုင် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် ၁၉၉၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီမှ "OLYMPIC MOVEMENT UNITY TROPHY" ကို ချီးမြှင့်ခြင်းခံရသည်။

စာပေအနုပညာဝါသနာရှင်တစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံစာပေနှင့်အနုပညာလုပ်ငန်းရပ်များ တိုးတက်ဖွံ့ဖြိုးရန် ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိသည်။

www.burmeseclassic.com